500ကျပ်

ဗုဒ္ဓစာပေဆုရ

ချစ်ငယ်၊ ဒေသန၊

အရိယာ ရဟန္တာ နိဗ္ဗာန်
ဝိပဿနာ ကျင့်စဉ်
ဆွေးနွေးခန်းများ

(ယင်းဓမ္မဂျာနယ်တွင်ဖော်ပြပြီးဆောင်းပါးများနှင့်အတူ . . .)

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်ကံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပမာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်
ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်
နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်
သတ်မှတ်ချေမှုန်းကြ။

အဓိယာ၊ ရဟန္တာ၊ နိဗ္ဗာန်
ဝိပဿနာကျင့်စဉ်ဖော်ပြနှံခန်းများ

ချစ်ငယ်(ဒဿန)

စာမူခွင့်ပြုချက်အမှတ် [၂၅၉/ ၂၀၀၁ (၄)]

မျက်နှာပုံးခွင့်ပြုချက်အမှတ် [၂၃၀/ ၂၀၀၁(၄)]

ပထမအကြိမ်ပုံနှိပ်ခြင်း

၂၀၀၂ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ - ၁၀၀၀

ကျောက်ဖိုး -၅၀၈၁-

မျက်နှာပုံးအနုပညာ

စိုးစိုး(Star Colour Repro)

ကွန်ပျူတာစာစီ

စံ ၁၂၉၊ ၃၄လမ်း၊ ကျောက်တံတား

စာအုပ်ချုပ်

လှိုင် ကိုတင်အေး [၂၆၅/၁၊ လမ်း-၄၀(အထက်)]

အပုံးပုံနှိပ်သူ

ဦးတိုးဝင်း၊ နေလရောင်ဒေါ့(ဖ်)ဆက်

၉၆၊ (၁၁)လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ

ဦးနိုင်နိုင်အောင်(ဝ၆၅၇၀)၊ ရတနာဝင်းပုံနှိပ်တိုက်

အမှတ်-၁၉၂၊ ၃၁-လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ရှိန်၊ စန်းရောင်ရှိန်စာပေ

အမှတ် ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊

မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။

ချစ်ငယ်(ဒဿန)

၏

ဇရေး သား ပြီး တာ အုပ် များ

၁၊ ကျွန်ုပ်၏ထိုးထွင်းသိမြင်မှုနှင့်ဒဿနအမြင်

၂၊ စွမ်းအင်ထုးခြားပြစ်ရပ်များ

၃၊ အခြိန်ဒဿနတစုများ

၄၊ လွတ်မြောက်မှုဆိုင်ရာဒဿနအမြင်(ဗုဒ္ဓတာပေဆုရ)

၅၊ အခြိန်၏ဒဿန(ဒုတိယအကြိမ်)

၆၊ ဗုဒ္ဓဘာသာဇရေးရာနှင့်ဒဿနအမြင် (ဒုတိယအကြိမ်)

၇၊ မိုးလားကဲလား

၈၊ သိပ္ပံပညာရှင်များနှင့်စကြဝဠာ

ယခု

၉၊ အရိယာ၊ ရဟန္တာ၊ နိဗ္ဗာန် ဝိပဿနာကျင့်စဉ်ဆွေးနွေးခန်းများ
(မင်းဓမ္မရာနယ်တွင် ဖော်ပြပြီးဆောင်းပါးများအပါအဝင်)

မာတိကာ

ဆွေးနွေးခန်း အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ဝိပဿနာတရားသည် လူ့ဘဝမှာ မလုပ်မဖြစ်သောအရာ	၉
၂။	အကြားအမြင်	၁၅
၃။	နိဗ္ဗာန်နှင့်စေတသိက်	၂၁
၄။	ဉာဏ်အကြောင်း	၂၄
၅။	မြန်မာပြည်မှာ သာသနာရှိသည်	၃၅
၆။	နိဗ္ဗာန် ပရမံ သုခံ	၃၉
၇။	အရိယာတို့၏ သဘောသဘာဝ	၄၃
၈။	ဝိပဿနာတရားကျင့်နည်း	၄၇
၉။	ရဟန္တာများအကြောင်း	၅၁
၁၀။	ခက်ခဲနက်နဲသောအဝိုင်း	၅၅
၁၁။	လောကုတ္တရာအကြောင်း	၅၉
၁၂။	အရိယာလေသံနှင့် ပုထုစဉ်လေသံ	၆၃
၁၃။	အရိယာဖြစ်ချင်လျှင်	၆၇
၁၄။	လောကအမြင်	၇၃
၁၅။	ခံစစ်နှင့်တာဝန်	၇၉
၁၆။	ထေရဝါဒတည်ရာအခြေအနေ	၈၃
၁၇။	လက္ခဏာရေးအကြောင်း	၈၇
၁၈။	အပျက်မြင်မဂ္ဂင်	၉၁
၁၉။	ဝိပဿနာ၏ခက်ခဲနက်နဲအကျိုးရှိနိုင်ပုံ	၉၅
၂၀။	ဆရာကောင်းသမားကောင်း	၉၉

မာတိကာ

ဆွေးနွေးခန်း
အမှတ်စဉ်

အကြောင်းအရာ

စာမျက်နှာ

၂၁။ တပည့်ကောင်း၏အရည်အချင်း ၁၀၃
၂၂။ လမ်းရှင်းရခြင်း ၁၀၇
၂၃။ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ဖို့ မလွယ်ဘူး ၁၁၃
၂၄။ မြတ်ဗုဒ္ဓအလိုတော်ကျ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ရန် ၁၁၇
၂၅။ နိဗ္ဗာန်မျက်မှောက်ပြုရန် ၁၂၅
၂၆။ တရားတော်၏ထူးခြားပုံ ၁၃၁
၂၇။ တရားတော်၏ပရောဂ်ရဲနိုင်သောဂုဏ် ၁၃၇
၂၈။ ဗုဒ္ဓဘာသာဝင်ဖြစ်လျှင် ၁၄၁
၂၉။ လောကသားတွေတရားရိပ်အောက် ခိုကိုးစေချင်ပုံ ၁၄၇
၃၀။ လူတွေ ကုသိုလ်ကံ ကောင်းစေရန် ၁၅၃
၃၁။ နိဗ္ဗာန်၏ချမ်းသာပုံ ၁၅၉
၃၂။ နိဗ္ဗာန်နှင့် သာသနာ့ဥာဏ် ၁၆၃
၃၃။ ပဂ္ဂိုလ်တစ်ဦးရဟန္တာဖြစ်ပုံ ၁၆၇
၃၄။ အကြောင်းချုပ်လျှင် အကျိုးချုပ်ပုံ ၁၇၁
၃၅။ အရိယာနှင့် နိဗ္ဗာန် ၁၇၇
၃၆။ အရိယာအကြောင်း ၁၈၃
၃၇။ တရားအားထုတ်ကောင်းရန် ၁၈၇
၃၈။ မေတ္တာပို့ခြင်းနှင့် အောင်မြင်သောဘဝ ၁၉၁
၃၉။ နိဂုံးချုပ်ပါပြီ ၁၉၅

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၁)

ဝိပဿနာတရားသည် လူ့ဘဝမှာ မလုပ်မဖြစ်သောအရာ

အောင်စာပေ

ငယ် ကိုနန်းအောင်... လာဗျာ။ ထိုင်... ။
တရားလေးဘာလေး ဆွေးနွေးရအောင်... ။

နန်း ရပါတယ်။ ကိုချစ်ငယ်... ။ ဆွေးနွေးပါ။

ငယ် ဝိပဿနာတရားကတော့ လူ့ဘဝမှာ မလုပ်လို့မဖြစ်တဲ့... ၊ မရှိလို့ မဖြစ်တဲ့အရာပဲပေါ့နော်။

နန်း ဟုတ်တာပေါ့ဗျာ။ ဗုဒ္ဓဘာသာတွေအဖို့တော့ ဝိပဿနာတရား မလုပ်လျှင် ဘာလုပ်မှာလဲ။

ငယ် ခင်ဗျားလည်း ဝိပဿနာတရားကို ရာသက်ပန်လုပ်မယ်လို့ ဆုံးဖြတ်ထားတယ်နဲ့တူတယ်။

နန်း ကျွန်တော်တို့ ခံယူရတဲ့အဆိုအဆုံးမထဲမှာ ဆယ်ရက်စခန်း၊ တစ်လစခန်း ဆိုတာမရှိဘူး။ ရာသက်ပန်စခန်းပဲ ရှိတယ်။ တရားဆိုတာ ရာသက်ပန်လုပ်ရမှာပဲ၊ ငါးရက်စခန်းပြီးတာနဲ့ တရားကိုပစ်ပယ်လိုက်တယ်ဆိုတာမျိုး အဆုံးအမ မရှိဘူး။

ငယ် ဟုတ်ပါတယ် ကိုနန်းအောင်... ။ ကိုနန်းအောင် ဆရာကောင်း ဆရာမြတ်ဖူးတွေ့.ခွင့်ရခဲ့တယ်ဆိုတာ ကျွန်တော် ယုံပါတယ်။

နန်း ဒီလောကမှာ လောကုတ္တရာကိစ္စအဝဝ ဆရာကောင်းတွေ့.ဖို့ အလိုအပ်ဆုံးပဲ ကိုချစ်ငယ်ရဲ့။

ငယ် ကျွန်တော် သဘောပေါက်ပါတယ် ကိုနန်းအောင်။

နန်း ဆရာကောင်းဆရာမြတ်ဆိုတာ ကိုယ့်ရှေ့က ကိုယ်မတွေ့.ဘူးတာတွေတွေ့.ဖူးတယ်။ ကိုယ်မသိဘူးတာတွေ သိမြင်ဖူးတယ်။ ဒီတော့ အားကိုးရတာပေါ့ဗျာ။

ငယ် ဆရာကောင်းဆိုတော့လည်း တပည့်သားသမီးအပေါ် မေတ္တာကရုဏာရှိတာပေါ့။

နန်း မှန်ပါတယ် ကိုချစ်ငယ်... ။ ကျွန်တော့်အတွေ့.အကြုံအရတော့ ဆရာကောင်းရဲ့မေတ္တာဟာ အံ့သြလောက်စရာပါဗျာ။

ငယ် ဝမ်းသာပါတယ်ဗျာ။
ခင်ဗျားရဲ့ကုသိုလ်ကံနဲ့ အမှန်ဆင်ခြင်တတ်ပုံတွေအတွက် သာဓုလည်း ခေါ်ပါတယ်။

နန်း တပည့်လုပ်သူကလည်း တပည့်တာဝန်တော့ ကျေရတာပေါ့ဗျာ။ ဒါမှလည်း ဆရာ့မေတ္တာကို ခံယူခွင့်ရမှာ။

ငယ် မှန်ပါတယ်၊ ကြောင်းကျိုးဆီလျော်ပါပေတယ်။ ဒါနဲ့... ကိုနန်းအောင် ကျွန်တော် တစ်ခုမေးမယ်ဗျာ။

နန်း မေးပါဗျာ... ။

ငယ် ခင်ဗျား တရားကျင့်တာ ကျွန်တော် သိတယ်။ အဲ... ခင်ဗျား ဘယ်လိုနေလဲ။ ကျွန်တော် ဆိုလိုတာက... ခင်ဗျားတရားပေါက်မြောက်ဘူးလား။ အတော်အသင့် အတိုင်းအတာအထိပေါ့ဗျာ။

နန်း ပေါက်မြောက်ဘူးပြီလားဗျာ။ ဒါပေမယ့် ခင်ဗျားသုံးနှုန်းလိုက်တဲ့ အတော်အသင့် အတိုင်းအတာအထိပေါ့။

ငယ် တရားပေါက်မြောက်တော့ ခင်ဗျားဘယ်လိုနေလဲ။

နန်း ကောင်းတာပေါ့ဗျာ။ နေတက်ထိုင်တက်သွားတာပေါ့။ ထူးခြားတာကတော့ တရားအကြောင်းပြောမိကြလျှင် ပိုသိသာတယ်။ ပိုဝင်စားမိတာပေါ့။

ငယ် စကား... စကားပြောပါများ...
စကားထဲက ဇာတိပြဆိုတာမျိုးနေမှာပေါ့နော်။

နန်း ဟုတ်မယ်ဗျ... ။ တရားအကြောင်းပြောရလျှင် အရသာရှိတယ်။ မရောင့်ရဲဘူးပေါ့ဗျာ။ ဥပမာ... ကိုချစ်ငယ်လို ပြောလို့... ဆွေးနွေးလို့ကောင်းတဲ့ ပုဂ္ဂိုလ်မျိုးနဲ့ပေါ့။

ငယ် ခင်ဗျားက အဲဒီလိုအသိအမှတ်ပြုတာ ဝမ်းသာပါတယ်။ ကျွန်တော်က ကျင့်နေဆဲပုဂ္ဂိုလ်ပါဗျာ။

နန်း သာဓုခေါ်ပါတယ်ဗျာ။

ငယ် ကိုနန်းအောင်ရေ...

ကျွန်တော် တစ်ခုမေးပါရစေ။ ခင်ဗျားရဲ့သမာဓိအခြေအနေလေး... ။

နန်း ဟာ... ကိုချစ်ငယ်ကလည်း ကျွန်တော် ပြောမယ်... ။

အခု ခင်ဗျားသောက်နေတဲ့ ရေနွေးကြမ်းပန်းကန်ထဲက ရေနွေးထဲကို ကျွန်တော် စိတ်ဝင်စားလို့ကိုမယ်ဗျာ၊ ကျွန်တော့်စိတ်ဟာ တစ်ခါတည်း ခင်ဗျားရဲ့လက်ဖက်ရည်ကြမ်းထဲမှာ ဝင်စားတယ်... ။ တခြားဘယ်မှ မရောက်ဘူး။

ငယ် ဟာ... ကိုနန်းအောင်... ။

ခင်ဗျား.... ဒါတော့ အတော် တော်ဟာပဲ၊ အတော်ကောင်းတဲ့သမာဓိပဲဗျ။

နန်း ကိုချစ်ငယ်ရယ်... ဒါလောက်မှ ကျွန်တော် အခြေခံမကောင်းလျှင် ဒီလို တောတောင်မှာ ဘယ်လိုလုပ် ဟရား့ထိုင်နေမှာလဲ၊ (ကိုနန်းအောင်သည် မန္တလေး-ပြင်ဦးလွင်ကားလမ်း၊ မြောက်ဘက်ရှိ ဆိတ်သဲတောင်ခြေ၊ ဓမ္မသိဒ္ဓိလိုဏ်ဂူ၌ တရား့အား့ထုတ်နေစဉ်ဖြစ်ပါသည်။)

ငယ် အေးဗျာ... ။ ကျွန်တော်လည်း ဗဟုသုတရတာပေါ့။

ဟစ်ခုတော့ကြားဘူးတယ်၊ မင်းကွန်းဆရာတော်ဘုရားကြီးက စာတစ်ပုဒ် အလွတ်ပြန်လျှင် စာမျက်နှာပါ မှတ်မိတော်မူတယ်တဲ့။

နန်း ဆရာတော်အကြောင်းလည်း ခင်ဗျားအသိပဲလေ။

ဘယ်လောက်သမာဓိကောင်းတယ်ဆိုတာ... ။

ဒါပေမယ့် လူတွေက ကိုယ့်လူမျိုးအချင်းချင်းကျ သိပ်အထင်မကြီးချင်ကြဘူး။ နိုင်ငံခြားသားတွေ ဘာတွေကျမှ အထင်ကြီးချင်ကြတာ။

ငယ် ဒါ... ပြီးသွားပါပြီ၊ အဲဒီခေတ်ကုန်သွားပါပြီ ကိုနန်းအောင်ရယ်။

နန်း အဲဒီခေတ်ကုန်သွားပေမယ့် ကျန်တာက ကျန်နေသေးတယ် ကိုချစ်ငယ်ရဲ့။

ငယ် ဘာတွေများ ကျန်နေသေးလို့လဲဗျာ။

နန်း ကျွန်တော့်ကိုလည်း အထင်မကြီးကြဘူး။ ကျွန်တော် အကြားအမြင် ရတယ်ဆိုတာကိုလည်း မယုံကြည်ချင်ကြဘူး။

ငယ် ဟာ... ခင်ဗျားကလည်း ပေါ်တင်ကြီးပါလား။

နန်း ပေါ်တင်ကြီးပဲလေ... ။ ကျွန်တော်က လူရိုးလူဖြောင့် စိတ်တိုဆိုတာ ခင်ဗျားလည်း သိသားနဲ့။

ငယ် ဒါက ဒီလိုရှိတယ်၊ ခင်ဗျား အကြားအမြင်ရတာကို ဘယ်သူကမှ ထပ်ပြီး အကြားအမြင်မရလို့ဗျ။ ကျွန်တော်ဆိုလိုတာက ခင်ဗျားမြင်တာ ကြားတာ တွေကို ဘယ်သူကမှ မမြင်ကြဘူး၊ မကြားကြဘူးလေဗျာ။

နန်း သူတို့မမြင်မကြားတိုင်း ကျွန်တော်က မမြင်မကြားဖြစ်ရတော့မှာလား။ ဒီလိုဆို အမှန်တရားရှိတာ တိမ်မြုပ်ပျောက်ကွယ်သွားတော့မှာပေါ့။

ငယ် မဟုတ်ဘူးလေဗျာ။ ခင်ဗျားမြင်တာ ကြားတာတွေကို သူတို့က ကန့်ကွက်နေတာ မဟုတ်ဘူး။ မထောက်ခံတာ။ ကန့်ကွက်တာနဲ့ မထောက်ခံတာ ရဲ့ကြားထဲမှာ နေရာတွေ အများကြီးရှိနေသေးတာပဲ။ ခင်ဗျားလည်း ယုတ္တိဗေဒတတ်ရဲ့သားနဲ့။ သူတို့က ခင်ဗျားကို မမြင်ရဘူး၊ မကြားရဘူး လို့ ပြောနေတာမဟုတ်ဘူး။ ခင်ဗျား မြင်တာကြားတာကို မယုံကြည်ဘူး လို့ပဲပြောတာ၊ ဒါကတော့ သူတို့ရဲ့ယုံကြည်မှုပဲလေ။ နောက်ပြီး အခြား တစ်ဖက်ကတော့ ခင်ဗျားရဲ့အမြင်တွေ၊ အကြားတွေကိုလည်း နေရာ တကာမှာ လက်တွေ့ပြလို့မှမရတာ။

နန်း ဟာ... ဒါတော့ နေရာတကာမှာဆို ဘာမှ လက်တွေ့မပြနိုင်ဘူးဗျ၊ အခြေ အနေ ထောက်ကူချက်မှန်ရာ ကန်ရာမှာသာ လက်တွေ့ပြနိုင်မှာပေါ့။

ငယ် ဟုတ်တယ်လေ... ။ ဒါက ခင်ဗျားနဲ့ ကျွန်တော်ပဲ သိကြတာ မဟုတ်လား။ နေရာတကာ လက်တွေ့ပြလို့မရဘူးဆိုတာ... ။

နန်း ဒီလူတွေက မြန်မာတွေဆိုလျှင်ကို အထင်သေးလွယ်ပါတယ်ဗျာ။ အမေ ကျော် ဒွေးတော် လွမ်းချင်ကြတယ်၊ တကယ်တော့ သိပ္ပံမှာလည်း လက် တွေ့ပြချင်လျှင် အခြေအနေထောက်ကူချက်တွေ စီစဉ်ရတာပါပဲ။ ရုပ်မြင်

သံကြားကြည့်ချင်လျှင်တောင် ရုပ်မြင်သံကြားစက်ဆိုင်ရာ ကိရိယာတွေ လိုသေးတာပဲ။

ငယ် ကဲ... ဒါဖြစ်ရင် ခင်ဗျားဒီလိုလုပ်ပါလား။

ခင်ဗျားရဲ့အမြင်အကြားထဲက သက်သေပြလို့ မရတာတွေကိုချန်ထား... သက်သေပြလို့ရနိုင်တဲ့ လက်တွေ့အလုပ်ဖြစ်နိုင်တဲ့ ကဏ္ဍာတွေကို ဖော်ထုတ်... ဒါဆို ပရိသတ်ကလက်ခံမှာပဲ။

နန်း ဒီလူတွေက မြန်မာဆို အထင်သေးတယ်နော်။

ငယ် ဟာဗျာ... ။ လမ်းစဉ်မှန်ကျင့်စဉ်မှန်ရဲ့ရလာဒ်ကို ဘယ်သူက တာရှည် ငြင်းဆန်နိုင်မှာလဲ။

နန်း ဒီလိုဆို အစီအစဉ်တစ်ခုလုပ်မယ်ဗျာ... ဟုဆိုကာ ကိုနန်းအောင်သည် သူ၏အစီအစဉ်ကို ကိုချစ်ငယ်အား ထုတ်ဖော်ပြောဆိုတိုင်ပင်ခဲ့လေသည်။

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၂)

အကြားအမြင်

အောင်စာပေ

ငယ် ကိုနန်းအောင်... အကြားအမြင်နဲ့ပတ်သက်လို့ ရိုးရိုးလူနားလည်အောင် ကျွန်တော့်ကို ရှင်းပြဗျာ။ ရိုးရိုးလူဆိုတာ... ဒီကိစ္စနဲ့ပတ်သက်လို့ အထူးပြုလေ့လာထားသူ မဟုတ်သူကို ဆိုလိုတယ်ဗျာ။

နန်း ကိုချစ်ငယ်ရယ်... ဗုဒ္ဓဘာသာအရ လူမှာစိတ်ရှိတယ်ဗျာ... သိ-သိနေတဲ့ သဘောလေးရှိတယ်ပေါ့ဗျာ။

ငယ် ဟုတ်ပြီ...

နန်း အဲဒီစိတ်ဟာ စေတသိက်နဲ့တွဲတယ်ဗျာ။ ညစ်ထေးတဲ့ စေတသိက်တွေနဲ့ တွဲလျှင် ဒီစိတ်ကလေးကလည်း ညစ်ထေးသွားရတယ်ပေါ့ဗျာ။

ငယ် နားလည်တယ်ဗျာ... ဟုတ်ပြီ... ။

နန်း အဲဒီညစ်ထေးတဲ့စိတ်ကို ကျင့်စဉ်တစ်ခုခုနဲ့ ဝိပဿနာဖြစ်စေ၊ သမထဖြစ်စေ တစ်နည်းနည်းနဲ့ ဆေးကြောလျှင် စိတ်ရဲ့ညစ်ထေးမှုတွေ လျော့ပါးသွားတယ်ပေါ့ဗျာ။ ဒီနေရာမှာ ခင်ဗျားပြောထားတဲ့ ရိုးရိုးလူအတွက် ရည်ညွှန်းလို့ ညစ်ထေးတဲ့စိတ်လို့ သုံးနှုန်းရတာ၊ သိသာလွယ်အောင်လို့။ တကယ်တော့ စိတ်ဆိုတာ မူလဘူတ အရှိပြကတိက ဖြူစင်တောက်ပခြင်းသဘောနဲ့ယှဉ်တယ်။ ဒါပေမဲ့... လောဘ၊ ဒေါသ၊ မောဟ စတဲ့ အညစ်အကြေးမာတ်တွေနဲ့ ပူးပေါင်းမိတဲ့အခါ နောက်ကျိသွားတာ၊ ညစ်ထေးသွားတာ၊ ဒါ ထားပါတော့ဗျာ... ။ စိတ်ကိုကြည်လင်ဖြူစင်အောင် ဝိပဿနာ သမထ စတဲ့ ကျင့်စဉ်မြတ်တွေနဲ့ ကျင့်ကြံအားထုတ်ရတယ် ဆိုတာ သိလျှင်တော်ပါပြီ။

ငယ် သိပါပြီတဲ့ဗျာ... ၊ ကဲ... ဆက်သာပြောပြ။

နန်း ဒီနေရာမှာ ကျွန်တော် ကျင့်သုံးတဲ့နည်းဟာ ဝိပဿနာနည်းဖြစ်တယ်၊ ကျွန်တော့်ဆရာမြတ်ကြီးက ကျွန်တော့်ကို သွန်သင်ပြထားတာ၊ လက်ထပ်သင်ပေးထားတာ ဆိုပါတော့ဗျာ၊ အခြားပုဂ္ဂိုလ်တွေ ဘယ်ပုံဘယ်နည်း ကျင့်တယ်ဆိုတာကတော့ တစ်ကယ်မသွားပေါ့ဗျာ။

ငယ် ဟုတ်ပြီ... ရှင်းတယ်၊ ဒီတော့... ခင်ဗျားကျင့်တဲ့နည်းနဲ့ ခင်ဗျား ဘယ်လို အမြင်ရတယ်ဆိုတာ ရှင်းပြ... ။

နန်း ဝိပဿနာဆိုတာကတော့ အပျက်ရှုရတဲ့နည်းပဲပေါ့ဗျာ။ ပေါ်လာတဲ့စိတ်ကလေးကို ပျက်တယ်လို့ ရှုရတာပါပဲ။ အဓိပ္ပာယ်ကတော့ ပေါ်လာတဲ့စိတ်ကလေးဟာ ပိုမိုဖြူစင်သန့်ရှင်းမှု လိုအပ်နေသေးတယ်၊ လက်ရှိဖြစ်ပေါ်လာတဲ့စိတ်ကလေးရဲ့ ဖြူစင်မှုကို အားမရသေး မလိုလားသေးဘူး၊ လက်မခံနိုင်သေးဘူး။ ဒီတော့ မင်းအပျက်ပဲဆိုတဲ့နည်းနဲ့ ပိုမိုသန့်စင်အောင် ကြိုဆောင်ကျင့်သုံးလိုက်တဲ့ သဘောပါပဲ။

ငယ် အဲဒီလိုလုပ်လိုက်တော့ စိတ်ကလေးက ပိုမိုဖြူစင်သန့်ရှင်းသွားတယ်လား?။

နန်း သူ့အရှိကို လက်မခံဘဲငြင်းဆန်လိုက်တော့ သူ့အရှိအညစ်အကြေးဟာ အားလျော့သွားတာတော့ သေချာတယ်ဗျ၊ ဒါ ကျွန်တော့်ကိုယ်တွေ့ကျင့်စဉ်ပဲ အနည်းဆုံး ကျွန်တော့်အဖို့ အဲဒီအတိုင်းဖြစ်တယ်။ လောဘ၊ ဒေါသ၊ မောဟနဲ့တွဲပြီး ပေါ်လာတဲ့ စိတ်ကိုလက်မခံဘဲ ပယ်ချလိုက်တိုင်း လောဘ၊ ဒေါသ၊ မောဟ အညစ်အကြေးလျော့သွားရတာ ဒါ ဓမ္မတာတရားလမ်းစဉ်ပဲ ကျွန်တော် ယုံတယ်။

ငယ် ခင်ဗျား.... ယုံကြည်ချက်ဟာ ကြောင်းကျိုးဆီလျော် ညီညွတ်မှု ရှိပါတယ်၊ လက်တွေ့ဖြစ်ရပ်တွေနဲ့လည်း ကိုက်ညီနေတာပဲ။

ဥပမာ။ ။ ထင်းမီးဖိုတစ်ဖိုမှာ ထင်းထပ်မထည့်လျှင် မီးအရှိန်လျော့သွားရမှာပေါ့၊ နောက်ဆုံးငြိမ်းတောင် သွားလိမ့်ဦးမယ်။

နန်း အဲ... ဟုတ်တယ်ဗျ။ အဲဒါ တရားသဘောပဲ၊ ခင်ဗျားစကားက ပိုအဆင့်အတန်းမြင့်မားပါတယ်။

ငယ် သြော်... ကျွန်တော့်ကို လူပိန်းလိုထားပြီး ရှင်းပြပါဆိုနေကာ ခင်ဗျားက ပြန်လှန်ထောက်ခံနေပြန်ပြီလား။

နန်း မဟုတ်ဘူးလေဗျာ၊ ဒါက တရားက တရားပဲ၊ ကျွန်တော် ရှင်းပြရမှာက ရှင်းပြရမှာပဲ၊

ငယ် ကဲ... ဆက်ပြီးရှင်းပြဗျာ။

နန်း ပေါ်လာတဲ့ စိတ်ကလေးကို ဘာစိတ်ပဲဖြစ်ဖြစ်ပေါ့ဗျာ၊ လက်မခံဘူး။ မင်းဟာ အပျက်တရားလေးဖြစ်တယ်ဆိုပြီး ငြင်းပယ်ဖန်များတော့ နောက်ပိုင်းဖြစ်ပေါ်လာတဲ့ စိတ်ကလေးဟာ ဖြူစင်ကြည်လင်မှု အဆင့်မြင့်ပြီး ကြည်လင်လွန်းလာတဲ့အခါ လောကဝန်းကျင် အရိပ်တွေ ထင်ဟပ်လာတယ်ပေါ့ဗျာ။ အဲဒီတော့ အမြင် စ,လာတာပေါ့။

ငယ် အမြင်ဆိုတာ စိတ်ကြည်လင်မှုအပေါ် မူတည်တယ်ပေါ့။

နန်း ဟုတ်တယ်၊ စိတ်ကြည်လင်မှုအပေါ် မူတည်တယ်၊ ဗုဒ္ဓဘာသာမှာ ရတနာမြတ်သုံးပါးကို ပြစ်မှားမှုမရှိတဲ့ ကြည်လင်မှုဟာ အဓိကပဲ။ ရတနာမြတ်သုံးပါးကို ပြစ်မှားမိလျှင်တော့ ဗုဒ္ဓဘာသာအရ စိတ်ညစ်ထေးမှာ သေချာတယ်။

ငယ် ဒါ... ရိုးရိုးနားလည်အောင် ရှင်းပြနေတာပေါ့နော်။

နန်း ဟုတ်တယ်၊ ဒါ ရိုးရိုးလူ နားလည်အောင် အခြေခံ ယေဘုယျသဘောကို ရှင်းပြနေတာ၊ ကျွန်တော့်အခြေအနေက ဒီထက်အဆင့်မြင့်တဲ့ အနေအထားမှာရှိတယ်။

ငယ် ဟာ... ခင်ဗျားရဲ့အခြေအနေ အတိုင်းအတာထိကိုလည်း ရှင်းပြဦးမှပေါ့။

နန်း ကောင်းပြီလေ၊ ရှင်းပြမယ်၊ ခင်ဗျား ကျွန်တော့်ကို မပြစ်မှားနဲ့။

ငယ် ဟာ... ကိုနန်းအောင်ကလည်းဗျာ၊ ခင်ဗျားကို ကျွန်တော် ဘာလို့ ပြစ်မှားရမှာလဲ။

နန်း ကောင်းပြီ၊ ဒီလိုဆို ရှင်းပြပါမယ်။

ငယ် ရှင်းပြဗျာ။

နန်း မြတ်စွာဘုရားက သစ္စာလေးပါး ဟောတော်မူခဲ့တယ်။

ငယ် ဟုတ်ပြီ... ။

နန်း စိတ်ဆိုတာ ခန္ဓာထဲမှာရှိတယ်၊ ဒီတော့ ဒုက္ခ သစ္စာထဲမှာပဲ ရှိတယ်။

ငယ် သေသေချာချာပြောဗျာ။

နန်း ကျွန်တော်ပြောသမျှ စကားတွေဟာ သေသေချာချာချည်းပဲ။

ငယ် ဟုတ်ပြီ... ဆက်ပြော... ။

နန်း နိဗ္ဗာန်ဆိုတာ ဒုက္ခမရှိဘူး။

ငယ် အင်း... သိတယ်။

နန်း မြတ်စွာဘုရားကို သဗ္ဗညုတဉ္ဉာဏ်တော်ပိုင်ရှင်လို့ သုံးရတယ်၊ ရွှေစိတ်တော်ပိုင်ရှင်လို့ သုံးခွင့်မရှိဘူး။

ငယ် ဒီအထိ သဘောပေါက်တယ်။

နန်း ဝိပဿနာသမားဆိုတာ ဖြစ် ပျက် ဆုံးအောင် ရှုရတယ်၊ ဖြစ် ပျက် ဆုံးတယ်ဆိုတာ စိတ်ချုပ်တာပဲ။

ငယ် စိတ်ချုပ်တော့ ဘာကျန်လဲ။

နန်း ဉာဏ်ကျန်တယ်။

ငယ် ဉာဏ်ဆိုတာ ဘာလဲ... ။

နန်း ဉာဏ်ဆိုတာ စစ်မှန်စင်ကြယ်တဲ့ အသိနဲ့ယှဉ်တယ်။

ငယ် ခင်ဗျားမှာ ဉာဏ်ရှိလား။

နန်း ဉာဏ်ရှိလို့ ဒါတွေပြောနေတာပေါ့။

ငယ် ကျွန်တော့်မှာကော ဉာဏ်ရှိတယ်လို့ထင်လား။

နန်း ကျွန်တော် ပြောပြတာ လက်ခံနိုင်လျှင် ခင်ဗျားမှာ ဉာဏ်ရှိလို့ပဲ၊ ငြင်းမယ်ဆိုလျှင် ဉာဏ်မရှိလို့ဘဲ။

ကိုချစ်ငယ်သည် ခေတ္တခဏမျှ စဉ်းစားသကဲ့သို့ရှိပြီး ကျွန်တော် ခင်ဗျား စကားကို မငြင်းဆန်ပါဘူးဗျာဟု ပြန်ပြောလိုက်လေသည်။

ဝိပဿနာကျင့်စဉ်ဆွေးနွေးခန်းများ

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၇)

နိဗ္ဗာန်နှင့်ဓမ္မတသိက်

အောင်စာပေ

ငယ် ကိုနန်းအောင် ဘာတွေစဉ်းစားနေတာလဲဗျ... ။

နန်း နိဗ္ဗာန်ကို စေတသိက်ထဲထည့်သွင်းချင်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ထင်မိထင်ရာ ပြောတတ် ဟောတတ်တာတွေကို စဉ်းစားနေတာ ကိုချစ်ငယ်ရဲ့။

ငယ် ပရမတ္ထတရား အချင်းချင်းတွေဗျာ၊ ဘယ်အတူပြုလို့ရပါ့မလဲ?။

နန်း အဲဒါပြောတာပေါ့ဗျ... နိဗ္ဗာန်ဟာ စေတသိက်ဆိုလျှင် ပရမတ္ထတရား လေးပါးလို့ မလာနဲ့တော့... ၊ သုံးပါးလို့သာလာတော့... ဒီတော့... နိဗ္ဗာန် လို့သီးခြား မဖော်ပြနဲ့တော့၊ စေတသိက်ထဲကနေသာ ဆွဲယူပြီး ရှင်းတမ်း ထုတ်တော့။

ငယ် ပရမတ္ထတရားကတော့ လေးပါးပါပဲ ကိုနန်းအောင်ရယ်... ၊ နောက်ပြီး နိဗ္ဗာန်ဆိုတာ အမြတ်ဆုံးသော ပရမတ္ထတရားပဲ။

နန်း အဲဒါပြောတာပေါ့ဗျ... ၊ ကိုယ်ထင်ရာကိုယ်ပြောပြီး နိဗ္ဗာန်ကို စေတသိက် ထဲထည့်ပြောနေကြတာ၊ ဗုဒ္ဓဘာသာအပေါ်မှာ တော်တော် တာဝန်မဲ့ ပြောကြတဲ့ အသိုင်းအဝိုင်းတွေပဲ။

ငယ် အရိယာသူတော်စင်တွေရဲ့ အဆို၊ အဆုံးအမကို မနာကြားဘူးလို့နေမှာ ပေါ့ဗျာ... ။ အရိယာတို့ အဆုံးအမဗဟုသုတမရှိကြလို့ နေမှာပေါ့။

နန်း နိဗ္ဗာန်ကို စေတသိက်ထဲထည့်ပြီး သူတို့က ဘာမူညာမှုနဲ့ လာချင်သေး တယ်ဗျ... ။ တကယ်တော့ မြတ်စွာဘုရားမှုပဲရှိရမယ်။ ဗုဒ္ဓဘာသာမှာ မြတ်စွာဘုရားမှုကလွဲလို့ အခြားဘာမှုမှ တလွဲတချော်မရှိရဘူး။

ငယ် နိဗ္ဗာန်ကို စေတသိက်ထဲထည့်တာကတော့ ကြောင်းကျိုးမဆီလျော်ဘူး ပေါ့ဗျာ... ။ ဗုဒ္ဓဝါဒက ကြောင်းကျိုးဆီလျော်တဲ့ ဝါဒပဲဟာ။

နန်း အဲဒါပေါ့ဗျာ... ပရမတ္ထတရားတစ်ပါးက အခြားသော ပရမတ္ထတရားထဲမှာ ကိန်းအောင်းနေတယ်ဆိုတာ ဟုတ်မှမဟုတ်ဘဲ... ။ ခင်ဗျားပြောသလို အရိယာတွေရဲ့ အဆုံးအမမှာ မတည်ဘူးလို့ဆိုတာ အသေအချာ အထင် အရှားပဲ၊ အရိယာတွေနဲ့ ဝေးကြတယ်နဲ့တူပါတယ်။

ငယ် ပရမတ္ထတရားဆိုတာ အမှန်အကန် အခြေခံတည်ရှိအပ်တဲ့ တရား

ဆိုတော့၊ အခြေခံဖြစ်တဲ့အတွက် အခြားတစ်ပါးသော အခြေခံတရား ထဲက ဆွဲထုတ်လို့မရအပ်ဘူးလေဗျာ၊ ကိုယ်တိုင်က အခြေခံပါဆိုနေမှ အခြားကနေ ဆွဲယူရတယ်ဆိုတာ သဘာဝမှမဟုတ်တာ... ။

နန်း အေးဗျာ... အဲဒီသဘာဝမဟုတ်တာကို သဘာဝလုပ်ပြီး ပြောခဲ့ကြလို့ အခုလို ထုတ်ဖော်ဆွေးနွေးရတာပါ... ၊ အခြားဗုဒ္ဓဘာသာဝင်တွေလည်း ဗဟုသုတရအောင်ပေါ့ဗျာ၊ နိဗ္ဗာန်ဆိုတာ အခြားလောကီဓာတ်သဘာဝ တွေနဲ့ ထပ်တူနှိုင်းခိုင်းလို့ မရစကောင်းဘူး မဟုတ်လား၊ နောက်ပြီး နိဗ္ဗာန် ဆိုတာ အသစ်တဓာတ်လေ၊ ဒီတော့ သစ်တဓာတ်တွေနဲ့ ကိုယ်တူပြိုး နှိုင်း ခိုင်းလို့ ဘယ်ဖြစ်မလဲ။ လောကုတ္တရာပါဆိုမှ လောကရဲ့လွန်ရာပေါ့... ။ အပျက်ရဲ့လွန်ရာပေါ့၊ အပျက်ရဲ့လွန်ရာကို အပျက်တရား နှင့် ထပ်တူမနှိုင်း အပ်ပေဘူးပေါ့ဗျာ... ။

ငယ် အေးဗျာ... ခင်ဗျား ဒီလိုပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြလိုက်တော့ သူတို့ဖတ်မိလျှင်လည်း ပြုပြင်ချင် ပြုပြင်သွားကြမှာပါ။

နန်း ပြုပြင်လျှင်တော့ သာဓုခေါ်စရာပဲပေါ့ဗျာ၊ မပြုပြင်ဘဲ ဒေါသူပုန်ထချင် ထနေကြမှာ... ။ ဒီလိုဒေါသူပုန်ထပြီး သူတို့အယူအဆကို မှန်ပါတယ်လို့ ပွင့်အန်လာလျှင်တော့ အဲဒီအဖွဲ့ နာပြီပေါ့ဗျာ။

ငယ် အဲဒီတော့လည်း... အခြားစာဖတ်ပရိသတ်တွေလည်း အကျယ်တဝင့် ဗဟုသုတရကြရဦးမှာပေါ့ဗျာ၊ ကျွန်တော်ကတော့ သာဓုခေါ်နေမိမှာပါပဲ။

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၄)

ဉာဏ်အကြောင်း

အောင်စာပေ

ငယ် ကိုနန်းအောင် ဉာဏ်ဆိုတဲ့အကြောင်း ကောင်းကောင်းနားလည်အောင် အသေးစိတ်ရှင်းပြစမ်းဗျာ။

နန်း ဉာဏ်ဆိုတာ စိတ်ကဖြစ်လာရတဲ့အရာပါပဲဗျာ။ ဒါပေမဲ့ ထူးဆန်းတာတော့ ရှိတယ်။ အဲဒါဘာလဲဆိုတော့ ဉာဏ်ကို စိတ်ကနေ တည်ဆောက်ရတယ်၊ ဉာဏ်ဖြစ်လာလျှင်တော့ စိတ်ကိုပယ်စွန့်ရတယ်၊ နီးစပ်တဲ့ ဥပမာတစ်ခု ပြောရလျှင် ကလေးကနေ လူကြီးဖြစ်လာတယ်၊ လူကြီးဖြစ်လာတော့ ကလေးစိတ်ပယ်ပစ်ရတယ်၊ ဒီသဘောမျိုး ဥပမာအတိုင်းပါပဲ။

ငယ် ဉာဏ်တည်ဆောက်ဖြစ်ပေါ်လာပုံတော့ အနည်းငယ်ရိပ်မိပါပြီ၊ ဉာဏ်ရဲ့ ဂုဏ်ရည်တွေကိုလည်း ပြောပြဦးလေဗျာ။

နန်း ဉာဏ်မှာတော့ စိတ်ထက်ပိုပြီး ဓမ္မဓိဋ္ဌာန်ကျတဲ့ ဂုဏ်ရည်တွေရှိတာပေါ့ဗျာ၊ ဉာဏ်အကြီးအသေးတော့ ရှိတယ်နော်၊ ဉာဏ်ဆိုတာတော့ ဉာဏ်ပဲ၊ ဒါပေမဲ့ အကြီးအသေးတော့ ရှိတယ်၊ ကျောင်းသားဆိုတာတော့ ကျောင်းသားပဲပေါ့ဗျာ၊ ဒါပေမဲ့ အတန်းချင်းကွဲပြားခြားနားတာတွေတော့ ရှိသလိုပေါ့။

ငယ် ခင်ဗျားပြောတဲ့ဉာဏ်ကို ကျွန်တော် နှစ်ခြိုက်တယ်ဗျာ၊ သဘောကျတယ်၊ ခင်ဗျားသာ ခင်ဗျားပြောတဲ့ ဉာဏ်မျိုးရှိတာ အမှန်ဆိုလျှင် ခင်ဗျားကိုလည်း ကျွန်တော် သဘောကျတယ်၊ လေးစားတယ်ပေါ့ဗျာ။

နန်း ကျွန်တော့်မှာ ဉာဏ်ရှိပါတယ်လို့ ကျွန်တော် ပြောပြပြီးပြီပဲဗျာ၊ ဒါပေမဲ့ ဒီလိုတော့ ရှိတာပေါ့၊ အသေးအကြီးသဘောပေါ့ဗျာ၊ ကျွန်တော့်ဉာဏ်ကသေးချင်သေးမှာပေါ့၊ နောက် ဉာဏ်ကိုအသုံးမပြုဘဲ ဘေးချထားလျှင်လည်း ဉာဏ်မရှိသကဲ့သို့ ဖြစ်တတ်သေးတယ်ဗျာ၊ အဲဒါကလည်း စိတ်ဝင်စားစရာကောင်းတယ်။

ငယ် ပြောပြဦးလေဗျာ။

နန်း ဉာဏ်ရှိပြီး ဉာဏ်ကိုတန်ဖိုးမထားမိဘဲ ဘေးဖယ်ထားတဲ့အချိန်မှာ ဉာဏ်မရှိသကဲ့သို့ စိတ်နဲ့အလုပ်လုပ်သွားလျှင်လည်း စိတ်သမားပဲ ဖြစ်သွားနိုင်

တယ်၊ ဉာဏ်သမားအဖြစ်မှ ခဏဖြစ်စေ ရပ်စဲသွားတယ်၊ ဥပမာဆိုပါ တော့ဗျာ၊ ငွေတွေရှိပေမယ့် အသုံးမပြုမိဘဲ တရားသေ သိမ်းထားလိုက် တော့ အကျိုးရှိတဲ့ အခွင့်အရေးတွေမှာ ငွေမသုံးဖြစ်နိုင်ဘဲ လက်လွတ်ခံ လိုက်ရတဲ့ သဘောမျိုးပေါ့။

ငယ် ဉာဏ်အကြောင်းကို ကျွန်တော် အသေးစိတ်နားလည်ချင်တယ်ဗျာ။

နန်း ဉာဏ်အကြောင်းကို အသေးစိတ်နားလည်ပြီဆိုလျှင်တော့ လူ့အသိပညာရဲ့ အထွတ်အထိပ်ပိုင်းကို ချင်းနင်းဝင်ရောက်သွားပြီလို့ ကြွေးကြော်နိုင်တာပေါ့ဗျာ။

ငယ် ခင်ဗျားရော ကြွေးကြော်ပြီးပြီလား။

နန်း ဒီအခြေ ဖြေဖို့က စောဦးမယ်ထင်တယ် ကိုချစ်ငယ်... ။

ငယ် ဟာ... ခင်ဗျားကလည်း အချင်းချင်းပဲ စောတယ်၊ နောက်ကျတယ် ရှိနေဦးမှာလား။

နန်း ပရိသတ်က ရှိသေးတယ်လေဗျာ... ။

ငယ် ဟာ... ပရိသတ်က NO PROBLEM (နိုးပရော်ဗလင်) ပဲဗျာ၊ ပြဿနာမရှိပါဘဲ၊ ပရိသတ်ကတော့ ခင်ဗျားနဲ့ကျွန်တော် ဆွေးနွေးကြတာကို စိတ်ဝင်စားချင်လည်း စိတ်ဝင်စားမယ်၊ မဝင်စားချင်လည်း မဝင်စားဘူး၊ စိတ်ဝင်စားလျှင်လည်း ဆက်ဖတ်ကြမှာပေါ့။

နန်း ကောင်းပြီလေဗျာ... ၊ ဒီလိုဆိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြတာပေါ့၊ ကျွန်တော့်အဆင့်ကတော့ အတော်အသင့် အတိုင်းအတာအထိတော့ ကြွေးကြော်နိုင်ပြီ။

ငယ် အဲဒါကို နားလည်နိုင်တာပဲဗျာ။

နန်း ကောင်းပါပြီဗျာ၊ ခင်ဗျားနားလည်ဖို့ ကျွန်တော် တာဝန်ယူရမှာပေါ့ဗျာ၊ ဘာလို့လဲဆိုတော့ ကျွန်တော့်အခြေအနေက အမှန်တရားကြိုးပဲဟာ၊ ဒီတော့ ဟုတ်ရာ မှန်ရာဖွင့်ဆိုတတ်ရမယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။

ငယ် စိတ်ရှည်လက်ရှည်တော့ ပြောဗျာ... ၊ ကျွန်တော့်ကို အထင်ကြီးပြီး မပြောနဲ့... ။

နန်း အစကတည်းက ရိုးရိုးလူတစ်ယောက် နားလည်နိုင်အောင် ပြောလာခဲ့ကြတာပဲ မဟုတ်လား‌ဗျာ... ၊ အခြေခံကျကျလေးတွေ တင်ပြရမှာပေါ့။

ငယ် အဲဒါ ကျွန်တော်လိုချင်တဲ့ပုံစံပဲဗျာ။

နန်း ကျွန်တော် လက်လှမ်းမီသမျှတော့ မိုးကုတ်ဆရာတော်ကြီး ထွန်းပေါ်လာကတည်းက ခန္ဓာဉာဏ်ရောက်တို့၊ ဖြစ်ပျက်ဂိုမြင်အောင်တို့ ဖြစ်ပျက်ဆုံးရမယ်တို့ဆိုတဲ့ စကားတွေ ပေါ်ပေါက်လာခဲ့တာပဲဗျ။

ငယ် အဲဒီစကား သုံးခွန်းကို ထပ်ပြီးရှင်းပြဦးဗျာ။

နန်း ခန္ဓာဉာဏ်ရောက်ဆိုတာ ခန္ဓာအပေါ် ခန္ဓာနဲ့ပဲ မနေနဲ့ဆိုတဲ့ သဘောပဲဗျ၊ ဆရာတော်ကြီးက ခန္ဓာကိုယ်ကို အလိုမရှိတဲ့သဘောပဲဗျ။ ဟောတော်မူတာ ခန္ဓာကိုယ်ကို မပွားနဲ့ဆိုတဲ့သဘောပေါ့။ ခန္ဓာက အပယ်တရား၊ မပိုင်တရားပဲ၊ အပွားတရားမဟုတ်ဘူးပေါ့။ အပွားတရားက ဉာဏ်ပဲမဟုတ်လား။ ဒီလိုပဲ ဆရာတော်ကြီး ဆိုလိုတော်မူခဲ့တယ်။

ငယ် ဖြစ်ပျက်ကို မြင်ဖို့ဆိုတာလည်း လုပ်ဦးလေဗျာ... ။

နန်း ဖြစ်ပျက်ကို မှတ်ဖို့မဟုတ်ဘူးဗျ၊ ဉာဏ်နဲ့မြင်ဖို့... ။

ငယ် ဒီကိစ္စကတော့ မလွယ်ဘူးနဲ့တူတယ်။

နန်း ဆရာကောင်းနဲ့ တွေ့လျှင် လွယ်ပါတယ်ဗျာ။

ငယ် ခင်ဗျားကတော့ ပြောအားရှိတာပေါ့လေ။

နန်း ကျွန်တော်သာ ပြောအားမရှိလျှင် ခင်ဗျားရဲ့စာဖတ်ပရိသတ်တွေ အခွင့်အရေးတွေ လက်လွတ်ကုန်မှာပေါ့။

ငယ် အင်း... ဒါလည်းဟုတ်တာပဲ။ ဒါပေမဲ့ ကျွန်တော်က ခင်ဗျားပြောသမျှရေးမှာ မဟုတ်ဘူး။ ကျွန်တော် ဘဝင်ကျမှရေးမှာ။ ကျွန်တော့်မှာလည်း တာဝန်ရှိတာပဲ။

နန်း ဒီလိုဆို ပွဲပြီးပြီပေါ့ဗျာ၊ ကျွန်တော့်မှာလည်း ခင်ဗျားဘဝင်ကျရုံလောက်

ကတော့ ပျင်းတောင် ပျင်းသေးတယ်။ စာဖတ်ပရိသတ်ကြီး ဘဝင်ကျ အောင် ခင်ဗျားရေးဖို့ကိုသာ ကျွန်တော် စိုးရိမ်တာ။

ငယ် ဒါတော့ မစိုးရိမ်ပါနဲ့ဗျာ၊ ကျွန်တော်လည်း စာရေးဆရာတစ်ယောက် ပဲဟာ။

နန်း ကောင်းပြီ၊ ခင်ဗျားပရိသတ်လက်ခံနိုင်အောင်သာ ဖော်ပြပေတော့။ ကျွန် တော့်ဘက်ကတော့ ပြောချလိုက်တော့မယ်။ နားဆင်ပေတော့။

ငယ် အစကတည်းက နားဆင်လာတာ။ အခုဆိုပိုပြီး ဆင်ပြီပေါ့ဗျာ၊ ပြောမှာ သာ ပြောပေတော့။

နန်း ဒီလိုရှိတယ်ဗျာ။ ကျွန်တော် သစ္စာတရားလိုက်စားတော့ ကျွန်တော့်ဆရာ မြတ်ကြီးကို ကျွန်တော် တိုက်တိုက်ဆိုင်ဆိုင် ဖူးမြော် တပည့်ခံခွင့်လိုက် ရတယ်။ ဆရာမြတ်ကြီးက "တရားလိုချင်လျှင် လက်တွေ့ကျင့်ရမယ်၊ တရားလိုချင်လျှင် တရားရလိုခြင်းမှအပ ကျန်အရာများကို အချိန်ပေး ဝင်စားခြင်းမပြုပါဆိုတဲ့ အာမခံချက်ပေးရမယ်" လို့ အမိန့်ရှိတယ်။ ကျွန်တော်ကလည်း ပြတ်ပြတ်သားသား တစ်သဝေမတိမ်း ကျင့်ကြံအား ထုတ်ခဲ့တယ်။ အဲ့ဒီလို အားထုတ်ဖူးသူရဲ့ ဖွင့်ဟဝန်ခံချက်မျိုးမို့ လူသာမန် လို သဘောထားပြီး အလွယ်တကူ တန်ဖိုးဖြတ်မှားမသွားစေချင်ဘူး။

ငယ် စိတ်ချပါဗျာ... တန်ဖိုးရှိတဲ့အရာကို ကျွန်တော် ဘယ်တော့မှ တန်ဖိုးမဲ့ မလုပ်ပါဘူး။

နန်း ကောင်းပြီ... ၊ ဆက်နားထောင်... ၊ ကျွန်တော် အဲဒီလို ကျင့်ကြံအားထုတ် လာတဲ့အခါမှာ ဆရာမြတ်ကြီးရဲ့ ကရုဏာတော်ကို ခံယူရရှိပြီး၊ ဆရာ့ ပညာတော်တွေကို ကျွန်တော့်ကို ပေးသွားတယ်။ ကျွန်တော်ဟာ ဆရာ မြတ်ကြီးရဲ့ အမွေစားအမွေခံသားတပည့်တစ်ဦးပဲ။

ငယ် ခင်ဗျား ဆရာမြတ်ကြီးနဲ့ ခင်ဗျားရဲ့ နာခံကျင့်ကြံမှုတွေကို ကျွန်တော် တော်တော်တန်တန် သိပြီးသားပါဗျာ... ။ ရဲရဲသာပြောပါ။

နန်း ဝိပဿနာကျင့်စဉ်ဆိုတာ ကိုယ့်ဖာသာကျင့်လို့ မကောင်းဘူးဗျ။ ဆရာ

သမား အနားမှာ ရှိမှကောင်းတာ။

ငယ် ခင်ဗျားဆိုလိုတဲ့ အဓိပ္ပာယ်က... ။

နန်း ကျွန်တော်ဆိုလိုတဲ့ အဓိပ္ပာယ်က ဆရာသမား‌က အနား‌ကနေ မေတ္တာပို့ အား‌ပေး‌အား‌မြှောက် အလုပ်လုပ်ပေး‌နေရတာ။

ငယ် ဆရာ့အကူအညီ လိုအပ်တယ်ပေါ့။

နန်း ဝိပဿနာဆိုပြီး ကျင့်တာဆရာမပါလျှင် အရာမရောက်ဘူး‌ဗျ။ သမထပဲ ဖြစ်သွား‌နိုင်တယ်။

ငယ် သမထနဲ့ ဝိပဿနာရဲ့ကွာဟချက်ကို ပြောပြဗျာ။

နန်း ယေဘုယျအား‌ဖြင့် သမထက အခြေခံပေါ့ဗျာ။ အဖြစ်ကို အဓိကဦး‌စား‌ပေး အလေး‌မူရတယ်ပေါ့။ ဝိပဿနာကျတော့ အပျက်ကိုလိုက်ရတာ။ ဆရာမပါလျှင် အပျက်မဖြစ်ဘဲ အဖြစ်ပဲ ဖြစ်သွား‌တတ်တယ်။

ငယ် ခင်ဗျား‌ရဲ့အတွေ့အကြုံ ကျင့်ကြံပုံကိုလည်း ရောမွေပြောပြဗျာ။

နန်း ကျွန်တော့်အတွေ့အကြုံမှာတော့ ဆရာကမှသာ အနတ္တဉာဏ်ကို တည် ထောင်ပေး‌နိုင်တာဗျ။

ငယ် ဘာဖြစ်လို့လဲ... ။

နန်း ဘာဖြစ်လို့လဲဆို၊ ဆရာကမှ အနတ္တဉာဏ်ရှိနိုင်တာကိုး‌ဗျ။ ကိုယ်က အခုမှ စတယ်ဆိုတော့ အတ္တပဲရှိမှာပေါ့။

ငယ် ကျွန်တော် ခင်ဗျား‌ပြောဖူး‌တဲ့ စိတ်နဲ့ဉာဏ်ကို သွား‌သတိရမိတယ်ဗျာ။

နန်း အဲဒါ ပွိုင့် (POINT) ပဲဗျ၊ သော့ချက်ပဲ။

ငယ် အကျယ်တဝင့် လင်း‌စမ်း‌ပါဦး‌ဗျ။

နန်း ဝိပဿနာအရာမှာ သိတဲ့သူက မသိတဲ့လူကို အသိတစ်စုံတစ်ရာပေး‌မှ မသိသူဟာ သိလာရတယ်ဗျ။

ငယ် ဖာသာမသိကောင်း‌ဘူး‌ပေါ့။

နန်း ဖာသာ သိကောင်း‌သူတွေရဲ့ အထွတ်အထိပ်ကတော့ မြတ်စွာဘုရား‌ပဲဗျ။ ကျန်တဲ့သူတွေက မြတ်စွာဘုရား‌ရဲ့ သာသနာအဆုံး‌အမမှာပဲ သိရတာ၊

ဖာသာမသိနိုင်ဘူး။ ဖာသာသိလျှင် ဘုရားငယ်ပဲ။

ငယ် ခင်ဗျားစကားတွေက တော်တော်တော့ လေးနက်သားပဲ။

နန်း ဒါကြောင့် ကျွန်တော့်ကို မပြစ်မှားစေချင်ဘူးလို့ ခင်ဗျားကို သတိပေးခဲ့ရတာပေါ့ဗျာ။

ငယ် ကျွန်တော် နားလည်ပါတယ်။ ခင်ဗျား အကြောင်းမဲ့ ဘယ်ပြောမလဲ။

နန်း အကြောင်းမဲ့မပြောဘူးဗျာ။ စိတ်ချ... ။ အထူးသဖြင့် ခင်ဗျားကို ပိုမပြောသေးတယ်။ ဘာလို့လဲဆိုတော့ ခင်ဗျားမှာ နောက်ကွယ်က ပရိသတ်ရှိတာယ်လေ။

ငယ် ဒါတော့ မဟုပါနဲ့ဗျာ... ။ ကျွန်တော့်ပရိသတ်ဆိုတာက ကျွန်တော့်အသက်သွေးကြောပဲ။ ဒီတော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် ကျွန်တော် သမ္မာကိုစောင့်ရှောက်ရမယ်။ အလွဲသုံးစားမလုပ်ဘူး။

နန်း ဝမ်းသာပါတယ်ဗျာ... ။ ခင်ဗျားဟာ ယုံကြည်ခြင်းခံယူထိုက်တဲ့ ပုဂ္ဂိုလ်တစ်ဦးပဲ။

ငယ် ကျေးဇူးတင်ပါတယ်... ။ ဇာတ်လမ်းကို ဆက်ကြဦးစို့ဗျာ။

နန်း ဒါနဲ့... စကားမစပ်... ခင်ဗျား ဝိပဿနာတရားများအားထုတ်ချင်လျှင် ဆရာကောင်းကို ရှာဗျာ။ အဲဒါ ကျွန်တော် သတိရတုန်း ပြောလိုက်မယ်။

ငယ် ကျေးဇူးတင်ပါတယ်ဗျာ... ။ ဒါနဲ့ ကျွန်တော်ကလည်း စကားမစပ် မေးလိုက်ဦးမယ်။ ကျွန်တော့်ဆရာအဖြစ် ခင်ဗျား ရပ်တည်မပေးနိုင်ဘူးလား။

နန်း မပေးနိုင်ဘူးဗျ... ။ ကျွန်တော်က ကိုယ့်အတွက်ပဲ ကိုယ်ရပ်တည်နိုင်တာ။ တစ်နည်းအားဖြင့် ကျွန်တော်က အညံ့စားတရားရှင် သဘောမျိုးပေါ့ဗျာ။ သူတစ်ပါးကို မကူညီနိုင်ဘူး။ တစ်ကိုယ်ကောင်းသမားမျှသာပါပဲ။

ငယ် သိတဲ့သူက မသိသေးတဲ့သူကို အသိပေးနိုင်တယ်ဆို... ။

နန်း အဲဒါ... ကျွန်တော်က ခြုံပြောလိုက်တာဗျ။ သိတဲ့သူက အမှန်တော့ နှစ်မျိုးနှစ်စားရှိတယ်။ တစ်မျိုးက ကျွန်တော့်လိုပေါ့။ သိပေမယ့် ကိုယ့်အသိကို တစ်ပါးသူထိထိမိမိ ရရှိသွားအောင် မကြံဆောင်နိုင်ဘူး။ ကျွန်တော့်

အတွက်ပဲ ကျွန်တော် ကျင့်သုံးအားထုတ်နိုင်တယ်။ အ,အ အိပ်မက်
ကောင်းမက်သလိုပဲလို့ ဆိုချင်ဆိုဗျာ။

နန်း ဒီလောကမှာ လွယ်တာလည်းရှိတယ်။ ခက်တာလည်း ရှိတယ်ပေါ့ဗျာ။ ခက်ခဲနက်နဲတဲ့ အရာရာတွေကို လွယ်လွယ်လေးပါလို့တော့ ခပ်ပေါ့ပေါ့ တွက်ထားလို့ မမှန်ကန်နိုင်ဘူး။

ငယ် ဟုတ်တာပေါ့ဗျာ... ။ ပညာရပ်ရဲ့နက်နဲမှုအလိုက် ထိုက်တန်တဲ့ လေးစားမှုနဲ့အတူ ကန်ဖိုးလည်း ထားတတ်ရမှာပေါ့။ တစ်နည်းအားဖြင့်လည်း ပါရမီရှင်တွေရဲ့ အလုပ်ကိစ္စဆိုရမှာပဲ။

နန်း ဟုတ်တယ်၊ တကယ့်ပါရမီရှင်တွေရဲ့အလုပ်ပဲ။ မိုးပေါ်က တစ်စုံတစ်ရာ ကျလာပြီး မိမိဗိုက်ထဲဝင်သွားလျှင်တော့ တရားရှင်ဖြစ်မှာပဲဆိုတဲ့ မျှော်လင့်ချက်မျိုးနဲ့တော့ ဖြစ်စကောင်းတဲ့ ကိစ္စအမျိုးအစား မဟုတ်ဘူး။

ငယ် တကယ်လိုချင် တကယ်လိုက်ကြည့်၊ ကိုယ့်ပါရမီအကြောင်း ကိုယ်သိရမယ်ဆိုတဲ့ သဘောပေါ့။

နန်း ဟုတ်ပါတယ်။ ဒီသဘောပဲ... ။ ကဲရှေ့ဆက်ကြဦးစို့ဗျာ။

ငယ် ဆက်ဗျာ... ။

နန်း ခင်ဗျား ရောင်ခြည်တော်ဆိုတာ ကြားဖူးလား။

ငယ် ဟာ... ကြားဖူးတာပေါ့ဗျာ၊ ဒါပေမဲ့ ဖူးတော့ မဖူးဘူးဘူး။

နန်း ကျွန်တော်ဖူး ဖူးတယ်။

ငယ် သာဓု ခေါ်ပါတယ်ဗျာ။

နန်း ရောင်ခြည်တော်မှာ မြတ်စွာဘုရားကိုယ်တော်တိုင်နဲ့ ပတ်သက်တဲ့ ရောင်ခြည်တော်ရှိတယ်။ အခြားတစ်ဘက်မှာလည်း မြတ်စွာဘုရားရဲ့တပည့် အရိယာသာဝက ကိုယ်တော်မြတ်ကြီးတွေနဲ့ ပတ်သက်တဲ့ အကြည်ဓာတ် ရောင်ခြည်တော်အမျိုးအစားလည်း ရှိတယ်။ ဓာတ်တော်မွေတော်တွေလိုပေါ့ဗျာ။

ငယ် နားလည်ပြီ... ။

နန်း ရောင်ခြည်တော်ကို ဖူးမြော်ရင်း... ဒါဘယ်လိုရောင်ခြည်တော် အမျိုးအစားဖြစ်တယ်လို့ ခွဲခြားနိုင်လျှင် ခင်ဗျားအံ့သြမှာပဲ။ ဥပမာ မြတ်စွာ

ဘုရားရဲ့ဓာတ်တော် သို့မဟုတ် ရဟန္တာကြီးတွေရဲ့ဓာတ်တော် စသည်ဖြင့် ခွဲခြားနိုင်တဲ့ သဘောပေါ့။

ငယ် ဟုတ်ပြီ... ၊ ဟုတ်ပြီ... ၊ နားလည်ပြီ။

နန်း နောက်ထပ်... အံ့သြစရာတစ်ခု ပြောပြဦးမယ်။

ငယ် ပြောပြဗျာ... ။ အံ့သြစရာတွေ အားလုံးပြောပြ... ။

နန်း ရောင်ခြည်တော်ကို ဖူးလိုက်ရတာနဲ့ ဘာအနက်အဓိပ္ပာယ်ဆိုတာ ကောက်တတ်လျှင် နားလည်လိုက်လျှင် ပိုပြီးအဖိုးတန်တယ်ဗျ။

ငယ် ဟာ... ဟုတ်တာပေါ့ဗျာ။ ဒါ အဖိုးတန်တာပေါ့။ နက်တော့ နက်နဲတယ်။

နန်း ကျွန်တော် ရောင်ခြည်တော်တွေကို ဖူးလည်းဖူးဘူးတယ်။ အဓိပ္ပာယ်လည်း ကောက်တတ်တယ်ဗျ။ ဒါပေမဲ့ အဲဒီအချိန်မှာ သမာဓိခိုင်ဖို့တော့ လိုတယ်။ ဒါ ကျွန်တော့်အတွေ့အကြုံအရ လက်တွေ့သိလာရတဲ့ အသိပညာဆိုင်ရာ သတင်းစကားပဲ။

အောင်စာပေ

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၅)

မြန်မာပြည်မှာ သာသနာရှိသည်

အောင်စာပေ

ငယ် အေးဗျာ... ချိုးကျူးပါတယ်... ၊ အံ့သြချင်လာပြီ။

နန်း အံ့သြရမယ်... ၊ ခင်ဗျားနောက် ဒီထက်အံ့သြလိမ့်မယ်။

ငယ် အေးဗျာ... စိတ်ဝင်စားတယ်။ အမှန်အကန်တကယ်ကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေမှ သိနိုင်မြင်နိုင်တဲ့ ကိစ္စတွေပဲ။

နန်း ရန်ကုန်မှာ ရွှေတိဂုံ၊ မန္တလေးမှာ မဟာမြတ်မုနိ၊ မကွေးမြသလွန်၊ ပြည် ရွှေဆံတော်၊ မင်းဘူး ရွှေစက်တော်၊ ကျိုက္ခမီ ရေလယ်ဘုရား စသည် တို့သာ ရောင်ခြည်တော် ကွန့်မြူးတတ်တဲ့ ဌာနကောင်း ဌာနမွန်တွေပဲ ဗျ။(ကျန်ဌာနကောင်း ဌာနမွန်များ ရှိပါသေးသည်။ ယခုဖော်ပြရသည်မှာ ကိုနန်းအောင်၏ပြောပြချက်တွင် ပါသမျှတို့သာ ဖြစ်ပါသည်။) စာရေးသူ

ငယ် ဒီဘက်က ခင်ဗျား တော်တော်နှံ့စပ်တာပဲနော်။

နန်း ကျွန်တော် တခြားဘက်တွေမှာတော့ မနှံ့စပ်ဘူး။ ဒီဘက် တစ်ဖက်တည်း ဇောက်ချလိုက်ထားတာ။ ဒါကြောင့် သူများနဲ့တော့ တူမှာမဟုတ်ဘူး။

ငယ် ကိုယ်စိုက်ပျိုးသလို ကိုယ်ရိတ်သိမ်းရတာပဲဗျာ။ အကြောင်းခံချင်း မတူ လျှင်၊ အကျိုးပေးချင်းလည်း ဘယ်တူမှာလဲ။ ဒါပြဿနာ မဟုတ်ပါဘူး။

နန်း မြန်မာပြည်မှာ သာသနာရှိတယ်ဗျ။ ဒီတော့ ခင်ဗျား အားတက်ပါ။

ငယ် တက်ပါတယ်ဗျာ... ၊ ကျွန်တော့်မှာ စိတ်ဓာတ်ဆုတ်နစ်စရာ မရှိပါဘူး။ ကျွန်တော်လည်း ကျွန်တော် စိုက်ပျိုးခဲ့သလောက်ပဲ ရိတ်သိမ်းနိုင်မှာပေါ့။

နန်း နောက်ပြီး မြန်မာတွေကိုလည်း လျှော့မတွက်နဲ့ဗျာ။

ငယ် ဟာ... လျှော့မတွက်ဘူး။ ကျွန်တော်လည်း မြန်မာပဲဟာ... ။

နန်း မြန်မာတွေက လူ့အသိပညာနယ်မှာ အောင်မြင်ပေါက်မြောက်ပြီးသားဗျ။

ငယ် ဒါဆို ဂုဏ်ယူရမှာပေါ့ဗျာ။ ကျွန်တော်ကလည်း မြန်မာမှ မြန်မာပါပဲ။

နန်း မြန်မာတွေက အသိပညာဉာဏ်မှာ ပေါက်မြောက်အောင်မြင်ပြီးဖြစ်ပေမယ့် ကမ္ဘာကမသိကြဘူးဗျ။ နားမလည်ကြဘူး။

ငယ် 'လူတွေသိတာနဲ့ အမှန်တရား' ဟာ အရာရာတစ်ထပ်တည်း ကျချင်မှ ကျတာပဲဗျာ၊ မြန်မာတွေ အောင်မြင်တာ ကမ္ဘာက မသိဘူးဆိုတာလည်း

မဆန်းပါဘူး။ ကိုယ်အောင်မြင်နေပေမယ့် သူတို့က သိချင်မှသိမှာပေါ့။ မသိသေးတာလည်း ဖြစ်နိုင်တာပဲ။

နန်း မြန်မာတွေ အောင်မြင်ပေါက်မြောက်ပုံက သိမ်မွေ့နက်နဲလွန်းတော့ ကမ္ဘာ့မျက်စိနဲ့ ကြည့်လို့မမြင်နိုင်ဘူးဗျ။

ငယ် ကမ္ဘာက ရုပ်ကြမ်းအဆင့်သာသာပဲ ရှိနေသေးတာဗျာ။ သိပ် သိမ်မွေ့နက်နဲခက်ခဲတဲ့ အသိပညာတွေကို ဘယ်လိုက်နိုင်မှာလဲ။

နန်း အဲဒါကြောင့် ကျွန်တော်တို့မှာ အခက်အခဲဖြစ်နေတာပေါ့ဗျာ။ သိသာထင်ရှားတဲ့အရာတွေသာ ပေါ်ပြူလာဖြစ်နေတာ။ လေးနက်နက်ရှိုင်း သိမ်မွေ့မှုတွေက မြုပ်ကွယ်နေတာ။ ကျွန်တော်တို့ ခင်ဗျားတို့လိုတစ်ဖက်ကမ်းခပ်သမားတွေကြောင့်သာ မတိမ်ကော မပျောက်ကွယ်တာ။

ငယ် ဒါတော့်လည်း ကျရာတာဝန်ကို ထမ်းဆောင်ရတဲ့ သဘောပေါ့ဗျာ။ ကိုယ့်ခေတ်နဲ့ကိုယ့်တာဝန် ဆိုသလိုပေါ့။

နန်း ခင်ဗျား စိတ်ရှည်ပုံကိုတော့ ချီးကျူးပါတယ်ဗျာ။

ငယ် ခင်ဗျားက ချီးကျူးနေ၊ ကျွန်တော်ကတော့ အားကိုမရဘူး။ ကိုယ့်ကိုယ်ကို ဒီလိုပဲ ခံစားပါတယ်။

နန်း အဲဒါ ဘဝင်မြင့်တတ်သူတွေရဲ့ ခံစားချက်အမျိုးအစားပဲဗျ။

ငယ် ကဲပါဗျာ... ထားပါတော့... ။ ရှေ့ဆက်ကြဦးစို့။

နန်း ရှေ့ဆက်ရမယ်ဆိုလျှင် စောစောကပြောခဲ့သလို ရောင်ခြည်ကွန်မြူးတာကို ဖူးမြော်ခွင့်ရလျှင် အခါအားလျော်စွာ အနက်အဓိပ္ပာယ်သက်ရောက်ပုံကို ကောက်ယူတတ်ရတယ်ဗျ။

ငယ် ခင်ဗျား ကောက်ဖူးတဲ့အနက်အဓိပ္ပာယ်တွေကိုလည်း ပြောပြဦးမှပေါ့ဗျာ။

နန်း ပြင်ဦးလွင်က မဟာအုံထူးကံသာဘုရားကြီးကလည်း တော်တော်တန်ခိုးကြီးတယ်ဗျ။

ငယ် ဒီဘုရားကြီးနဲ့ ပတ်သက်လို့ ခင်ဗျား ဘယ်လိုအာရုံပေါ်ဖူးလဲ။

နန်း ရတနာမြတ်သုံးပါးကို ကြည်ညိုတတ်သူတွေအတွက် မြတ်စွာဘုရား

ကိုယ်စား တည်ရှိနေတော်မူတဲ့ သဘောကို အဓိပ္ပာယ်ခံယူဘူးတယ်ဗျာ။ ဘာပဲဖြစ်ဖြစ်ဗျာ ကျွန်တော် ကြည်ညိုသလို ခင်ဗျားလည်း ကြည်ညိုရအောင် တတ်နိုင်သမျှ ပြောပြမှာပါ။ ဘုရားအစုံပေါ့ဗျာ။ အခုတော့ အခြားအကြောင်းအရာလေးတွေ အလျင်ပြောကြဦးစို့။ ဒါမှ ကျွန်တော့် အကြောင်းလည်း ခင်ဗျား ပိုသိသွားမှာ။

ငယ် ခင်ဗျားအကြောင်းကို ကျွန်တော် သိတန်သရွေ့ သိပါတယ်ဗျာ။

နန်း သိတာ ဟုတ်တယ်လေ။ ဒါက ဒီဘက်လိုင်းအထူးကိစ္စ သီးခြားအကြောင်းကို ပြောတာ။

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၆)

နိဗ္ဗာန် ပရမံ သုခံ

ဒေါင်စာပေ

ငယ် ကောင်းပါပြီတဲ့ဗျာ... ။ ရှေ့ဆက်စရာရှိတာ ဆက်ကြစို့... ။

နန်း နိဗ္ဗာန်မှာ နီးခြင်းဝေးခြင်း မရှိဘူးဗျ။

ငယ် နီးခြင်းဝေးခြင်းမရှိလျှင် 'ဘာ' ခြင်း ရှိသလဲ။

နန်း ချမ်းသာခြင်း ရှိတယ်လေဗျာ (နိဗ္ဗာနံ ပရမံ သုခံ)

ငယ် ချမ်းသာခြင်းကို ဘယ်သူက သိတာလဲ။

နန်း ဖိုလ် ဉာဏ်ကလေဗျာ။

(မဂ္ဂ ဖလာန မာရမ္ဗဏာဘူတော အသခ်ိတ ဓမ္မော)

ငယ် ချမ်းသာခြင်းဟာ နိဗ္ဗာန်ရဲ့ဂုဏ်ရည်ပေါ့။

နန်း ဟုတ်တယ်၊ နိဗ္ဗာန်ရဲ့ဂုဏ်ရည်ပဲ။ ဒီဂုဏ်ရည်တွေကို ဘုရား ရဟန္တာကြီး တွေက သိတော်မူကြလို့ ပြန်ပြောပြရတာ။

ငယ် နိဗ္ဗာန်မှာ အခြားဂုဏ်ရည်တွေလည်း ရှိသေးတယ်နော်။

နန်း ရှိတယ်လေ... ။ နူးညံ့တာတို့၊ သိမ်မွေ့တာတို့၊ အသိခက်တာတို့၊ နက်ရှိုင်း တာတို့၊ အံ့ဖွယ်ကောင်းတာတို့၊ မြင်နိုင်ခဲတာတို့၊ သုံးဆယ့်တစ်ဘုံထဲမှာ ရှိတဲ့အရာရာတွေနဲ့ ထပ်တူနှိုင်းယှဉ်လို့ မရတာတို့ စသည်ဖြင့်ပေါ့။

ငယ် ခင်ဗျား ဒီဘက်ကတော့ တော်တော်နဲ့စပ်တယ်နော်။

နန်း ဒါ... ကျွန်တော့်(SPECIALIZATION)ပဲလေဗျာ... ၊ အထူးပြုလေ့လာထား တဲ့နယ်ပယ်ပေါ့။

ငယ် နိဗ္ဗာန်သွားနည်း ခင်ဗျားသိလား။

နန်း သိတယ်... ။

ငယ် ဘယ်လိုသွားလဲ... ။

နန်း ဖြစ်ပျက်ဆုံးစေတဲ့ နည်းနဲ့သွားတယ်။

ငယ် သွားပြစမ်းဗျာ... ။

နန်း ဟာ... ကျွန်တော် အမှန်တကယ် သွားတယ်ထားဦး၊ ခင်ဗျားမှ မမြင်ရတာ။

ငယ် ခင်ဗျားက သွားမယ်ဆိုလျှင် ဘယ်လိုသွားမှာလဲ။

နန်း သွားမယ်ဆိုလျှင် ရုပ်နာမ်ကို ပယ်စွန့်နိုင်တဲ့ဉာဏ်နဲ့သွားရမှာ။

ငယ် ကျွန်တော် တကယ်နား‌လည်သိမြင်ချင်တယ်ဗျာ။

နန်း လမ်းဆုံးလျှင်တော့ ရွာတွေ့ရမှာပါပဲဗျာ။ ဒါပေမဲ့ ဆန္ဒတော့ သိပ်မစောစေချင်ဘူး။

ငယ် ကောင်းပါပြီဗျာ။ ကျွန်တော် စိတ်ရှည်လိုက်ပါမယ်။ ဒါပေမဲ့ ခင်ဗျား နိဗ္ဗာန်ကို သွားတတ်တာ အမှန်ဆိုလျှင် ခင်ဗျား သုံးဆယ့်တစ်ဘုံကို ဘယ်လို ခြေကန်ပြီး နိဗ္ဗာန်ထဲ ဘယ်လိုစံဝင်သွားတယ်ဆိုတာ ကျွန်တော် သိပ်ကို သိချင် မြင်ချင်နေမိတယ်။

နန်း မဖြစ်နိုင်တာ မဟုတ်လောက်ပါဘူးဗျာ့။ မဖြစ်သေးတာပဲရှိပါလိမ့်မယ်။ ကဲ... ရှေ့ဆက်ကြဦး‌စို့။

ငယ် ဆက်ပါဗျာ... ၊ ဆက်ပါ... ။ စိတ်တိုင်းကျဆက်ပါ။

နန်း ရုပ်ရယ်၊ စိတ်ရယ်၊ ဉာဏ်ရယ် ဒီသုံးမျိုးအနက်မှာ ရုပ်ထက် စိတ်က ပိုသိမ်မွေ့နိုင်တယ်၊ စိတ်ထက် ဉာဏ်က ပိုသိမ်မွေ့နိုင်တယ်။

ငယ် အဲဒီတော့...

နန်း အဲဒီတော့ ရုပ်ကို စိတ်နဲ့ဖမ်းလို့ရတယ်။ စိတ်ကို ဉာဏ်နဲ့ဖမ်းလို့ရတယ်။ ဖမ်းတယ်ဆိုတာ တွေ့ထိ သိမြင်နိုင်တဲ့ သဘောကိုဆိုလိုတာ။

ငယ် ဒီတော့...

နန်း ဒီတော့... ရုပ်သဘာဝကို စိတ်ကြည်လျှင် မြင်နိုင်သလို စိတ်ရဲ့သဘာဝကို ဉာဏ်ကြည်လျှင် မြင်နိုင်တဲ့ သဘောကို ဆိုလိုတာပါ။

ငယ် အကြားအမြင် အတတ်ပညာကို ကျွန်တော် ယုံကြည်ပါတယ်ဗျာ။ ဒါပေမဲ့ ယုံကြည်အပ်တဲ့ အမြင်အကြား အမျိုးအစားကို ဆိုလိုတဲ့သဘောပါ။

နန်း ယုံကြည်အပ်တဲ့၊ အမြင်အကြားဆိုတာ ရှိပါတယ်ဗျာ။ စနစ်တကျလေ့လာဖို့သာလိုတာပါ။

ငယ် ရုပ် ရုပ်ချင်းတောင် ဖမ်းလို့မိနေပြီဆိုမှတော့ဗျာ ခင်ဗျားပြောတာမှန်လျှင် ရုပ်ကို စိတ်နဲ့ဖမ်းဖို့၊ ရုပ်နဲ့စိတ်ကို ဉာဏ်နဲ့ဖမ်းဖို့ဆိုတာ ဘာမှမဖြစ်နိုင်စရာ

မရှိပါဘူး။ အဲ... ခင်ဗျားပြောတာမှန်လျှင်ပေါ့လေဗျာ။

နန်း ကိုချစ်ငယ်ရယ်... ကျွန်တော် ဘယ်တော့မှ အမှားမပြောဘူး။ အမှန်တွေ ချည်းပဲ။ ခင်ဗျား စိတ်ချ... ။

ငယ် ဒီလိုဆိုလျှင် အမြင်အကြားဆိုတာ တစ်ခန်းတစ်ကလွဲအနေနဲ့ ပေါ်ပေါက်လာပြီပေါ့ဗျာ။

နန်း (ကွန်ဂရက်ကျူလေးရှင်း) ဂုဏ်ယူပါတယ်ဗျာ။ ဒီဆုံးဖြတ်ချက်အတွက်။

ငယ် ဒီသတင်းစကားအမှန်အကန်ကို ခင်ဗျားပြောပြတဲ့ အမြင်အကြားသတင်းစကားကို ကျွန်တော် စာဖတ်ပရိသတ်ကြီးထံ အမြန်ပို့လိုက်တော့မယ်ဗျာ။ ကျွန်တော် ဘဝင်ကျသွားပြီ။

နန်း သာဓုခေါ်ပါတယ်ဗျာ... ။ ခင်ဗျားရဲ့လုပ်ဆောင်ချက်အတွက်... ။

အောင်စာပေ

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၇)

အရိယာတို့၏ သဘောသဘာဝ

အောင်စာပေ

ငယ် ကိုနန်းအောင်... အရိယာတို့၏ သဘောသဘာဝအကြောင်း ပြောပြဗျာ။

နန်း အရိယာသူတော်စင်တွေက ထောက်တည်ရာရပြီးသား ပုဂ္ဂိုလ်တွေပဲဗျ။

ငယ် ဟုတ်ပြီဗျာ... အကျယ်လင်းတော့... ။

နန်း ရိုးရိုးလောကကြီးက ပရမ်းပဒါလောကကြီး ဟုတ်လား။ တရား၌ငြင်တွေ အဖို့ အဲဒီပရမ်းပဒါလောကထဲမှာ ထောက်တည်ရာရှိမှုနဲ့နေကြ၊ သီတင်းသုံးကြတာ။

ငယ် ထပ်ဆင့်လင်းဦးဗျာ... ။

နန်း အရိယာတွေမှာက ရိုးရိုးလူသာမန်တွေမှာမရှိတဲ့ ဖိုလ်ဉာဏ်ဆိုတာ ရှိတယ်ဗျ။ အဲဒီဉာဏ်နဲ့ နိဗ္ဗာန်ကို အာရုံပြုနိုင်တယ်။ ဒီတော့ဗျာ... ခြုံပြောရလျှင် အရေးအကြောင်းဆို အဲဒီဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို ဝင်စားလိုက်တာ။ မျက်မှောက်ပြုလိုက်တာပေါ့ဗျာ။ အဲဒါထောက်တည်ရာ ရသွားတာပေါ့။

ငယ် လင်းတာတော့ ဆက်လင်းဦးဗျာ။ ဒါပေမဲ့ ကျွန်တော် နည်းနည်းအံ့သြနေတယ်။

နန်း ကိုချစ်ငယ်ကလည်း အရိယာတွေအကြောင်း နာကြားရလို့ အံ့သြတယ်ဆိုတာများ ဆန်းတာလိုက်လို့ဗျာ။ ခင်ဗျား မအံ့သြဘဲကို မနေနိုင်ရာဘူး။

ငယ် ကဲ... အံ့သြမယ်ဗျာ။ ဆက်လင်း... ။

နန်း အရိယာတွေက အပူမခံနိုင်ဘူးဗျ။ အပူကြောက်ကြတယ်။ သို့မဟုတ် ကြောက်တော်မူကြတယ်။

ငယ် ဟုတ်ပြီဗျာ၊ ဝင်စားနားထောင်မယ်... အရသာရှိတယ်။

နန်း အအေးဓာတ် တွေ့ရှိသိမြင်ပြီးသား ပုဂ္ဂိုလ်တွေက အပူဇွေ့ကို ကြာကြာမခံနိုင်ဘူး။ မခံချင်ဘူးပေါ့ဗျာ။ မခံလိုတော်မူကြဘူးပေါ့။ ကျွန်တော် စကားဖြတ်ပြောတာတော့ ခွင့်လွှတ်နော်... ။

ငယ် ရပါတယ်... ပြောသာပြောပါ။ အဲဒီသဘောသဘာဝတွေ၊ အရိယာတွေ အကြောင်းပေါ့။

နန်း ဖိုလ်ဉာဏ်ဆိုတာ အအေးဓာတ်တစ်မျိုးပဲဗျ... ။ အေးတဲ့ဂုဏ်ရည်ရှိတဲ့ သဘောပဲ။ ဒါကြောင့် တရားရှိပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ တာဝန်မရှိဘဲ ပူညံပူညံလုပ်နေလျှင် အဲ့ဒါ ရှေ့နောက်မညီဘူးဗျ။ တရားရှင်ဟာ အေးငြိမ်းနိုင်ရမယ်။ တာဝန်ရှိတဲ့အခါတော့ ဆိုဆုံးမတာတွေ ရှိနိုင်တယ်။ တာဝန်မဲ့တော့ ဘယ်တော့မှ ပူညံပူညံ မလုပ်လိုကြဘူး။ အဲဒါ အရိယာရဲ့ အရည်အချင်းတစ်ခုပဲ။

ငယ် နာကြားလို့၊ ဝင်စားလို့ နှစ်ခြိုက်တယ်ဗျာ။ ဒါပေမဲ့ မဝသေးဘူး

နန်း ဟာဗျာ... ခင်ဗျား ဝ,အောင်တော့ ကျွန်တော် ဘယ်ပြောတတ်မလဲ။ ကျွန်တော်လည်း ကျွန်တော် သိသလောက် ပြောပြရတာ။

ငယ် ပြောပြပါဗျာ... ၊ ကြိုက်တယ်၊ မဝလည်း ဘာဖြစ်လဲ။

နန်း အရိယာတွေက တရားထိုင်လိုက်လျှင် နိဗ္ဗာန်ထဲ ရောက်သွားတာဗျ။ ဒီတော့ သူတို့ရဲ့ (အဲဒီပုဂ္ဂိုလ်တို့ရဲ့) ဖိုလ်ဉာဏ်ဟာ အေးငြိမ်းချမ်းသာသွားတယ်။ ထောက်တည်ရာရှိတယ်ဆိုတဲ့ ဆင့်ပွားအနက်ပဲ။

ငယ် ကျွန်တော် အားကျမိတယ်ဗျာ။

နန်း ဒါတော့... ခင်ဗျားက ဗုဒ္ဓဘာသာပဲ အားကျရမှာပေါ့။ အရိယာတွေရဲ့ အရည်အချင်းကို အားကျသူတွေဟာ အဲဒီလို အရိယာတွေကို မွေးထုတ်ဖို့ အဓိကတာဝန်ယူတော်မူခဲ့တဲ့ မြတ်စွာဘုရားကို 'ဒေဝဒတ်မြေမျိုတာ၊ မြတ်စွာဘုရား မစွမ်းလို့' လို့ အပြစ်တင်တဲ့သူတွေထက် မြတ်တယ်ဗျ။ ဗုဒ္ဓဘာသာအမည်ခံပြီး မြတ်စွာဘုရားကို အပြစ်တင်တဲ့ စာတွေရေး၊ ဟောပြောနေကြတာ အမှန်တော့ သူတို့တစ်တွေ ဒီသာသနာမှာ မရှိသင့်ဘူးဗျ။

ငယ် ကျွန်တော်လည်း ဖတ်လိုက်ရပါတယ်ဗျာ။ ခင်ဗျားပြောတာ မလွန်ပါဘူး။ ကျွန်တော် ထောက်ခံပါတယ်။ ကျွန်တော်ကတော့ အရိယာတွေကို အားကျမိတာအမှန်ပဲဗျာ။

နန်း အားကျပါဗျာ... ။ အရိယာဆိုတာ ကောင်းမြတ်တယ်၊ နောက်ပြီး တရား မျှတမှု နှစ်ခြိုက်တယ် သို့မဟုတ် နှစ်ခြိုက်တော်မူကြတယ်။

ငယ် နေပါဦးဗျာ... ။ ပြန်ပြောကြည့်ရအောင် အရိယာတွေက အပူကြောက်တယ်၊ တရားအားထုတ်ပြီး ၎င်းတို့ရဲ့ဖိုလ်ဉာဏ်ကို နိဗ္ဗာန်သို့လွှတ်တယ်၊ အေးငြိမ်းမှုကို ရယူတယ်၊ ဟုတ်တယ်မဟုတ်လား။

နန်း ဟုတ်လိုက်သမှ သိပ်ဟုတ်ဗျာ။ ခင်ဗျားလည်း အရိယာကြည်ညိုသူ ဖြစ်သွားပြီပေါ့ဗျာ။ သာဓုခေါ်တယ်ဗျာ... (သာဓု၊ သာဓု၊ သာဓု)

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၈)

ဝိပဿနာတရားကျင့်နည်း

အောင်စာပေ

ငယ် ကိုနန်းအောင်... ခင်ဗျား တရားကျင့်နည်းကို သေသေချာချာ ပြောပြစမ်းပါ။။

နန်း သမထလား... ဝိပဿနာလား... ။

ငယ် နှစ်ခုစလုံးအကြောင်းပေါ့။ ပိုအရေးကြီးတာ ပိုပြောပေါ့... ။

နန်း ဝိပဿနာမှာတော့ တရားမှတ်တယ်လို့ မသုံးဘူး။ တရားရှုတယ်လို့ပဲ သုံးတယ်။

ငယ် မှတ်တာနဲ့ရှုတာ ဘာကွာခြားလဲ... ?

နန်း မှတ်တာကတော့ စိတ်အလုပ်ပဲ၊ ရှုတယ်ဆိုတာကတော့ ထိုးထွင်းတယ်၊ ဉာဏ်ယှဉ်တယ်၊ သိမြင်စေတယ်ဆိုတဲ့ အဓိပ္ပာယ်တွေပါတယ်။ အပျက်တရားကိုမြင်အောင်ကြည့်မှ ရှုတယ်ခေါ်တယ်။ တွေးတောငေးမော လွင့်မျောကြည့်ကြည့်နေတာကို ရှုတယ် မခေါ်ဘူး။

ငယ် ကြည့်တာနဲ့ရှုတာရော ဘာကွာလဲ... ?

နန်း ငေးမောတွေးတောကြည့် ကြည့်တာကို ကြည့်ရုံသက်သက်မျှလို့အဓိပ္ပာယ်ဖော်တယ်။ အပျက်ကို မြင်အောင်ကြည့်မှ ရှုတယ်ခေါ်တယ်။ သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်၊ နားလည်မှု၊ ဉာဏ်ယှဉ်မှုတွေပါတယ်။ အပျက်ကိုမြင်အောင်ကြည့်ရတယ်ဆိုတာ ရိုးရိုးငေးမောတွေးတောလွင့်မျောကြည့်ရုံသက်သက်မျှနှင့်မတူဘူး။။

ငယ် ဒီလိုဆို တရားကျင့်ရာမှာ မှတ်တာ၊ ကြည့်တာ၊ ရှုတာ အနက်အဓိပ္ပာယ်သဲသဲကွဲကွဲ ခြားခြားနားနား သိမြင်နားလည်ဖို့လိုတယ်လို့ ဆိုလိုတာပေါ့။။

နန်း ဟုတ်တယ်၊ တရားအလုပ်လုပ်တယ်ဆိုတာ ငေးမောလွင့်မြောနေရတာ မဟုတ်ဘူး။ ယုံကြည်ချက်၊ သိမြင် နားလည်မှု၊ ပြဋ္ဌာန်းချက်၊ ဉာဏ်ယှဉ်မှုအစုစုတွေပါရတယ်။ ဒါကြောင့် ဘုရားစင်ရှေ့မှာ ငုတ်တုတ်ထိုင်နေတိုင်း တရားရှုတယ်လို့မခေါ်ဘူး။ လွင့်မြော ငေးမောတွေးတောနေလျှင် အချိန်ဖြုန်းနေတာနဲ့ အတူတူပဲ။ ဒါ့ကြောင့် အလုပ်လုပ်ဖို့ အရေးကြီးတယ်လို့ ဆိုရတာ။

အောင်စာပေ

ငယ် ဒါနဲ့... ခင်ဗျား ဟိုတစ်နေ့က ပြောတဲ့ နိဗ္ဗာန်အကြောင်း စကားဆက်ပါဦး။

နန်း နိဗ္ဗာန်အကြောင်းလား... ။ နိဗ္ဗာန်အကြောင်းကို ဗုဒ္ဓဘာသာဝင်တွေ မပြောရ မဆိုရ မဆွေးနွေးရဘူးဆိုတဲ့သူတွေလည်း မှားတယ်။ နိဗ္ဗာန်အကြောင်းကို မှန်မှန်ကန်ကန် မပြောတတ် မရေးတတ်ဘဲ ပြောကြရေးကြတာလည်း မှားတယ်။

ငယ် ဒီလိုဆိုလျှင်...

နန်း ဒီလိုဆိုတော့ ဒီလိုပြောရမယ်။

ဗုဒ္ဓဘာသာဝင်တွေပဲ၊ ကိုယ့်ရည်မှန်းချက်အကြောင်းပြောရတာ သဘာဝကျပါတယ်။ မျက်ကန်းကြီး ပိတ်ပင်စရာမလိုအပ်ပါဘူး။ ကိုယ်မပြောတတ်လျှင် ပါးစပ်ပိတ်ထားပေါ့။ သူတစ်ပါးကိုပါ မပြောရဘူးဆိုတာတော့ ဘယ်ဟုတ်မလဲ။ အဲ... ပြောတဲ့အခါ မှားတယ်ထင်လျှင် ပြုပြင်ပေးလိုက်ပေါ့။ ဒါမှသဘာဝကျမှာပေါ့။ ဒီလိုပြောကြမှလည်း နိဗ္ဗာန်ရောက်ချင်သူတွေ ဆန္ဒပြင်းပြကြမှာပေါ့။

ငယ် ဟုတ်ပြီ... ။ ကျွန်တော် နားလည်ပြီ။ ဗုဒ္ဓဘာသာဝင်တွေ နိဗ္ဗာန်အကြောင်း မပြောရ မဆွေးနွေးရဘူးလို့ မပိတ်ပင်သင့်ဘူး။ ဒါပေမဲ့ တတ်သိနားလည်သူတွေက သူတို့အပြောအဟောတွေ လိုတာရှိလျှင် ပြုပြင်ပေးလိုက်ပေါ့။ ဒီလိုဟုတ်လား။

နန်း ဟုတ်တယ်... အဲဒီလိုပဲ။

ငယ် ဟုတ်တယ်ဆိုလျှင် ခင်ဗျားကလည်း နည်းနည်း ဒီအကြောင်း အသံမြည်ဦးလေဗျာ။

နန်း နိဗ္ဗာန်အကြောင်းပြောပြဖို့လား။

ငယ် ဟုတ်တယ်... ။

နန်း နိဗ္ဗာန်ဆိုတာ တကယ်ရှိတဲ့ဟာရားပဲဗျာ။ တကယ်တည်ရှိကြောင်း လက်တွေ့အစစ်ဆေး၊ အစမ်းသပ်ခံယူနိုင်တဲ့ ပရမတ္ထတရားပေါ့။ ဆရာသမား

ကောင်းတွေကလည်း နိဗ္ဗာန်ဟာသုခမျိုးစုံရှိကြောင်း၊ ချမ်းသာကြောင်း မိန့်ဆိုတော်မူခဲ့ကြဘူးတယ်။ ဒါကို ကျွန်တော် ယုံကြည်တယ်လေ။ ဆင်းရဲတာက ရုပ်နာမ်ပဲဥစ္စာ... ။ ရုပ်နာမ်မရှိရာမှာ ဆင်းရဲတာမရှိတော့ ချမ်းသာတာရှိရမှာပေါ့။ ဒါ သဘာဝနိယာမပဲ။ ဆင်းရဲရှိလျှင် ချမ်းသာရှိတယ်။ အို-နာ-သေရှိလျှင် မအို-မနာ-မသေရာ ရှိတယ်။ မပိုင်တာရှိလျှင် ပိုင်တာရှိတယ်။ ဒါ... ဓမ္မသဘာဝနိယာမတရားတွေပဲ။ ဒီတော့ နိဗ္ဗာန်ဆိုတာ ချမ်းသာခြင်းမျိုးစုံ စုပုံနေတယ်လို့ ယုံကြည်ရတာ ဓမ္မတာပဲပေါ့။ 'နိဗ္ဗာန် ပရမံသုခံ' ဆိုတာလည်း အရှိသားပဲ။

ငယ် ခင်ဗျား ဝ,ပြီးလား။

နန်း ဘာဝ,တာလဲ။ နိဗ္ဗာန်အကြောင်းပြောလို့ ဝ,ပြီးလား လို့မေးတာလား။

ငယ် ဟုတ်တယ်... ။

နန်း မဝသေးဘူးဆိုလျှင် ခင်ဗျားက ကြားချင်သေးလို့လား။

ငယ် ဟာ... ဘယ်လိုပြောလိုက်ပါလိမ့်။ ကြားချင်တာပေါ့။ ကျွန်တော်မှ ကြားရလို့ မရောင့်ရဲနိုင်သေးဘူး။

နန်း အဲ... ကြားချင်လျှင် နားဆင်ဗျာ... ။ နောက်အပါတ်... ။

ငယ် ဟာ... နောက်အပါတ်တဲ့လား။ ကဲပါဗျာ... ။ ဘာပဲဖြစ်ဖြစ် သာဓုခေါ်ဆိုရမှာပါပဲ။

သာဓု... သာဓု... သာဓု။

နောက်အပါတ်သာ ဆက်ဆက်ကလေးနော်။

နန်း စိတ်ချပါဗျာ... ၊ ခင်ဗျားကလည်း သတိပေးပေါ့။

ငယ် ပေးပါမယ်ဗျာ... ပေးပါမယ်။

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၉)

ရဟန္တာများအကြောင်း

ဆောင်စာပေ

ငယ် ကိုနန်းအောင်... ရဟန္တာများအကြောင်း လင်းစမ်းပါဦးဗျာ။ ကျွန်တော် ကြည်ညိုချင်လို့ ခင်ဗျားက ဒီဘက်လိုင်းမှာ ဗဟုသုတရှိတယ်။

နန်း ရဟန္တာဆိုတာ သံသရာလည်စေတတ်တဲ့ ဓာတ်တွေကို အပြတ်ဖြတ်နိုင်တော်မူကြတာပေါ့။ သုံးဆယ့်တစ်ဘုံကြီးနေခဲ့တော့။ သံသရာကြီးနေခဲ့တော့ဆိုပြီး ပြတ်သားပိုင်းခြားနိုင်တဲ့ ဉာဏ်တော်များပိုင်ရှင်ပေါ့ဗျာ။ ဒါကြောင့် ကြည်ညိုကြရတာပေါ့။ ရိုးရိုးလူတွေက သံသရာလည်စေတတ်တာတွေပဲ လုပ်ဆောင်နေကြတယ်ဟုတ်လား။

ငယ် ခင်ဗျားကတော့ ကုသိုလ်ထူးပါပေတယ်ဗျာ။ ခင်ဗျားဆရာက ခင်ဗျားကို တော်တော်သင်ကြားသွားတော်မူတာပဲ။

နန်း ဆရာသင်ကြားချီးမြှင့်တော်မူခဲ့လို့ ကျွန်တော် ဒါလောက် သိနားလည်နေတာပေါ့ဗျာ။ ကျွန်တော့်ဟာနဲ့ ကျွန်တော်ဆိုလျှင်တော့ အဖြစ်မရှိမောင်သည်လောက်ပဲနေမှာပါ။

ငယ် ခင်ဗျားကိုလည်း တော်တော်စောင့်ရှောက်တော်မူတာပဲနော်။

နန်း ဟုတ်ပါတယ်... ။ ဆရာ စောင့်ရှောက်တော်မူခဲ့လို့ ကျွန်တော် ဒီလောက်ဖြစ်ထွန်းနေတာပေါ့။ ကျွန်တော့်ဟာနဲ့ကျွန်တော်ကတော့ မဖြစ်နိုင်ပါဘူး။

ငယ် ခင်ဗျားကလည်း ထိုက်လို့ပါဗျာ။

နန်း ဆရာပေးသနားချီးမြှင့်တော်မူပြီးမှတော့ ကျွန်တော်လည်း ထိုက်လို့လို့ ဝန်ခံရမှာပေါ့ဗျာ။ အခုမှတော့ သိတာတွေလည်း သိနေပြီ။ ရှိတာတွေလည်း ရှိနေပြီပေါ့။

ငယ် ခင်ဗျား ဒီလိုထိုက်အောင် ဘာတွေ ဘယ်လို လုပ်ခဲ့ရသလဲဟင်။

နန်း ကျွန်တော်က သစ္စာရှိတယ်။ နာခံတယ်၊ ကြိုးစားတယ်ပေါ့ဗျာ။ ဒီတော့ ဒီလို ဖြစ်လာတာပါပဲ။

ငယ် ကျွန်တော် တန်ဖိုးထားပါတယ်ဗျာ။ ကဲ...ခင်ဗျားရဲ့ရဟန္တာများအကြောင်းနဲ့ နိဗ္ဗာန်အကြောင်း ဆက်ဦးလေဗျာ။

နန်း နိဗ္ဗာန်ဆိုတာကတော့ ဗုဒ္ဓဘာသာဝင်တွေရဲ့ ပန်းတိုင်လမ်းဆုံးပဲလေ။

နိဗ္ဗာန်ရဲ့ဟိုဘက်မှာ ဘာမှမရှိတော့တာ။ ဆိုပါတော့ဗျာ။ မသိခြင်းရဲ့ ပြိုင်ဘက်မှာ သိခြင်းရှိတယ်။ သိခြင်းရဲ့ပြိုင်ဘက်ဟာ လွတ်မြောက်ခြင်းပဲ။ လွတ်မြောက်ခြင်းမှာ ပြိုင်ဘက်ရှိသေးတယ်။ လွတ်မြောက်ခြင်းရဲ့ပြိုင်ဘက်ဟာ နိဗ္ဗာန်ပဲ။ အဲ... နိဗ္ဗာန်ကျတော့ ပြိုင်ဘက်မရှိတော့ဘူး။ ပြီးဆုံးသွားပြီ။ ဒီလိုပဲ ထေရဝါဒမှာ ယူရတယ်။

ငယ် နိဗ္ဗာန်မှာ ပြီးသွားတယ်ဆိုတော့ ဗုဒ္ဓဘာသာဝင်တွေမှာလည်း ရဟန္တာဖြစ်သွားလျှင် ပြီးသွားပြီပေါ့နော်။

နန်း ရဟန္တာဖြစ်ရုံနဲ့တော့ အားလုံးပြီးတယ်လို့တော့ ပြောလို့မရသေးဘူးပေါ့ဗျာ။ ခန္ဓာဝန်ထုပ်ဝန်ပိုးကြီး အပြီးအပိုင် စွန့်တော်မူပြီးမှ ပြီးတယ်လို့ပြောလျှင် ပိုပြည့်စုံတာပေါ့။ ရဟန္တာဖြစ်ပြီးပေမယ့် မစွန့်ရသေးတဲ့ ခန္ဓာတာဝန်က ကျန်သေးတာကိုး။

ငယ် တော်ပါပေ့ဗျာ။ တော်တော်စေ့စပ်တယ်။ ဖြေဆိုပုံက... ။

နန်း သိတာဖြေတာပါဗျာ။ ဆရာက ကျွန်တော့်ကို အကုန်သင်ပေးထားတာ။ တချို့ ခင်ဗျားမလိုက်နိုင်မှာစိုးလို့ ဆင်ခြင်ပြီး ချန်ထားရတာ။ နည်းနည်းနစ်နာသလိုပဲ။

ငယ် ကျွန်တော် အသိပညာနယ်ပယ် အကန့်အသတ်ကြောင့် ပြောရဆိုရတာ နစ်နာမှုတွေ ရှိတယ်ဆိုလျှင် ခွင့်လွှတ်ပါဗျာ။ ကျွန်တော့်အနေနဲ့ကတော့ ဝင်စားချင်၊ သိချင်တာပါ။

နန်း ကျွန်တော် ခင်ဗျားကို အပြစ်တင်နေတာ မဟုတ်ပါဘူးဗျာ။ ကျွန်တော့်မှာ ဖွင့်မပြောရသေးတာတွေရှိသေးကြောင်း ဝန်ခံချင်လို့ပါ။

ငယ် ကောင်းပြီဗျာ၊ ကျွန်တော် နားကြီးကြီးနဲ့ နားထောင်နိုင်ဖို့ ကြိုးစားပါဦးမယ်။

နန်း အရိယာဖြစ်လျှင် ပိုကောင်းတယ်ဗျာ။ အရိယာဖြစ်တော့ အရိယာညာဏ်က ထိန်းတယ်။ ပုထုဇဉ်စရိုက်သက်သက်နဲ့ဆိုလျှင်တော့ အခက်အခဲရှိနိုင်တယ်။

ငယ် ကျွန်တော် ကိုယ်တိုင်ကလည်း အရိယာဖြစ်ချင်နေတာပါဗျာ။ ကူညီနိုင်သမျှ အကူအညီပေးပါ။

နန်း ကျွန်တော်ပေးနိုင်တာပေးပါ့မယ်၊ မပေးနိုင်တာကိုလည်း မတောင်းခံနဲ့။ ကိုယ့်ဖာသာ လုပ်စရာရှိတာတွေကိုလည်း ကိုယ်ကိုယ်တိုင်လုပ်ရတယ်။

ငယ် လိုအပ်တာတွေ လုပ်ပါ့မယ်ဗျာ၊ အရိယာသာ ဖြစ်ပါစေ။

နန်း အရေးကြီးတဲ့လိုအပ်ချက်တစ်ခုက ငါကိုယ်တိုင်လုပ်လို့ အရိယာဖြစ်တယ်လို့ မယူဖို့ဘဲ။ ရတနာမြတ်သုံးပါ။ ဘုရား၊ တရား၊ သံဃာ ဆရာသမားကျေးဇူးကြောင့် သာသနာတော်မြတ်ကြီးကြောင့်လို့ ယူမှတော်ကာကျမယ်။ ဒီလိုယူနိုင်မှလည်း အရိယာအစစ်ဖြစ်မယ်။ ငါတော်လို့ဆိုလျှင်တော့ အရိယာနဲ့ ဝေးပြီအောက်မေ့တော့။

ငယ် ကောင်းပါပြီဗျာ၊ မယူရဲပါဘူး။ အရိယာနဲ့လည်း မဝေးလိုပါဘူး။

နန်း ဒါဆိုရင် တစ်နေ့နေ့ ပြည့်စုံစရာအလားအလာ ရှိတယ်လို့ ဆိုရမှာပေါ့ဗျာ။ ကျွန်တော် သာဓုခေါ်ပါတယ်။

ငယ် သာဓု... သာဓု... သာဓု... ။

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၁၀)

ခက်ခဲနက်နဲသောအပိုင်း

ဒေါင်စာပေ

ငယ် ကိုနန်းအောင် ခင်ဗျားရဲ့ ခက်ခဲနက်နဲတယ်ဆိုတဲ့ အပိုင်းတွေကို ကျွန်တော် ကြားသိချင်တယ်ဗျာ။

နန်း ကိုချစ်ငယ်ရေ... ကျွန်တော်ရဲ့ခက်ခဲနက်နဲတဲ့အပိုင်းတွေကတော့ ခက်ခဲတဲ့အပိုင်းကို ပြောပြဖို့ခက်ခဲနေရတဲ့ အပိုင်းတွေပဲဗျ။

ငယ် အဓိပ္ပာယ်ကတော့...

နန်း အဓိပ္ပာယ်ကတော့ နှလုံးသွင်းမှားမှာ စိုးရိမ်ရလို့ပါပဲ။

ငယ် ဒီလိုဆို သာသနာအကြောင်းပြောဗျာ။

နန်း သာသနာဆိုတာ မြတ်စွာဘုရား‌ရဲ့ အဆုံးအမတော်တွေပဲလေ။

ငယ် ခင်ဗျား... သာသနာတော်ကို ကြည်ညိုတယ်ပေါ့နော်။

နန်း ကျွန်တော်လား... ၊ ကျွန်တော့်ဘဝဟာ သာသနာနဲ့မပတ်သက်နိုင်လျှင် မြောင်းထဲမှာပဲရှိမှာ အသေအချာပဲ။ သာသနာနဲ့ပတ်သက်နေသမျှလည်း တလူလူတက်နေမှာ အသေအချာပဲ။

ငယ် ခင်ဗျားဘဝမှာ သာသနာတော်က အဆုံးအဖြတ်ပဲပေါ့နော်။

နန်း ဟုတ်ပါတယ်... ၊ တကယ်ပြောရလျှင်လည်း ဘယ်သူ့ဘဝဖြစ်ဖြစ် သာသနာနဲ့ မပတ်သက်နိုင်သမျှ အချည်းနှီးပဲ ဖြစ်နေရမှာ အသေအချာပဲ။ ရုပ်နာမ် ရလာမှတော့ သာသနာကိုပဲ အားကိုးအားထား ပြုရမှာပဲ။ သာသနာရဲ့အပဆိုလျှင် အနှစ်သာရကင်းမဲ့သွားနိုင်တယ်။ ထောက်တည်ရာမရ ဖြစ်သွားနိုင်တယ်။

ငယ် ရုပ်နာမ်ရဲ့ဆင်းရဲဒုက္ခညွှန်းပုံကို အပြတ်ယုံကြည်တယ်ပေါ့နော်။

နန်း တရားသဘောနဲ့ပြောရလျှင် ရုပ်နာမ်ရလာပြီဆိုမှတော့ မအိုလို့မရ၊ မနာလို့မရ၊ မသေလို့မှ မရနိုင်တာ။ ဒီတော့... မအိုရာ၊ မနာရာ၊ မသေရာပို့နိုင်တဲ့ သာသနာတော်မြတ်ကိုပဲ အားကိုးရတော့မှာပဲပေါ့... ။ ဒါဟာ လောကုတ္တရာအမြင်ရဲ့အခြေခံ၊ ခံယူချက်တွေပဲ။

ငယ် ခင်ဗျားရဲ့လောကုတ္တရာအမြင်ကိုတော့ အထူးလေးစားစွာ သာဓုခေါ်ဆိုပါတယ်ဗျာ။

နန်း လောကုတ္တရာအကြောင်း ဆွေးနွေးလာကြရပြီဆိုလျှင်တော့ ဒီလိုပဲ ဆွေးနွေး တင်ပြရမှာပဲ ကိုချစ်ငယ်ရယ်။ ဒီကိစ္စက နည်းနည်းမှ လျှော့လို့ရတဲ့ကိစ္စအမျိုးအစား မဟုတ်ဘူး။

ငယ် မှန်ပါတယ်ဗျာ... ။ ဒီကိစ္စက လောကမှလွန်မြောက်ရာ ကိစ္စဆိုတော့ လောကီအမြင်တွေနဲ့ တိုင်းတာလို့တော့ မရနိုင်စကောင်းဘူးပေါ့။ ခင်ဗျား အမြင် မှန်ပါတယ်။

နန်း ကျွန်တော့်ဆရာက ဒီကိစ္စကို သေသေချာချာ သင်ပြထားတော်မူခဲ့တယ်။ ကျကျနနနဲ့ ရေရေရာရာ သင်ပြတော်မူခဲ့တယ်။

ငယ် ဒါကို ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ကိုနန်းအောင် ဒီကိစ္စ အကြောင်း ပြောလိုက်လျှင် ခိုင်တယ်လေ၊ ဓမ္မသဘာဝနဲ့လည်း ကိုက်ညီတယ်။ ဒီတော့... ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ခင်ဗျားအပေါ် ဒီကိစ္စနဲ့ပတ်သက်လို့လည်း ယုံကြည်တယ်။ ဘဝင်ကျမိတယ်ပေါ့ဗျာ။

နန်း သာဓုခေါ်ပါတယ်ဗျာ။ ဆရာ့တပည့်ဖြစ်လို့ ဂုဏ်ယူရတဲ့အကြောင်းအရာတွေရဲ့ သာဓကတွေပဲလို့ ခံယူပါတယ်။

ငယ် နောက်နောင်လည်း ကျွန်တော်တို့ သိနားလည်လိုတဲ့အကြောင်းချင်းရာတွေကို ဆွေးနွေးမေးမြန်းပါရစေဦးဗျာ။

နန်း ရပါတယ်ဗျာ... ။ ကျွန်တော် ဉာဏ်မီတဲ့ အကြောင်းအချက်တွေနဲ့ ပတ်သက်လာလျှင်တော့... ။

ငယ် ကိုနန်းအောင် မသိတဲ့အချက်အလက်တွေကိုလည်း ကျွန်တော်တို့ မေးဖို့ မြန်းဖို့ စိတ်ကူးမရှိပါဘူးဗျာ။

နန်း ဒီလိုဆို အမြဲတမ်းတံခါးဖွင့်ထားပါတယ်လို့ ပြောထားချင်ပါတယ်ဗျာ။

ငယ် ကောင်းပါပြီဗျာ၊ ကောင်းပါပြီ။ လူမျိုးဘာသာ သာသနာအတွက်ပေါ့။ ဟုတ်ဘူးလား။

နန်း ဟုတ်ပါပြီတဲ့ဗျာ၊ ဟုတ်ပါပြီတဲ့... ။

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၁၁)

လောကုတ္တရာအကြောင်း

ဒေါင်စာပေ

ငယ် ကိုနန်းအောင်... ဒီနေ့ ကျွန်တော့်ကို လောကုတ္တရာအကြောင်းအရာနဲ့ ပတ်သက်လို့ လွတ်လွတ်လပ်လပ်ပြောပြစမ်းဗျာ။ ကျွန်တော် နာကြားချင်လို့... ။

နန်း လောကုတ္တရာအကြောင်းလား။ လောကုတ္တရာအကြောင်းက စကားနဲ့ ပြောပြဖို့ခက်တယ်။ ပြောပြလိုက်တာနဲ့ လောကုတ္တရာမဖြစ်ဘဲ လောကီဖြစ်သွားမှာစိုးရိမ်ရတယ်။

ငယ် ရသမျှပုံစံနဲ့ပေါ့ဗျာ။ ကျွန်တော် ဒီနေ့ စိတ်ကောင်းဝင်နေလို့ ခင်ဗျားရဲ့ လောကုတ္တရာအကြောင်း အကျိုးအမြင်ဆင်ခြင်ပုံတွေကို နာကြားချင်နေတယ်။

နန်း လောကုတ္တရာဆိုတာတော့ အပျက်ရဲ့လွန်ရာပေါ့။ လောကဆိုတာ ပျက်တာကိုး။ လောကမှာ လွန်မြောက်ရာဆိုတော့ အပျက်တရားတို့မှ လွန်မြောက်ရာဆိုတာ နိဗ္ဗာန်ပဲရှိတာပေါ့။

ငယ် ပြောပြဗျာ... ။ လောကုတ္တရာနဲ့ တစ်နည်းနည်း ပတ်သက်နေလျှင် ပြီးတာပဲ။ ကျွန်တော် သေသေချာချာနာမယ်။

နန်း နိဗ္ဗာန်ဆိုတာ အပျက်တရားတို့ရဲ့လွန်ရာမို့ နိဗ္ဗာန်စံချင်လျှင် 'ငါ' တို့ 'သူ' တို့၊ 'ဒီခန္ဓာ'တို့၊ 'ကိုယ့်စိတ်' တို့ဆိုတာတွေ မပါရဘူးဗျ။ နိဗ္ဗာန်ကို 'ကိုယ့်စိတ်'နဲ့ စံချင်လို့ ဘယ်တော့မှ မရဘူး။ ဒါကြောင့် နိဗ္ဗာန်သွားမယ်ဆိုလျှင် 'ငါ' ကိုဖြုတ်ရတယ်။ 'ငါလုပ်တယ်... ငါကိုင်တယ်... ငါသိတယ်... ငါတတ်တယ်' ဆိုသူတွေဟာ ဘယ်တော့မှ နိဗ္ဗာန်နဲ့ နီးစပ်မှာ မဟုတ်ဘူး။ လောကုတ္တရာမှာ ဒီကိစ္စဟာ အရေးကြီးဆုံးပဲ။

ငယ် ဟုတ်ပါပြီ ဆရာသမားရယ်... ၊ ဆက်၍ ဆက်၍ လင်းပါဦး... ။

နန်း လောကုတ္တရာသမားဆိုတာ သာသနာ့အရိပ်ကို ခိုကိုးရတယ်ဗျ။ ကိုယ့်အရိပ်ကို ကိုယ်မခိုကိုးရဘူး။ ကိုယ့်အရိပ်ကို ကိုယ်ခိုကိုးလျှင် အတ္တကြီးသူရဲ့လမ်းလိုက်ရာရောက်မယ်၊ ချောက်ထဲကျနိုင်တယ်။ လောကုတ္တရာကိစ္စ မအောင်မမြင်ဖြစ်မယ်။ လောကုတ္တရာနဲ့ ငါနဲ့က တခြားစီပဲ။ ဒါကို

လောကုတ္တရာဝင်စားလိုသူတိုင်း၊ သိနားလည်ထားရမယ်၊ ဒါအခြေခံအဆင့်ပဲရှိသေးတယ်။

ငယ် အခြေခံတွေရော အဆင့်မြင့်တွေရော ပြောပြပါဗျာ။ ကျွန်တော် ဒီနေ့ဖိလင်ဝင်နေလို့။

နန်း လောကုတ္တရာဆိုတာကတော့ တော်တော်သန့်စင် မွန်မြတ်တဲ့တရားပဲဗျာ။ လူတွေလိုက်နိုင်တာ၊ မလိုက်လိုတာက တစ်ကလွဲပေါ့။

ငယ် နာကြားလိုခြင်းကိစ္စနဲ့ ပတ်သက်လို့တော့ လိုက်နိုင်တယ်ဗျာ။ ဒီတော့ခင်ဗျား ပြောပြ... ။

နန်း နိဗ္ဗာန်က အမြတ်ဆုံးတရားလေဗျာ။ နောက်ပြီး... အံ့သြဖွယ်ရာကောင်းသော ဂုဏ်တော်နဲ့ပြည့်စုံတယ်။ သုံးဆယ့်တစ်ဘုံထဲက ပုဂ္ဂိုလ်တွေကပျက်တာပဲ တွေ့မြင်ဘူးကြတာ။ နိဗ္ဗာန်ကမပျက်တော့ ရိုးရိုးလူတွေ မမြင်ဖူးကြဘူးပေါ့။ အဲဒီလို သုံးဆယ့်တစ်ဘုံသား ပုထုစဉ်တွေ မမြင်ဖူးတဲ့အရာဆိုတော့ မြင်ဖူးလျှင် ဘယ်လောက်အံ့သြလိုက်မလဲ စဉ်းစားသာကြည့်တော့။

ငယ် ကျွန်တော် စဉ်းစားနေလျှင် ဉာဏ်မမီတာတွေ ပါနေဦးမယ်။ ဒီတော့ ပြောသာပြောပြတော့ဗျာ။

နန်း ကိုယ့်ဖာသာကြိုးစားလျှင် နိဗ္ဗာန်ရောက်နိုင်တယ်လို့ ပြောဟောနေကြတာ။ အဲဒါ အမှားကြီးဗျ။ ဗုဒ္ဓဘာသာ လောကုတ္တရာအရာမှာ 'ကိုယ့်ဖာသာကိုယ်' ဆိုတာမရှိဘူး၊ ထည့်မပြောအပ်ဘူး။ 'ကိုယ်'ဆိုတဲ့ သဘောကိုစွန့်ပြီး သာသနာ့အရိပ်ဆိုတာကို ရိုညွတ်စွာ ခိုကိုးရတယ်။ ဒါမှ သာသနာလည်း 'တည်' နိုင်တယ်။ လောကုတ္တရာလည်း 'ပီ' နိုင်တယ်။ လောကုတ္တရာဘမ်းပြပြီး 'ကိုယ်တွေ... ငါတွေ... 'ကြီးထွားအောင် လုပ်ဆောင်နေသမျှ လောကုတ္တရာမှာ လူလိမ်၊ လူညာ၊ လိမ်လည်စားသောက် ရှင်သန်သူပဲဖြစ်နေမှာ။ လောကုတ္တရာအရာတော့ မဆိုက်ရောက်နိုင်ဘူး။ ငါကြီးပွားရေးသက်သက်ဆိုတော့ လောကီသမားမျှသာပေါ့ဗျာ။ လောကီ

သမား:မို့ လောကီပါလို့ ဝန်ခံလျှင်တော်သေးတယ်။ လောကုတ္တရာ ဘာ ညာ ဘာညာပြောပြီး ငါ တစ်ကောကော ငါသိ ငါတတ်နဲ့ ငါမြင်းငါစိုင်း စစ်ကိုင်းရောက်ရောက် လုပ်နေတာမျိုးကတော့ လောကုတ္တရာအမည်ခံ လျှင် လိမ်စားနေတာ... ။ စား:ပေါက်ချောင်လို့ လိမ်လည်နေတာမှတစ်ပါး အခြား:မရှိတာ အသေအချာပဲဗျာ။

ငယ် ကျွန်တော်ကတော့ လောကုတ္တရာ နာကြား:လိုတာသက်သက်ပါဗျာ။ တစ်ပါး:သူတွေကိုလည်း သိပ်မဝေဖန်လိုပါဘူး။

နန်း ခင်ဗျား:လိုက်စား:တတ်အောင် နှိုင်း:ယှဉ်ပြတာပါ။ လောကုတ္တရာက အလိုက်မှာ:လို့ မရဘူး:ဆိုတာကို ပွင့်ပွင့်လင်း:လင်း: ပြောတာ။

ငယ် ပြောတာတော့ ပြောတာပေါ့ဗျာ။ ကျွန်တော် ဉာဏ်မီသရွေ့လိုက်မယ်။ ကြိုက်တာယူပြီး: မကြိုက်တာ ကျွန်တော့်ဖာသာ ချွင်း:ချန်ထား:ခဲ့မယ်။ ခင်ဗျား:အလုပ်က ပြောပြဖို့ပဲ၊ ပြောသာပြောတော့။

နန်း ကောင်း:ပါပြီဗျာ... ။ ပြောပါ့မယ်။ မင်း:ဓမ္မဂျာနယ်ကလည်း: ခင်ဗျား:နဲ့ ကျွန်တော် ဆွေး:နွေး:ကြတာတွေကို ဖော်ပြပေး:နေတော့ ခင်ဗျား:အတွက်ရော စာဖတ်ပရိသတ်ကြီး:အတွက်ရော ကျွန်တော် ပြောပြပါ့မယ်။ တစ်ဝကြီး:သာ စိတ်ရှည်လက်ရှည် နား:ထောင်ဖို့ ပြင်ဆင်ထား:ပါတော့။

ငယ် သာဓုပါဗျာ၊ သာဓု... သာဓု... သာဓု... ။

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၁၂)

အရိယာလေသံနှင့် ပုထုစဉ်လေသံ

ဒေါင်စာပေ

ငယ် ကိုနန်းအောင် ခင်ဗျားပြောတဲ့ အရိယာလေသံနဲ့ ပုထုစဉ်လေသံဆိုတာကို ထပ်မံပြီး ခွဲခွဲခြားခြား ပြောပြဗျာ။

နန်း ကျွန်တော်တို့လို လေ့လာတဲ့သူတွေက အဲဒီလေသံနှစ်ခုကို ကောင်းကောင်း ခွဲခြားနိုင်တယ်ဆိုတဲ့သဘောပါ။ ဥပမာဗျာ... ၊ လောကုတ္တရာလေသံနဲ့ လောကီလေသံပေါ့။ ပုဂ္ဂိုလ်တစ်ဦးရဲ့လေသံကို နားထောင်ရလျှင် သူဟာ လောကုတ္တရာသမားပဲ။ လောကီသမားပဲ ခွဲခြားလို့ရတယ်ဆိုတဲ့ သဘောပါ။ လောကီက 'ငါ' ကပ်ပါတာပေါ့ဗျာ။ ဘာလုပ်လုပ် ကာပြောပြော အဲဒီ 'ငါ'နဲ့ ပူးတွဲနေတယ်။ မာန်မာနရဲ့သရုပ်ပြတွေပေါ့။

ငယ် ခင်ဗျားလို လေ့လာထားသူတစ်ဦးအဖို့ ကွဲကွဲပြားပြားခွဲခြားနိုင်တယ်ဆိုတာ ကျွန်တော် ယုံတယ်။ ဒါကြောင့် ကျွန်တော်လည်း ခွဲခြားတတ်အောင် သင်ယူချင်လို့ စိတ်ဝင်စားလို့... ။

နန်း ဒါက လွယ်ပါတယ်ဗျာ။ ရှေးဦးစွာ ခင်ဗျား ဘယ်သူ့ကိုမှ အလွယ်တကူ အထင်မကြီးလိုက်နဲ့။ သူတော်ကောင်းတွေရဲ့ အဆုံးအမကိုသာ ပေတံလို ထားပြီး ကိုယ်ပိုင်ဆုံးဖြတ်။ သူတော်ကောင်းဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်တိုင်းဟာ 'ငါ' ပယ်ပြီးသား လေသံထွက်တယ်။ သူတော်ကောင်းမဖြစ်သေးလျှင် 'ငါအတွက်' တွေ သိပ်များတယ်။ သူတော်ကောင်းက သာသနာကို ဦးထိပ်ပန်တယ်။ 'ငါအရာ' ကို ဦးထိပ်မပန်ဘူး။ ဥပေက္ခာပြုတယ်။ 'ငါ' ရှေ့တန်းတင်နေသမျှ လောကုတ္တရာသမား မဟုတ်ဘူး။ မစစ်မှန်ဘူးလို့ တစ်ခါတည်း ဆုံးဖြတ်သတ်မှတ်။ သူတော်ကောင်းက သာသနာအပေါ် ရိုညွှတ်တယ်။ 'ငါအရာ' ကိုသာ ရိုညွှတ်နေလျှင် ပုထုဇဉ်လေသံလို့သာ သတ်မှတ်ဆုံးဖြတ်ရလိုက်တော့။ ဒါမှ ခင်ဗျားအမြင်ကြည်လင်မယ်။ နိဗ္ဗာန်ကို 'ငါ' ပယ်နိုင်စွမ်းရှိတဲ့ သတ္တိထူးနဲ့သာ ဆိုက်ရောက်ဝင်စားနိုင်တယ်ဆိုတဲ့ သူတော်ကောင်းတို့ရဲ့ အဆုံးအမကို ပေတံထား.... အဲဒါ အမှားမရှိဘူး။

ငယ် အေးဗျာ... ၊ ခင်ဗျားတို့အဖို့တော့ ဝင်စားလာတဲ့အတွေ့အကြုံတွေက သိပ်များပြားကြွယ်ဝနေတော့ ချက်ဆို နားခွက်က မီးတောက်ပြီး ဖြစ်မှာ

ပေါ့။ ကျွန်တော် အားကျမိပါတယ်ဗျာ။ ဂုဏ်လည်းယူတယ်။ သင်လည်း သင်ယူမယ်။

နန်း သင်ယူတာ မမှားဘူးဗျ။ ဒါမှလည်း 'ဆရာတင်' မမှားမှာ။ အချို့က တလွဲဆံပင်ကောင်းပြီး ဆရာတင်လွဲချော်နေကြတာ။ အဲဒီပေတံကို အသုံးမပြုတတ်လို့၊ အသုံးပြုရကောင်းမှန်းလည်း မသိကြလို့။ အရိယာသူတောင်ကောင်းတွေရဲ့ အဆုံးအမ၊ ဗဟုသုတ၊ မကြွယ်ဝကြသေးလို့ သူတော်ကောင်းစစ်စစ်တွေကို ဖူးမြော်ပူဇော်ခွင့် ကောင်းကောင်းမရကြရှာလို့ ဒါကြောင့်သာ လောကုတ္တရာအရာမှာ တလွဲဆံပင်ကောင်းနေကြတာ။ ကျွန်တော် တင်ပြတဲ့ပေတံသာအပိုင်ရှိ အဲဒီလောကုတ္တရာ လူလိမ်တွေကို ခင်ဗျား ထိုးဖောက်သိမြင်လာလိမ့်မယ်။ 'ငါမာန်' သမားတွေ အရိယာလေသံပေတံနဲ့ နည်းနည်းမှ မကိုက်ညီဘူး။ အတ္တသံ၊ မာနသံ၊ ပုထုဇဉ်သံတွေ လွှမ်းနေတာပဲ။

ငယ် ဟုတ်တာ၊ မဟုတ်တာ၊ ခွဲခြားသိနားလည်နိုင်တယ်ဆိုတာလည်း ဂုဏ်ပါပဲဗျာ။

နန်း ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် ကျွန်တော်တို့က ဆရာကောင်း သမားကောင်းထဲ နည်းနာခံယူခွင့် ရရှိခဲ့ဖူးတာကိုးဗျ။ သူတော်ကောင်းအဆုံးအမမှာ ယဉ်ကျေးခဲ့ဖူးတာကိုး။ ကျွန်တော်တို့လေသံပဲ ကြည့်ပေါ့။ သူတော်ကောင်းကို ဖူးတွေ့ဘူးတဲ့ လေသံအပြည့်ပါတယ်။ ဒါအမှန်တရားပဲ။ ပြတ်သားဖို့လိုအပ်တဲ့နေရာမှာ ပြတ်သားကြည်လင်တဲ့ အမြင်ရှိပေမယ့် အောက်ခြေမလွတ်ဘူး။ သူတော်ကောင်းတွေကို အရာရာမှာ ဦးဖယ်လေ့ရှိတယ်။ ဘဝင်မြင့်လေသံကင်းတာပေါ့။ အမြင်ပီပြင်လို့ ရှင်းရှင်းပြတ်ပြတ်ပြောတာတစ်ကယ်။ သူတော်ကောင်းတွေကို ဦးဖယ်တာတစ်ကယ်။ ငါတစ်ကောကောလေ့မရှိဘူး။ သာသနာဦးထိပ်ပန်ဖို့ သတိရှိတယ်။ အဲဒါ ကွာခြားချက်ပဲ။ သူတော်ကောင်းအဆုံးအမ မရဘူးသူက ဘယ်လောက် လောကုတ္တရာအကြောင်း ပြောပြော... သူတော်ကောင်းအတွက် ချန်မပြော

ဟတ်ဘူး။ သတိလက်လွတ်နဲ့ ငါမာန်ဝင်ပြီးပြောတယ်။ အဲဒါ ထိုးဖောက်မြင်တတ်လျှင် လောကတွာရာလိုက်စားလို့ကောင်းတာပေါ့ဗျာ။ 'ဆရာတင်' မမှားဘူးပေါ့။ အခုလို ရှင်းရှင်းဘွင်းဘွင်း ပြောပြနေရတာလည်း ခင်ဗျား ကိုယ်တိုင် ကွဲကွဲပြားပြား ခွဲခြားတတ်စေချင်လို့ပါ။ ဥပမာဗျာ... ခွက်တစ်ခုတည်းကို ခင်ဗျားတစ်ခုခုထည့်လိုလျှင် အဲဒီခွက်ထဲမှာ ဘာရှိနေလဲ။ ရှိနေတာတွေက ခင်ဗျားထည့်မယ့်အရာနဲ့ သဟဇာတမဖြစ်လျှင် အဲဒီခွက်ကို သန့်စင်ပစ်ရမယ်။ ကျွန်တော်လည်း ခင်ဗျားရင်ထဲ အရိယာဆိုတဲ့ သဘောအနက်ကို ထည့်သွင်းချင်လို့ ခင်ဗျားရင်ထဲမှာ ရှိနိုင်တဲ့ ကွဲပြားမှုတွေကို သန့်စင်ပစ်ဖို့ကြိုးစားပေးတာ။ ဒါမှ ကြည်ကြည်လင်လင် ပီပီပြင်ပြင် အရိယာသဘောတွေ၊ အနက်အဓိပ္ပာယ်တွေ ကိန်းအောင်းလာမှာ၊ ခင်ဗျားကိန်းအောင်းမှ ခင်ဗျား စာဖတ်ပရိသတ်ကြီးကို 'ကိန်းအောင်း' စေနိုင်မှာ။ ဒါကိုရည်ရွယ်ပြီး ကျွန်တော် ရှင်းပြပေးတာ။ ကျွန်တော့်မှာ မလိုအပ်တဲ့ပုဂ္ဂိုလ်စွဲ အာဃာတမျိုးမရှိဘူး။ ဒါကို ခင်ဗျားယုံ... ။ ခင်ဗျား အဟုတ် သက်သက်ရှင်းပြပေးတာလို့သာခံယူ။ အဲဒါ ခင်ဗျားဘက်က အမှန်အကန် ခံယူချက်ပဲ။

ငယ် ကျွန်တော် နားလည်ပါတယ်ဗျာ။ ဒါတွေ ကျွန်တော်ပဲ သိချင်နေတာ။ အမှားအမှန်ခွဲခြားဝေဖန်နိုင်မှလည်း အရိယာဘက် ယိမ်းမှာပေါ့။ ကျွန်တော် ကျေးဇူးတင်ပါတယ်ဗျာ။ သာဓုလည်းခေါ်ပါတယ်။

နန်း ရပါတယ်ဗျာ။ ကျွန်တော့်တာဝန်ပါ။ ခင်ဗျားကိုလည်း သာဓုခေါ်ပါတယ်။

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၁၃)

အာရိယာဖြစ်ချင်လျှင်

ဒေါင်စာပေ

ငယ် ကိုနန်းအောင်... ကျွန်တော် အရိယာဖြစ်ချင်တယ်ဗျာ။ ခင်ဗျားဘာကူညီနိုင်လဲ... ဘယ်လိုကူညီနိုင်လဲ။

နန်း ခင်ဗျား အရိယာဖြစ်ချင်တာကို ကျွန်တော် ရာနှုန်းပြည့် ကူညီနိုင်မယ်လို့ မပြောတာကိုတော့ ခင်ဗျားလည်း လက်ခံမှာပါ။ ဒါပေမယ့် ကျွန်တော် ခင်ဗျားကို အရိယာသူတော်စင်တွေက နိဗ္ဗာန်တွေ့ဖူးတယ်ဆိုတာကို ပြောပြမယ်ဗျာ။ အရိယာဖြစ်ချင်သူတွေ သိထားဖို့လိုအပ်နိုင်တယ်။

ငယ် ပြောဗျာ... ကုန်စင်အောင်ပြော။ အရိယာဖြစ်လိုသူတွေ သိထားသင့်တဲ့ အကြောင်းအရာတွေ အကုန်ပြော... ။

နန်း အရိယာဆိုတာ နိဗ္ဗာန်ကို မြင်ဖူးထားတော့ ရိုးရိုးလူတွေနဲ့ နှိုင်းစာလျှင် အမွန်မြတ်ဆုံးအရာမှာ အအံ့သြဆုံး အံ့သြမှုနဲ့အတူ တွေ့ကြုံခံစားဖူးတဲ့ ပုဂ္ဂိုလ်ထူးတွေပေါ့။

ငယ် နိဗ္ဗာန်ဆိုတာကတော့ ပုထုဇဉ်အတွက် အိပ်မက်မက်လို့မရတဲ့ မွန်မြတ်သန့်စင်မှုရတနာသုခ တစ်မျိုးပဲပေါ့နော်။

နန်း နိဗ္ဗာန်ဆိုတာ အရိယာတို့ရဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့မှ အပ်စပ်တာ။ ဒီတော့ ပုထုဇဉ်တွေအဖို့ ယောင်လို့ မှားလို့တောင် အိပ်မက်မမက်နိုင်ဘူး။ အရိယာစစ်စစ် မဖြစ်သေးသမျှလည်း နိဗ္ဗာန်ကို ကိုယ်တွေ့ကြုံ ဖာသာနားလည်ဖို့မဖြစ်နိုင်ဘူး။ ကြားဖူးနားဝ မှန်းဆကြည်ညိုရတဲ့သဘောပဲ။

ငယ် ခင်ဗျားအနေနဲ့ရော...

နန်း ကျွန်တော်ကတော့ ခင်ဗျားလည်း သိသားပဲ။ သူတော်စင်ကို ဖူးတွေ့ဘူးတယ်။ အဆုံးအမ နာယူဖူးတယ်။ တပည့်ခံခွင့်ရခဲ့ဖူးတယ်ပေါ့။ ဒီတော့ သူတော်ကောင်းတို့ရဲ့ အဆုံးအမမှာ ယဉ်ကျေးလိမ္မာဖူးတာပေါ့။ ဗဟုသုတလည်း ရှိတာပေါ့။ ဒါကြောင့်လည်း ခင်ဗျားတို့ကို ပြန်ပြောပြနိုင်တာပေါ့။

ငယ် ဟုတ်ပါပြီလေ... ။ ခင်ဗျားက ဂဃနဏသိထားတော့ ဂဃနဏပဲ ပြန်ပြောနိုင်တာပေါ့။

နန်း ပြောနိုင်တယ်... ။ စိတ်ချ... ။ ပြောလည်း ပြောပြမယ်။ အမှန်အကန် ဖြစ်ကြောင်းလည်း အာမခံတယ်။ ပြောပြပေးဖို့လည်း လိုအပ်လို့မယ် ထင်တယ်။ ခင်ဗျားတို့လို ပုဂ္ဂိုလ်တွေအတွက် အထူးလိုအပ်တယ် မမှား မယွင်းစေချင်ဘူး။

ငယ် ဟာ... လောကုတ္တရာမှာတော့ အမှားဘယ်ခံနိုင်ပါ့မလဲဗျာ။ လောကီ ဆိုလျှင် တော်သေးတယ်။

နန်း မှားယွင်းတယ်ဆိုတာတော့ ဘယ်ကောင်းတယ်ရှိပါ့မလဲဗျာ။ ဒါပေမယ့် လောကုတ္တရာကတော့ အဓိကပဲပေါ့။ သံသရာကိစ္စဆိုတော့ တစ်ဘဝ တည်းနဲ့လည်း ပြီးတာမဟုတ်ဘူး။ ပိုလို့တာဝန်ကြီးတာပေါ့။ ပိုလို့လည်း အရေးပါအရာရောက်တာပေါ့။ ကျွန်တော်ကတော့ ပြောလျှင် အာမခံနဲ့ ပဲ ပြောတယ်။ ပုဂ္ဂလလည်း မဆန်ဘူး။ တတ်နိုင်သမျှ ဓမ္မဓိဋ္ဌာန်ကျကျ ပဲပြောတယ်။ စေတနာမေတ္တာထားပြီးလည်း ပြောပါတယ်။ 'ငါရိပ် ငါသံ' လွတ်ကင်းအောင် သတိထားပြောပါတယ်။

ငယ် ဒါကြောင့်မို့လည်း ခင်ဗျားရဲ့လေသံတွေကို အကဲခတ်၊ အမြဲဖတ်နေကြတဲ့ စာဖတ်ပရိသတ်ရှိတာပေါ့။

နန်း ဝမ်းသာပါတယ်ဗျာ... ။ ဒါတော့ ခင်ဗျားရဲ့ကျေးဇူးပါ။ ခင်ဗျားရေးပြတတ်လို့ ဖတ်လာကြရတဲ့ဟာပဲ။

ငယ် ကျွန်ဝေဘ်က ရေးတာလည်း ရေးတာပေါ့။ ဒါပေမဲ့ ခင်ဗျားပြောတာက အဓိကကျပါတယ်။ တစ်ခုပဲရှိတာ။ ကျွန်တော်က မျက်ကန်းကြီးတော့ တင်မပြရဲဘူးပေါ့။

နန်း ဒါတော့ စိတ်ချဗျာ။ ကျွန်တော် ဘယ်တော့မှ မျက်ကန်းယုံ၊ ယုံဖို့မပြောဘူး။ နောက်ပြီး တင်ပြတဲ့နေရာမှာ ခင်ဗျားချန်ချင်တာ ချန်လို့ရနေတာပဲ။

ငယ် ဟိုး... ဟိုး... ကျွန်တော့်ကို ခင်ဗျားစာဖတ်ပရိသတ်ကြီးနဲ့ တိုက်မပေးနဲ့။ ကျွန်တော် ခင်ဗျားစာတွေကို ဆင်ဆာလုပ်ခဲ့တယ်။ ဒါတောင် ခင်ဗျား

ပရိသတ်က အားမလိုအားမရဖြစ်ရတာတွေ ရှိနေကြသေးတာ မလုပ်ပါနဲ့။ ကျွန်တော် အကြောင်းမဲ့ မဖြတ်တောက်ရဲပါဘူး။ ထပ်ပြီးတောင်တောင်းဆိုချင်ပါသေးတယ်။ ဒီထက် ဒဲ့ဒိုး ပြည့်ပြည့်စုံစုံပြောပြပေးပါဆိုတာကို... ။

နန်း ဒီလိုလား... ရပါတယ်။ ဒီကရှေ့လျှောက် ဒဲ့ဒိုးတွေ ပြောကြဆွေးနွေးကြတာပေါ့။!

ငယ် ကျွန်တော်ပြောတာက ပြောစရာဆိုစရာရှိတာတွေ ပြည့်ပြည့်စုံစုံ ကုံကုံcc ပြောကြဖို့ပြောတာပါ။

နန်း ရပါတယ်၊ ပြောကြတာပေါ့။ ကျွန်တော်ကလည်း ခြွင်းချန်ချင်တာ မဟုတ်ဘူး။

ငယ် ပရိသတ်ဆိုတာ စိတ်ဝင်စားပြီဆိုလျှင် ရာနှုန်းပြည့် သိရမှကျေနပ်ကြတာ။

နန်း ပြောသင့်ပြောထိုက်လာပြီဆိုလျှင် ကျွန်တော် ပြည့်ပြည့်စုံစုံ ပြောပါ တယ် ကိုချစ်ငယ်ရယ် ရည်ရွယ်ချက်နဲ့ တမင်ခြွင်းချန်ထားတယ်ဆိုတာ မရှိပါဘူး။ မတော်တဆ ကြွင်းကျန်ခဲ့တယ်ဆိုလည်း ခွင့်လွှတ်ပါ။

ငယ် ရပါတယ်။ ကျွန်တော်က အကျိုးအကြောင်းပြောတာပါ။ ကိုနန်းအောင် ပြောသင့်ရာရာကို မပြောဘဲ တမင်ချန်ထားတယ်ဆိုတာ မရှိမှန်း ကျွန်တော် သိပါတယ်။

နန်း ခက်တာက နီဗွာန်အကြောင်း၊ ရဟန္တာအကြောင်း၊ အရိယာအကြောင်းတွေ ဆိုတာက ပြည့်စုံနိုင်ခဲဘိခြင်းလား။ ပြောလို့ကုန်နိုင်ဖွယ်ရာလည်း ရှိမှာမဟုတ်ပါဘူး။ နောက်ပြီး ကျွန်တော်တို့ အသိဉာဏ်အရာကလည်း သိတဲ့အတိုင်းပဲ။ အကန့်အသတ်တွေနဲ့ဟာ... ။

ငယ် ဟုတ်ပါတယ်။ ကိုနန်းအောင် အခုလောက်ဖွင့်ပြောပြနေတာကိုပဲ ကျေးဇူးတင်နေကြရတာပါဗျာ။

နန်း တစ်ခုတော့ ဝန်ခံမယ်ဗျာ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီအကြောင်းအရာတွေ၊ အရိယာအကြောင်းတွေကို ကြည်ညိုဝင်စား ပူဇော်လို့ မရောင့်

ရဲနိုင်အောင် ဖြစ်မိခဲ့ပါတယ်။

ငယ် ဗုဒ္ဓဘာသာဝင်တွေအတွက်ကတော့ ဒီအကြောင်းအရာတွေဟာ ရောင့်ရဲစရာ မရှိကြောင်း သေချာနေတာပဲဗျာ။ ဟင်္သာများဟာ ကြာမျိုးငါးပါးနဲ့ပြည့်စုံတဲ့ ရေကန်မှာပျော်ဖို့ မရောင့်ရဲကြဘူးတဲ့။

နန်း ဟုတ်ပါပြီဗျာ... ။ သမုဒ္ဒရာကြီးဟာ မြစ်ချောင်းအသွယ်သွယ်က စီးဆင်းလာသမျှ ရေတွေကို ရောင့်ရဲပြီဆိုပြီး ဟန့်တားရိုးထုံးစံမှ မရှိတာ။

ငယ် အေးဗျာ... ။ ဒီတော့ ဆက်ပြောဦးဗျာ။

နန်း မိမိပြကတိအရှိ အခြေအနေမှ မရွေ့လျောတတ်တဲ့ ပြုပြင်စီရင်မှုကင်းတဲ့ အမြတ်ဆုံးနိဗ္ဗာန်ကို မြတ်စွာဘုရားတိုင်း ဟောတော်မူကြတာ။ အပျက်မှ လွန်မြောက်ရာ မင်္ဂလာဖိုလ်ဉာဏ်များနဲ့သာ မျက်မှောက်ပြုနိုင်တာ။ တဏှာအစေးတို့ မကပ်ငြိနိုင်ရာ ကုန်ရာခန်းရာကို နိဗ္ဗာန်လို့ဖွင့်ဆို ဟောမိန့်တော်မူကြတာ ခင်ဗျားတို့ ကျွန်တော်တို့ နာကြားလို့ ဘယ်ဝန်ခံမလဲဗျာ။

ငယ် အေးဗျာ... ၊ ဟုတ်ပေတာပဲ။ သာဓုခေါ်တယ်ဗျာ... ။

(သာဓု... သာဓု... သာဓု...)

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၁၄)

ဟောကြားမြင်

အောင်စာပေ

ငယ် ကိုနန်းအောင်... ခင်ဗျားရဲ့လောက အမြင်လေး ဘာလေးကြားချင်တယ်ဗျာ။ လောကုတ္တရာအမြင်ကိုတော့ အထိုက်အလျောက် ကြားနာပြီးပြီ။

နန်း လောကအမြင်လား။ လူသားတွေက မျှော်လင့်တာတွေ သိပ်များနေကြတယ်ဗျ။

ငယ် အကောင်းဆုံးကို မျှော်လင့်ခွင့်ရှိတယ်။ အဆိုးဆုံးအတွက် ပြင်ဆင်ထားလျှင် ပြီးတာပဲဆို။

နန်း ဒါပေမယ့် လူတွေက အကောင်းဘက်ကိုပဲ အလေးပေးမျှော်လင့်နေကြတယ်ဗျ။ တကယ့်သဘာဝက အဲဒီလောက်အကောင်းရာခိုင်နှုန်းမများဘူး။ သို့မဟုတ် မများဘူးလို့ပဲ ့တွက်ထားရမယ်။

ငယ် ခင်ဗျားက အကောင်းမြင်ဝါဒီကို လက်မခံဘူးလား။

နန်း ကျွန်တော်က ယထာဘူတသမားဖြစ်ချင်တယ်။ အဆိုးမြင်ဝါဒကို မုန်းတယ်။

ငယ် အဆိုးမြင်ဝါဒကတော့ မုန်းစရာကြီးပဲလေ။

နန်း လောကီအမြင်ကျတော့ ခင်ဗျားက ကျွန်တော်နဲ့ ရင်ဘောင်တန်း ယှဉ်နိုင်သားပဲ။

ငယ် ကျွန်တော်ကတော့ ခင်ဗျားကို ရင်ဘောင်မတန်းဘူး။ ကျွန်တော့်အမြင် ကျွန်တော် ပြောတာ။

နန်း လောကီမှာတော့ ခင်ဗျား ကျွန်တော့်ကို ယှဉ်နိုင်ပါတယ်။

ငယ် ဒါပေမယ့် ဒီလိုရှိတယ်လေ။ လောကီအမြင်မှာ ခင်ဗျားကိုမှီချင်လည်း မှီမယ်။ မမှီချင်လည်း မမှီဘူး။ အချို့နေရာတွေမှာ ကျော်ချင်တောင် ကျော်သွားနိုင်တယ်။ ဒါပေမယ့် လောကုတ္တရာ အမြင်သန်တဲ့မိတ်ဆွေတစ်ဦးရဲ့လောကအမြင်ကိုတော့ ကျွန်တော်တို့ လေးစားရမယ်။ ဖယ်ထားလို့မဖြစ်ဘူး။

နန်း ကျေးဇူးတင်ပါတယ်ဗျာ။ သဘာဝလည်း ကျပါတယ်။ ခင်ဗျားပြောသလို လောကအမြင်မှာ ခင်ဗျားသာတဲ့အပိုင်း ရှိချင်ရှိမယ်။ ဒီတော့ ပွင့်ပွင့်

လင်းလင်းပြောပါ။ ကျွန်တော် နားလည်တတ်ပါတယ်။

ငယ် လောကုတ္တရာလိုတော့ တစ်ဖက်သတ်ဟုတ်ချင်မှ ဟုတ်မှာပေါ့။ ဒါပေမဲ့ ကျွန်တော်က လောကုတ္တရာအမြင်ကို ပိုမိုတန်ဖိုးထားပါတယ်။ ကဲ... ခင်ဗျားရဲ့လူတွေက မျှော်လင့်ချက်ကြီးမားတတ်ပုံကို ဆက်ပါဦး။

နန်း လူတွေက အကောင်းကို သိပ်မျှော်လင့်ချင်ကြတာ။ သဘာဝတရားမှာ အဲဒီလောက်ပေးစရာရှိပုံမလား လို့ ကျွန်တော် စဉ်းစားနေမိတယ်။

ငယ် သဘာဝတရားက ဒီလောက်ထိသဘောမကောင်းလျှင်လည်း အရှိကို အရှိတိုင်း ခံယူနားလည်တတ်ရမှာပေါ့ဗျာ။

နန်း ကျွန်တော် အဲဒါကိုပြောတာ။ သဘာဝတရားအပေါ် သိပ်မျှော်လင့်ပိုင်ခွင့် ရှိရဲ့လား လို့။

ငယ် ဒါကတော့ ကျွန်တော်တို့ရဲ့ အသိပညာနယ်ပယ်ရဲ့ အကန့်အသတ်အတိုင်း အတာကြောင့် နေမှာပါဗျာ။ သဘာဝတရားကတော့ ဒီအတိုင်းပဲနဲ့တူပါတယ်။

နန်း ကျွန်တော် စဉ်းစားချင်တာက အဲဒီ ကျွန်တော်တို့ရဲ့ အသိပညာစက်ဝိုင်းကို ဘယ်ဟာက အကန့်အသတ်လုပ်တာလဲ... ၊ အဲဒါ... သိချင်တာ။

ငယ် ဒါလည်း သဘာဝတရားကပဲ နေမှာပေါ့ဗျာ။

နန်း ဖြစ်လာတ့ာက သဘာဝတရားဟုတ်တယ်လေ။ လုပ်လိုက်တာက ဘယ်ကလဲ... ။

ငယ် ခင်ဗျားက အဝိဇ္ဇာလို့ ပြောချင်လို့လား။

နန်း အင်း... သူလည်း အနည်းနဲ့အများတော့ပါမှာပဲ။ သူက ခြုံငုံတရားခံပဲနဲ့တူတယ်။

ငယ် အကြောင်းအကျိုး ဆက်စပ်မှုလိုင်းအတိုင်း ရှိပါလိမ့်မယ်။ ခင်ဗျားပြောသလို သဘာဝတရားအပေါ် သိပ်မျှော်လင့်မထားဘဲ ကိုယ်လုပ်နိုင်တာ ကိုယ်လုပ်နေဖို့ပဲနဲ့တူပါတယ်။ ဒါပေမယ့် ခက်တာက တစ်ခါတစ်ခါ ကိုယ်ဆိုတာ ကိုယ်တစ်ယောက်တည်း မဟုတ်ဘဲ ကိုယ်နဲ့ပတ်ဝန်းကျင်

နဲ့ ပူးပေါင်းထားတဲ့ အဓိပ္ပာယ်မျိုးနဲ့ ဖော်ဆောင်နေတတ်တယ်။ ဆိုလို တာကဗျာ... ကျွန်တော်ဆို ခင်ဗျားနဲ့ဆုံမှ ဒါမျိုးတွေ ဝင်စားမိတယ်။ ကျွန်တော်တစ်ဦးတည်းဆို ဒါမျိုးတွေ ဒီလိုမဝင်စားဘူး။ ကဲ... ဒီတော့... ကျွန်တော်ဟာ ကျွန်တော်မဟုတ်ဘူး။ ပတ်ဝန်းကျင်နဲ့ပူးပေါင်းပေးပြီးမှ ကျွန်တော် ဖြစ်လာတယ်။ ဒီတော့ ကျွန်တော်ဆိုတာ သီးခြားကြီး မဟုတ်ဘဲ ပတ်ဝန်းကျင်နဲ့ ပေါင်းညှိကိုက်ညီရတဲ့သဘောပေါ့။ ဒီတော့ အကောင်းဆုံးလုပ်နိုင်သမျှ လုပ်ချင်လျှင် အကောင်းလုပ်နိုင်မည့် ပတ်ဝန်းကျင်ကို ထိတွေ့ကျင်လည် ကျက်စားဖို့ လိုအပ်ပေလိမ့်မယ်။ ပတ်ဝန်းကျင်က ကျေးဇူးပြုတယ်ဆိုတဲ့ သဘောပေါ့။ ပတ်ဝန်းကျင်ကို လေးစားတန်ဖိုးထားတတ်ရမယ့်သဘောပေါ့။

နန်း ပတ်ဝန်းကျင်ဆိုတာတော့ ပစ်ပယ်လို့မရဘူးပေါ့ဗျာ။

ငယ် အဲဒါအမှန်ပဲဗျ... ။ ကိုနန်းအောင် ပတ်ဝန်းကျင်ဟာ ကိုယ်နဲ့အသင့်တော်ဆုံးဖြစ်လျှင် အဲဒါကံကောင်းတာပဲလို့ ဆိုရမယ်။ ကျွန်တော် ဒီလိုပဲ ယူဆတယ်။

နန်း ကျွန်တော့်ပတ်ဝန်းကျင်ရဲ့ ပံ့ပိုးမှုကို လျှော့မတွက်ပါဘူးဗျာ။

ငယ် အားလုံးဟာ အသီးသီးအတွက် သင့်တော်ကောင်းမွန်တဲ့ ပတ်ဝန်းကျင်လေးတွေ ဖြစ်စေချင်တယ်။ ဖြစ်ပါစေလို့လည်း ဆုတောင်းလိုတယ်။

နန်း ဆုလည်းတောင်းပေါ့ဗျာ။ ကိုယ်တိုင်ကလည်း ရွေးပေါ့။ ကိုယ့်အတွက် သင့်တော်တဲ့ ပတ်ဝန်းကျင်ဟုတ်မဟုတ်ဆိုတာ... ။ မဟုတ်တဲ့ပတ်ဝန်းကျင်မှာ ဇာတ်မျောကြီးဖြစ်နေလျှင်တော့ ဘဝကျေးဇူးယုတ်လျော့သွားနိုင်တာပေါ့။

ငယ် ဒီလိုဆိုသင့်တော်တဲ့ ပတ်ဝန်းကျင်ကို ရွေးချယ်ကျင်လည်း ကျက်စားနိုင်ကြပါစေလို့ ဆုတောင်းရမှာပေါ့ဗျာ။

နန်း ပတ်ဝန်းကျင်ဟာ အရာရာကို ထိန်းချုပ်တယ်လို့ မဆိုလိုတောင် တစ်စုံတစ်ရာတော့ ဖြစ်စေတယ်လို့ ခံယူရမှာပေါ့ဗျာ။

ငယ် လူတွေဟာ လူသားတွေအတွက် ကောင်းမွန်သော အကျိုးပြုပတ်ဝန်းကျင်ဖြစ်ဖို့ ကြိုးစားကြရတာ လူသားအားလုံးရဲ့ အလုပ်ပဲနဲ့တူပါတယ်ဗျာ။ ကျွန်တော်ကလည်း ခက်တာက 'ငယ်'နေတယ်ဗျာ။ ဒီလိုမဟုတ်လျှင် ပတ်ဝန်းကျင်ကောင်းကောင်းလေးအဖြစ် လူသားအားလုံးအတွက် ရပ်တည်ပေးချင်ပါတယ်။

နန်း ရပ်တည်နိုင်သလောက် ရပ်တည်ပေးနေရတာလည်း ဘဝတန်ဖိုးပါပဲဗျာ။

ငယ် ဟုတ်ပါတယ်လေ။ "Something is better than nothing" ဆိုတာလို တတ်နိုင်သလောက် လုပ်ဆောင်ခြင်းဟာ ဘာမှမလုပ်တာ မဟုတ်ဘူးပေါ့ဗျာ။

နန်း အေးဗျာ သာဓုခေါ်ပါတယ်။

သာဓု... သာဓု... သာဓု... ။

အောင်စာပေ

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၁၅)

ခံစစ်နှင့်တာဝန်

အောင်စာပေ

နန်း ကျွန်တော် တစ်ခုတော့ ပြောနိုင်မလားမသိဘူးဗျာ။

ငယ် ပြောဗျာ... ။

နန်း ဘဝတစ်ခုရှင်သန်ရာမှာ လောဘ ဒေါသ မောဟနဲ့ပတ်သက်လာလျှင် ဆင်ခြင်နိုင်တာ လျော့နည်းစေနိုင်တဲ့အကျင့်ဟာ အကျိုးရှိစေမယ်လို့ ယုံကြည်အပ်တဲ့သဘောပေါ့ဗျာ။

ငယ် ခင်ဗျားပြောသလို ကျွန်တော် ဖွင့်မပြောဖြစ်ပေမယ့် ဒီအချက်ကို ကျွန်တော် ငြင်းဆန်လို့ဘယ်ဖြစ်မလဲဗျာ။

နန်း ကျွန်တော်တော့ ဒါဟာ ခံစစ်ပဲလို့ ယူဆတယ်။ တိုက်စစ်နဲ့ပတ်သက်လို့တော့ ခင်ဗျားကြိုက်နှစ်သက်ရာလုပ်ပေါ့ဗျာ။ ဒါနဲ့မှအစ ဘာဝနာအဆုံး ခင်ဗျားကြိုက်ရာလုပ်ပေါ့။ ဒါပေမဲ့ ခင်ဗျားအမြဲလုပ်ချင်မှ လုပ်နိုင်မှာ။ အဲဒီလို မလုပ်နိုင်ချိန်မှာ ခံစစ်ဖြစ်တဲ့ လျော့နည်းစေတဲ့အကျိုးဟာ အကျိုးပြုနိုင်တယ်လို့ ကျွန်တော်တော့ ယုံကြည်မိတယ်။ လူဟာအတော်အသင့် အတိုင်းအတာအထိတော့ မောဟလည်း ရှိကြတယ်။ လောဘ ဒေါသလည်း ရှိကြတယ်ပေါ့။ ဒါပေမဲ့ အကန့်အသတ်လေးရှိထားလျှင် ပိုကောင်းတတ်တယ်လို့ ယူဆချင်တယ်။ ကျွန်တော်ပြောတဲ့ ခံစစ်ကျင့်စဉ်ပေါ့။

ငယ် ကျွန်တော် မငြင်းဆန်ပါဘူးဗျာ။ လူဆိုတာ နိမ့်တုံမြင့်တုံရှိတတ်ကြတာပဲ။ အဲဒီလိုပဲ တိုက်စစ်မရှိနိုင်တဲ့အခါ ခံစစ်ကို ခိုင်ခိုင်မာမာ ကျင့်ကြံတတ်ဖို့ကတော့ လိုအပ်မှာပါ။

နန်း ဘဝဆိုတာ သိပ်စိတ်ကူးယဉ်လို့တော့ရမှာ မဟုတ်ဘူးပေါ့ဗျာ။ နိမ့်တုံနဲ့ကြုံဆုံတဲ့အခါ ခံစစ်ဟာအကျိုးရှိစေတတ်တာကို အသိအမှတ် သတိပြုထားတတ်တဲ့ သဘောပေါ့။ ဒီတော့ စိတ်လည်း မပျက်လွယ်ဘူး။ အားလည်းမငယ်ဘူး။ နိမ့်ကျမှုနဲ့ ယှဉ်တောင် အားမငယ်ဘူးပေါ့။

ငယ် ဟုတ်ပါတယ်။ သတိပြုအပ်တဲ့ ခင်ဗျားရဲ့ခံစစ်ကျင့်စဉ်ကို ကျွန်တော် ထောက်ခံပါတယ်။

နန်း ခံစစ်ကတော့ သိပ်လည်း စွန့်စားရတာ မဟုတ်တော့ ကျင့်ပျော်ပါတယ်ဗျာ။ နောက်ပြီး အကျိုးပြုလုပ်ငန်းမှာ တာဝန်လေးဘာလေး ယူထားတာတို့ ဘာတို့ကတော့ မမှားနိုင်ဘူးဗျ။ လုံခြုံတာပေါ့။

ငယ် ဒါကတော့ တာဝန်ယူနိုင်တဲ့အဆင့်ရောက်ဖို့ လိုမှာပေါ့ဗျာ။ တစ်ခါတစ်ခါကျတော့လည်း လူက တာဝန်ပျောက်နေတတ်တယ်။

နန်း တာဝန်ပျောက်တာတော့ မကောင်းဘူးပေါ့ဗျာ။ တာဝန်မရှိသေးလို့ ထမ်းဆောင်နိုင်အောင် ပါရမီဖြည့်ဆည်းဆဲဆိုလျှင် တော်သေးတာပေါ့။ တာဝန်ရှိပြီးမှ ပျောက်သွားရတယ်ဆိုလျှင်တော့ တာဝန်သိသိ သစ္စာရှိရှိ မလုပ်တတ်ခဲ့လို့ပေါ့။

ငယ် တစ်ခါတစ်ခါ လိုင်းဘောင်လွတ်တတ်ကြတယ်လေ။ အဲဒီလိုဖြစ်သွားလျှင် တာဝန်ပျောက်ကိန်းပေါ်တတ်တယ်။

နန်း တာဝန်ထမ်းဆောင်ချင်တာကတော့ ပါရမီလို့ဆိုရမလားမသိဘူးနော်။ အချို့ကတော့ ဗီဇပါ။ တာဝန်ယူချင်ကြသလိုပဲ။ တချို့ကျတော့ အတ္တပဲဗဟိုပြုချင်ကြတယ်။

ငယ် တာဝန်ယူရတယ်ဆိုတာ သေးငယ်တဲ့ကိစ္စမှ မဟုတ်ဘဲဗျာ။ နောက်ပြီး တာဝန်ကျလာပုံကလည်း ကြောင်းကျိုးညီညွတ်စွာ ကျလာတာမျိုးပဲဖြစ်မှာ။ ပရမ်းပတာကျလာတာမျိုး မဟုတ်ဘူး။ ဒါကြောင့်လူတစ်ဦးဟာ သစ္စာတာဝန် အကျိုးပြုတာဝန် သာသနာ့တာဝန် တစ်ခုခုရလာလျှင် သူဟာ ပါရမီရှိခဲ့လို့ပဲ ဖြစ်ရမယ်။ တာဝန်က ပေါက်လွတ်ပဲစားကျမလာနိုင်ဘူး။

နန်း ဒါတော့ ကျွန်တော် ဘဝင်ကျကျယုံတယ်ဗျာ။ ကျွန်တော်ဆို အခက်အခဲနဲ့ တာဝန်ယူရတဲ့ဘဝကို ပိုတောင်းဆိုတယ်။ ပန်းခင်းလမ်းမှာ တာဝန်မဲ့လျှောက်ရတာကို ဂုဏ်မယူချင်ဘူး။ မကြည်နူးမိနိုင်ဘူးပေါ့ဗျာ။

ငယ် တာဝန်နဲ့ အခက်အခဲဆိုတာတော့ ဒွန်တွဲတတ်တာပဲလေ။ ဒါပေမဲ့ တာဝန်ဆိုကတည်းက ဆုပေးဒဏ်ပေးစနစ်ရှိလေတော့ ဆုရတဲ့အခါလည်း

သာယာကြည်နူးစရာ ကောင်းမှာပေါ့ဗျာ။

နန်း ဒါတော့လည်း ရှောင်လွဲလို့မရပေဘူးလေ။ တာဝန်ကျေပြီးသူတိုင်းဟာ ဆုလာဘ်ခံစားစံစားရတာ ဓမ္မတာပဲပေါ့။ ကိုယ်ကသာ မမျှော်ကိုးမိဖို့ အရေးကြီးတယ်။ မျှော်ကိုးလိုက်လျှင် 'ဆန်ပေးဆေးရ' ဆိုသလို ဖြစ်သွားမယ်။ တာဝန်ကို ခုတုံးလုပ်သလို ဖြစ်သွားမယ်။ ဆုလာဘ်ဆိုတာ ကိုယ့်အပိုင်းကိုယ့်ကိစ္စ မဟုတ်ဘူးလို့ ခံယူထားလျှင် အကောင်းဆုံးနေလိမ့်မယ်။

ငယ် လာဘ်မျှော်တဲ့ကိစ္စကတော့ တာဝန်ယူသူတွေ ပယ်စွန့်ထားရမယ့်ကိစ္စပဲလေ။ တာဝန်ယူချင်ပါတယ်ဆိုပြီး အတွင်ဗဟိုပြုနေလျှင် ဘယ်ဟုတ်တော့မလဲ။ အာဇာပန်းရောင်တွေ ဖြစ်ကုန်ကြတော့မှာပေါ့။

နန်း ကျွန်တော်ကတော့ အာဇာနည်ပဲ ဖြစ်ချင်တယ်နော်။ ခင်ဗျားကို အပီပြောထားတာ။

ငယ် ကောင်းပါပြီဗျာ။ လှိုက်လှိုက်လဲလဲ သာဓုခေါ်လိုက်ပါ့မယ်။ သာဓု... ...သာဓု... သာဓု... ။

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၁၆)

ထောက်တည်ရာအခြေအနေ

ဆောင်စာပေ

ငယ် ကိုနန်းအောင်... ဆရာကောင်းကို ချဉ်းကပ်မိလို့ ရရှိတဲ့ ထောက်တည်ရာ အခြေအနေတွေဆိုတာ ပြောပြပါဦးဗျ။

နန်း ဆရာကောင်းကို ချဉ်းကပ်မိတော့ ထောက်တည်ရာရတဲ့သဘောမှာ ကိုယ်ပိုင်ဉာဏ် ထူးခြားလာတော့ပေါ့ဗျာ။ အကျိုးကျေးဇူးခံစား စံစားခွင့် ရှိတာတွေကို ခံစားရတဲ့အပြင် မအပ်စပ်တဲ့အရာတွေအတွက်လည်း မမျှော်လင့်တတ်တော့ဘူးပေါ့ဗျာ။ ဒီတော့ ကိုယ့်ကိုယ်ကို ယုံကြည်ချက် ခိုင်မာပြီး ထောက်တည်ရာရတော့တာပေါ့။

ငယ် ခင်ဗျား မမျှော်လင့်သင့်တာတွေကို မမျှော်လင့်တတ်တော့ဘူးပေါ့။

နန်း အမှန်တကယ် ဝန်ခံရမယ်ဆိုလျှင် မျှော်လင့်ခြင်းဆိုတာ ကျွန်တော်တို့ အလုပ်ကို မဟုတ်ဘူးလို့ ခံယူထားလာမိတယ်။ ကျွန်တော်တို့အလုပ်က အလုပ်လုပ်ဖို့ပဲ။ ဖြစ်လာရမှာက သဘာဝမမှတာဝန်ပဲ။ ဒါကြောင့် သဘာဝ ဓမ္မအတွက် ကျွန်တော်ကို့ ရင်မောရမယ့်အကျင့်ကို မကျင့်ချင်ကြဘူး။

ငယ် အေးဗျာ... ခင်ဗျားတို့က ပိုင်းခြားနိုင်တာကိုး... ။

နန်း မမျှော်လင့်အပ်တာကို့ မျှော်လင့်နေတော့လည်း ထင်မြင်ချက်ရဲ့အရှုံးလုပ်ခြင်းကို ခံရတာပေါ့။

ငယ် မမျှော်လင့်အပ်တာကို ပယ်စွန့်ထားတယ်ဆိုတာ ရင့်ကျက်သူတွေရဲ့ အရည်အချင်းပဲဖြစ်မှာပါဗျာ။ ရိုးရိုးလူတွေက မျှော်လင့်တာ သိပ်ဝါသနာပါကြတယ်ဗျ။ အကျင့်ဖြစ်နေပြီ။

နန်း သဘာဝတရားက မျက်နှာမလိုက်တတ်ဘူးဗျ။ သူက အားလည်းမနာတတ်ဘူး။ ဖြစ်ရမယ့်အရာကတော့ ဖြစ်ရမှာပဲ။ ကိုယ်က တစ်သီးပုဂ္ဂလဆန္ဒနဲ့ ငံ့လင့်မျှော်ကိုးနေလျှင် အချိန်ကုန်ရုံမျှသာရှိမှာ။ ပြောင်းလဲသွားမှာ မဟုတ်ဘူး။ ကျွန်တော်ဆိုလိုတာက သဘာဝတရားက ကျွန်တော်တို့ရဲ့မျှော်လင့်ချက်ကို ငဲ့ကွက်ပြီး ကျွန်တော်တို့ကို မျက်နှာသာပေးလိုတဲ့ သဘောနဲ့ သူဖြစ်ရမယ့်ကိစ္စကို တစ်မျိုးတစ်ဖုံ ပြောင်းလဲပေးဖို့ ထည့်စဉ်းစားတတ်လိမ့်မယ်လို့ မမျှော်လင့်အပ်ဘူး။

အောင်စာပေ

ငယ် ကျွန်တော် သဘောပေါက်ပါတယ်ဗျာ။

နန်း ဒါကြောင့် နားလည်အပ်တဲ့အရာကို သိနားလည်မှုပြုရုံပဲဗျ။ လိုချင်ခြင်း၊ မလိုချင်ခြင်းနဲ့ မဆိုင်ဘူး။ လိုချင်ချင် မလိုချင်ချင် ဖြစ်ကိုဖြစ်လာရမယ့် ကိစ္စအပေါ် သိနားလည်မှုရှိရုံမျှသာ တတ်နိုင်တာဗျ။ ဒါကြောင့် သူတော်ကောင်းတွေက ပိုင်းခြားကြတာ။

ငယ် ခင်ဗျားဆိုလိုတာက... ။

နန်း ဆိုလိုတာက... ဥပမာဗျာ... ရုပ်နာမ်ရထားတော့ 'အို' ရမှာပဲ။ အဲ့ဒီ 'အို' မှာကို မအိုနဲ့လို့ ဆန္ဒမပြုဘဲ 'အို'နေတဲ့ရုပ်နာမ်ကို ပိုင်းခြားပြီး နားလည်မှုရှိလိုက်တာ။ အိုတာက တားလို့ရတဲ့ ကိစ္စမှမဟုတ်တာ။

ငယ် သြော်... ဟုတ်ပြီ... ဟုတ်ပြီ... ။

နန်း ရုပ်နာမ်ဆိုတာ စဖြစ်လာခြင်းရှိလျှင် ဆုံးပျက်ခြင်းရှိရမှာ။ အဖြစ်ရှိလို့ အပျက်ရှိတာ။ ဖြစ်လာပြီးမှ မပျက်စေချင်လို့မရဘူး။ ဒီတော့ ဒီသဘောကို ပိုင်းခြားသိမြင် နားလည်ရတာ။ မပျက်စေနဲ့လို့ ဆုတောင်းစရာမလိုဘူး။ ဆုတောင်းလို့လည်း မရဘူး။ အဲ့ဒါ အနတ္တပဲ။

ငယ် ဟုတ်ပါပြီ... ဟုတ်ပါပြီ... ။

နန်း မမြဲတာကို မြဲအောင်ထိန်းချုပ်လွှမ်းမိုးချင်လို့မရတာ... ။ အဲဒါ အနတ္တလက္ခဏာပဲဗျ။ အနိစ္စကို သိမြင်နားလည်တာ အနတ္တဉာဏ်ပဲ။ ပျက်ရမယ့်အရာကို မပျက်စေဖို့ ဟန့်တားလို့မရလို့ အနတ္တလို့သဘောပေါက်ရတာ။

ငယ် ဟုတ်ပြီ... ဟုတ်ပြီ... တော်တော်ကိုဟုတ်ပြီ... ။

နန်း ဒုက္ခဆိုတာကလည်း ဒုက္ခကို ဒုက္ခလို့သိလိုက်လျှင်ပဲ သုခ မဟုတ်မှန်း ဝန်ခံရာရောက်လို့ ဒုက္ခကနေ အနတ္တကို ကူးမြောက်စေတယ်။ ဒုက္ခကို သုခလုပ်လို့မရမှန်း လက်ခံနားလည်သွားရတာကိုး။

ငယ် ဟင်... အင်း... အင်း... ဒါလည်းဟုတ်တာပဲ။
ဟုတ်မှဟုတ်... ဟုတ်မှဟုတ်။

နန်း ဒီတော့ ဒုက္ခကလည်း အနတ္တကိုညွှန်းတယ်။
အနိစ္စကလည်း အနတ္တကိုဖော်ဆောင်တယ်။ ဒီတော့ လက္ခဏာရေးသုံးပါး
ဟာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အသိပညာတွေလှည့်လည်နေတယ်။ ဒုက္ခ
ဖြစ်ရတာလည်း အနတ္တကြောင့်၊ အနိစ္စဖြစ်ရတာလည်း အနတ္တမို့ အပြန်
ပြန်အလှန်လှန် သဘောဥာဏ်တွေဟာ အထောက်အကူပြု ဆက်စပ်နေ
ကြတယ်။

ငယ် ဒါဆိုလည်း ဟုတ်တာပဲ။ အဟုတ်ကြီး ဟုတ်နေကြတာချည်းပဲ။

နန်း ဒါကြောင့် မလွဲမသွေပျက်စီးရတဲ့သဘောဟာ သေသေချာချာဆင်ခြင်လျှင်
အနတ္တမို့ဆိုတာ ထင်ရှားလာတယ်။

ငယ် ဟုတ်ပြီပေါ့... ။ ဟုတ်မှဟုတ်တွေချည်းပဲ။
ဟုတ်ကိုလည်း ဟုတ်ရမှာချည်းပဲ။

နန်း ဒီတော့ ဆင်းရဲတာက သစ္စာ၊
ပျက်ရမယ့်သဘောက ကိစ္စ၊
မပိုင်အပ်တဲ့သဘောကို နားလည်သွားလျှင် ကတပဲလို့ ယူနိုင်တယ်။

ငယ် သြော်... ဒီလိုကိုး။ အင်း... ဘဝင်ကျသွားပြီ။

နန်း ဒီလက္ခဏာရေးကို အခြေခံပြီး သစ္စာသိမှ အရိယာဖြစ်မှာ... ။

ငယ် သြော်...

နန်း သိတယ်ဆိုတာလည်း ပညာသားပါပါသိရတာပေါ့။
သညာမဆန်ဘဲ ထိုးထွင်းဥာဏ်သဘောဆန်ရမယ်။

ငယ် ရင်သပ်ရှုမောပဲဗျာ။ ကြိုက်တာတော့ အရမ်းကြိုက်ပဲ။

နန်း အဲဒါတွေဟာ အရိယာဖြစ်စေမယ့်အခြေခံ နှလုံးသွင်းဆင်ခြင်ပုံတွေပဲ။

ငယ် သာဓုခေါ်မယ်ဗျာ၊ သာဓုခေါ်မယ်။
ရင်ထဲ အသည်းထဲ၊ ကျောက်ကပ်ထဲ၊ ဦးနှောက်ထဲကပါ လှိုက်လှိုက်လဲလဲ
ကြီး ခေါ်လိုက်တော့မယ်။ သာဓု... သာဓု... သာဓု... ။

အောင်စာပေ

ဝိပဿနာကျင့်စဉ်ဆွေးနွေးခန်းများ

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၁၇)

လက္ခဏာရေးအကြောင်း

ငယ် ကိုနန်းအောင်... ခင်ဗျား ဟိုနေ့က လက္ခဏာရေးအကြောင်းတွေ ပြော တယ်။ ဒီနေ့ သစ္စာအကြောင်းပြောပြဗျာ။

နန်း သစ္စာလား... သစ္စာကတော့ အကြောင်းအကျိုးပဲလေ။

ငယ် ဘယ်လိုအကြောင်းအကျိုးလဲ?

နန်း သမုဒယသစ္စာ အကြောင်း
ဒုက္ခသစ္စာ အကျိုး
မဂ္ဂသစ္စာ အကြောင်း
နိရောဓသစ္စာ အကျိုး... ဒီလိုပေါ့ဗျာ။

ငယ် ဒါတော့ သိတယ်လေ... ။

နန်း သမုဒယအကြောင်းခံလျှင် ဒုက္ခအကျိုးရတယ်လေ။
မဂ္ဂအကြောင်းခံလျှင် နိရောဓအကျိုးရတယ်လေ။

ငယ် အင်း... သိတယ်။

နန်း သမုဒယမဖြစ်စေခြင်းဟာ မဂ္ဂပဲဗျ။

ငယ် ဗျာ... ။

နန်း ခင်ဗျားမှာ ရွေးခွင့်ရှိတယ်။ ဒါပေမယ့် ရွေးခွင့်မရှိဘူး။

ငယ် ဘယ်လို... ဘယ်လို... လုပ်ပါဦး... ။

နန်း သမုဒယအကြောင်းခံမလား၊ မဂ္ဂအကြောင်းခံမလား ရွေးခွင့်ရှိတယ်။

ငယ် ဟုတ်ပြီ နားလည်တယ်။

နန်း အဲဒါကို ဖြတ်ပြောလိုက်တော့ သမုဒယလုပ်မလား မလုပ်ဘူးလား။

ငယ် သြော်... အင်း... အင်း... ဟုတ်ပြီ... ဟုတ်ပြီ... ။
သမုဒယမလုပ်လိုဘူးဆိုပါတော့ဗျာ... ။

နန်း သမုဒယမလုပ်ခြင်းဟာ မဂ္ဂပဲ။ ဒီလိုပဲ... မဂ္ဂမလုပ်ခြင်းဟာ သမုဒယပဲ။ ခင်ဗျားမှာ ရွေးခွင့်မရှိဘူး။ မဂ္ဂမလုပ်ပေမယ့် သမုဒယဖြစ်မှဖြစ်ပါ့မလား စဉ်းစားစရာ မလိုဘူး။ DO or DIEပဲ။ မဂ္ဂမလုပ်လျှင် သမုဒယဖြစ်မှာပဲ။ ကြားခံစပ်ကူးမတ်ကူး မရှိဘူး။

ငယ် ဒီတော့...

နန်း ဒီတော့... လိုရင်းက မဂ္ဂလုပ်မလား... ။ ဒါပဲလုပ်မယ်ဆိုလျှင် ပြီးတယ်။ စဉ်းစားဦးမယ် ခဏခဏစောင့်ပါလို့၊ အခြေအနေမပေးသေးလို့ပါတို့၊ ဆင်ခြေမလာနဲ့ မလိုဘူး။ မဂ္ဂလုပ် မလုပ်၊ ဒါပဲ။

ငယ် ဩော်... ဒီလိုလား။ မလုပ်ဘူးဆိုလျှင် ရွေးခွင့်မရှိဘူးပေါ့။

နန်း အဓိကရွေးခွင့်မရှိဘူး။
ဆိုလိုတာက ခင်ဗျားမဂ္ဂမလုပ်လျှင် ဒုက္ခဖြစ်မယ်။
ရုပ်နာမ်ရမယ်။ အိုမယ်... နာမယ်... သေမယ်... ။
ဒါ ရွေးခွင့်မရှိဘူး။ သံသရာလည်မယ်။ ဒါပဲ... ။

ငယ် ဩော်... ရွေးခွင့်မရှိဘူး။

နန်း ဟုတ်တယ် မဂ္ဂလုပ် မလုပ် ရွေး... ။
ရွေးပြီးမှ မလုပ်ဘူးဆိုလျှင် ဒုက္ခမရောက်ချင်ဘူးလို့ မရွေးနဲ့။ ရောက်ကို ရောက်ရမယ်။ နိဗ္ဗာန်မရဘူး။ ဒါပဲ... ။

ငယ် ဩော်... အလှည့်ကျလျှင် နဲ့ပြလို့မရဘူးပေါ့။

နန်း မရဘူး... ။ ဒါကြောင့် ရွေးပြီးလျှင် ရွေးခွင့်ထပ်မရတော့ဘူးလို့ ယူလိုက်တော့... ။

ငယ် အင်း... ဒါဆို မလွယ်ပါလား။
တစ်ခွန်းတည်းပြောရမှာပါလား။

နန်း သစ္စာမှာတစ်ခွန်းတည်းပဲ... ။ ဒီဟာမရဘူး။

ငယ် ဟုတ်ပါပြီဗျာ။
ကိုယ်မရွေးနိုင် ကိုယ်ခံပေါ့။ ဒီလိုလား... ။

နန်း သစ္စာအရာမှာ ဒီအတိုင်းပဲ။ နောက်ပြီး သစ္စာနဲ့ လက္ခဏာတစ်တွဲတွဲလို့ ရသေးတယ်ဗျ။

ငယ် တွဲလို့ရရင် တွဲပြဗျာ။

နန်း ပထမဆုံး ဒုက္ခသစ္စာ... ၊ ဒုက္ခလက္ခဏာဗျာ။

ငယ် ဒါ... ဟုတ်ပြီ၊ ဒါတစ်ထပ်တည်းပဲ။

နန်း အဲဒီဒုက္ခကြီးက မမြဲဘူး။

ငယ် ဒါက လက္ခဏာပဲ။

နန်း မမြဲတာကို မမြဲဘူးလို့ သိမြင်တာက မင်္ဂ၊

ငယ် ရှေ့ကဖြစ်ပျက်၊ နောက်ကမင်္ဂဆိုတာလား။

နန်း ဟုတ်တယ်။

ငယ် ဒါဆို ဒါလည်း အနိစ္စလက္ခဏာနဲ့ မဂ္ဂသစ္စာတွဲပြန်ပြီပေါ့ဗျာ။

နန်း နောက်ပြီးဆက်တွဲဦးမှာ... ။ နားထောင်ကြည့်... ။

ငယ် ကြည့်မယ်ဗျာ။

နန်း ဒုက္ခကြီးပျက်တယ်လို့ မင်္ဂနဲ့ရှုမြင်လိုက်တော့ သမုဒယကို သတ်ရာကျတယ်ဗျ။

ငယ် ဟာ... ဒီလိုဆို ဒါကို ခဏခဏပညာသားပါအောင် ဝင်စား‌မှာပေါ့ဗျာ။ ကျွန်တော် လိုက်နိုင်ပါတယ်။

နန်း ဒီလိုဆိုလည်း သာဓုခေါ်ပါတယ်ဗျာ။

သာဓု... သာဓု... သာဓု...

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၁၈)

အယျက်မြင်မဂ္ဂင်

အောင်စာပေ

ငယ် ကိုနန်းအောင် လက္ခဏာနှင့်သစ္စာတော့ မိတ်ဆက်ရပါပြီ။ မဂ္ဂလည်း လုပ်ဦးလေဗျာ။

နန်း မဂ္ဂက ခင်ဗျားပြောတဲ့ရှေ့ကဖြစ်ပျက်၊ နောက်ကမင်္ဂပေါ့။ အပျက်မြင် မဂ္ဂင်လေဗျာ။

ငယ် အကျယ်ချဲ့ပြပါဦးဗျာ။

နန်း တရားရှာ ခန္ဓာမှာတွေ့တယ်လေ။

ငယ် တွေ့ပြဗျာ... ။

နန်း အပျက်မြင်တာ တရားတွေ့တာပေါ့ဗျာ။ ဖြစ်ပျက်ကိုမြင်အောင် ကြည့်ရတယ်လေ။ ဘုရားစင်ရှေ့မှာ ငုတ်တုတ်ကြီးထိုင်ပြီး တွေးတောနေလျှင်တော့ ဘယ်မဂ္ဂင်ဆိုက်မလဲဗျာ... ။ ဖြစ်ပျက်ကိုမြင်အောင်ကြည့်နေမှ မဂ္ဂင်ဆိုက်မှာ။

ငယ် ဒါတော့ ဟုတ်တယ်... ။

နန်း အလုပ်လုပ်ရမယ်ပေါ့ဗျာ။ သတိထား ဝိရိယစိုက်၊ ဉာဏ်ပညာနဲ့ရှုဆိုတာ အလုပ်လုပ်ခိုင်းတာ။ တောင်တွေးမြောက်တွေးစိတ်ကို သတိမဲ့လွတ်ခိုင်းထားတာမျိုးမဟုတ်ဘူး။ ဦးတည်ချက်ရှိတယ်။

ငယ် ဦးတည်ချက်ရှိတယ်... ။

နန်း ဟုတ်တယ် ဝိပဿနာကျင့်စဉ်ဆိုတာ ဦးတည်ချက်ရှိတယ်။ ဥပမာ –ဒါအပျက်ပဲလို့ ပြဋ္ဌာန်းသတ်မှတ်ထားရတယ်။ ဒါမှအလုပ်ဖြစ်တာ။ တွေဝေငေးမောတွေးတောနေလျှင် အလုပ်မဖြစ်ဘူး။

ငယ် ဒါတော့ ဟုတ်ပါတယ်။ နောက်ပြီး ကိုနန်းအောင်တို့ကတော့ အမှန်တကယ် ကျင့်ကြံအားထုတ်လို့ အတော်အသင့်တော့ အောင်မြင်ပေါက်မြောက်ခဲ့ဘူးတာကိုး။

နန်း ကျွန်တော် ပြောပြတဲ့စကားတွေဟာ အစစ်အဆေး၊ အစမ်းအသပ်ခံယူပြီးသားချည်းပဲ။ ဟုတ်မှန်ရာကိုသာ ဖွင့်ပြောပြတာ။

ငယ် ဒါကိုတော့ ယုံပါတယ်။

နန်း ဝိပဿနာကျင့်တယ်ဆိုတာ စနစ်တကျကျင့်ကြံရတဲ့အလုပ်တစ်ခုပဲ။ မှန်းသမ်းရမ်းလုပ်လို့ အံဝင်ခွင်ကျ မဖြစ်ဘူး။ သူတော်ကောင်းတွေ အလိုတော်ကျ မဖြစ်နိုင်ဘူးပေါ့။

ငယ် ဒါတော့ ကျွန်တော် နားလည်ပါတယ်။ ကိုနန်းအောင်ဆီကလာတဲ့ အကြောင်းအချက်တွေဟာ သက်သေရှာစရာ မလိုဘူး။ စစ်ဆေးအတည်ပြုပြီးသားတွေဆိုတာ ဘဝင်ကျပါတယ်။ ကိုနန်းအောင်ကလည်း မခိုင်ဘဲ ဘယ်ပြောပါ့မလဲ။

နန်း ဝိပဿနာကျင့်ကြံကြတာကို အားပေးချင်တာပေါ့ ကိုချစ်ငယ်ရယ်... ဒါပေမယ့် မှန်ကန်တိကျဖို့က လိုသေးတယ်။ ဝိပဿနာဆိုတာ ဖြစ်ကတတ်ဆန်း မျက်ရမ်းမှန်းဆပြီး ကျင့်လို့ရတဲ့ကိစ္စမျိုး မဟုတ်ဘူး။ ကျွန်တော် ဆိုလိုတာ ကိုချစ်ငယ် သဘောပေါက်မလား မသိဘူး။

ငယ် ကျွန်တော် သဘောပေါက်ပါတယ်။ ခင်ဗျားကိုယ်တိုင်ကြီးကို ကျွန်တော်က ယုံကြည်ပြီးသားပဲ။ ဒီတော့ ခင်ဗျားဆီကလာတဲ့ အယူအဆတွေဆိုတာ ချွင်းချက်မဲ့လက်ခံဖို့ ခံယူပြီးသားပါ။ တစ်ခါတစ်ခါ နက်ရှိုင်းတာလေးတွေကိုသာ ကျွန်တော် ဉာဏ်မမီလို့။

နန်း ဉာဏ်မမီတဲ့အပိုင်းကိုတော့ ကျွန်တော် အပြစ်တင်လို့ ဘယ်ရမလဲ။ နားလည်ပေးရမှာပေါ့။ ကဲကျွန်တော်က ခံစစ်သဘောနဲ့ ဖြေရှင်းပြချင်တာ။ ဝိပဿနာကျင့်ရာမှာ သဘောကောင်းလို့ မရနိုင်တဲ့ကိစ္စကလေးတွေ...။ ဥပမာဗျာ...ကျင့်စဉ်က သမထဖြစ်နေတယ်။ ဒါပေမဲ့ ကျင့်သူက ဝိပဿနာလို့ထင်မှတ်မှားနေတယ်။ ဒီအခါမှာ ကျွန်တော်က ထောက်ပြချင်တာ မှန်ရာကန်ရာသိနားလည်ရအောင် ဝိပဿနာဆိုတာ ဘယ်လိုဂုဏ်ရည်တွေပါဝင်ရမယ်ဆိုတာကို ဖြည့်စွက်ပြီး ပြောပြချင်တာ။ အလွယ်တကူ ဘယ်လိုပဲကျင့်ကျင့် ဝိပဿနာဖြစ်တယ်လို့ မသတ်မှတ်နိုင်တဲ့အတွက် နားလည်ပေးစေချင်တဲ့သဘောပေါ့။

အောင်စာပေ

ငယ် ဒါအမှန်ပဲလေ... ။ ဝိုပဿနာကျင့်မှ ဝိပဿနာဖြစ်မှာပေါ့။ သမထကျင့်တာကို ဝိပဿနာပါလို့ ဘယ်ပြောလို့ရမှာလဲ။ ဝိပဿနာနဲ့ သမထခွဲခြားပြနိုင်တဲ့ အရည်အချင်းရှိသူကိုပဲ လေးစားရမှာပေါ့။ မှန်ရာကန်ရာကို ကျွန်တော် နာခံနိုင်ရမှာပေါ့။ အခွင့်အရေးအလွဲသုံးစား မတရားမလိုချင်ပါဘူး။ ထိုက်ထိုက်တန်တန် ဖြစ်ရမှာပေါ့။

နှင်း ဒီခံယူချက်မျိုးကိုကော့ သဘဝခေါ်မယ်ဗျာ။

သဘဝ... သဘဝ... သဘဝ... ။

ကိုနန်းဒေဘာင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၁၉)

ဝိပဿနာ၏ခက်ခဲနက်နဲအကျိုးရှိနိုင်ပုံ

အောင်စာပေ

ငယ် ကိုနန်းအောင်... ဝိပဿနာရဲ့ခက်ခဲနက်နဲပုံနဲ့ အကျိုးရှိနိုင်ပုံလေးတွေ ပြောပြဗျာ။

နန်း ဝိပဿနာဆိုတာကတော့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ကျင့်သုံးအပ်တဲ့ ကျင့်စဉ်ပဲလေ။ သစ္စာတရား သိနားလည်ဖို့အတွက် မကျင့်မဖြစ်တဲ့ ကျင့်စဉ်တစ်ရပ်ပဲ။

ငယ် ပြောဗျာ... အဲဒီကျင့်စဉ်အကြောင်း... ။

နန်း ဝိပဿနာဆိုတာ သာသနာတော်အတွင်းမှာ ကျင့်ကြတာပဲဗျာ။ သာသနာအပမှာဆို သမထဖြစ်သွားတတ်တယ်။

ငယ် ဝိပဿနာနဲ့ သာသနာတော် တိုက်ရိုက်ပတ်သက်တယ်ပေါ့။

နန်း တိုက်ရိုက်ပတ်သက်တယ်။ သာသနာမပါ ငါအရာရှေ့တန်းတင်နေသူတွေရဲ့ အကျင့်ဟာ ဘယ်တော့မှ ဝိပဿနာအဆင့်ကို မရောက်နိုင်ဘူး။ မှားယွင်းနေတဲ့ အဆင့်နိမ့်ခံယူချက်တွေပဲ။ ငါ... တစ်ကော ကောနေတဲ့ သဘောထားတွေပဲ။

ငယ် ဒီတော့ စစ်မှန်တဲ့ ဝိပဿနာကျင့်စဉ်ကို ကျင့်ချင်ပြီဆိုရင်... ။

နန်း ကျင့်ချင်ပြီဆိုလျှင် ကိုယ့်ရုပ်နာမ်ကို ပယ်စွန့်ဖို့ ကြိုးစားရမယ်။

ငယ် အဓိပ္ပာယ်က...

နန်း အဓိပ္ပာယ်က ရုပ်နာမ်ချုပ်ငြိမ်းမှ နိဗ္ဗာန်ရောက်မှာကိုး။

ငယ် သြော်... ဟုတ်ပြီ... ဟုတ်ပြီ... ရှင်းပြီ။
ဝိပဿနာက နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ဆိုတော့ နိဗ္ဗာန်က လက်မခံတဲ့ ရုပ်နာမ်ကို ပယ်စွန့်နိုင်ဖို့ ကြိုးစားရမယ်။

နန်း ဟုတ်တယ်... ရုပ်နာမ်ကို မပယ်စွန့်တဲ့ကျင့်စဉ်ဟာ သမထပဲ။

ငယ် သြော်... ဒီလိုဆို သမထနဲ့ ဝိပဿနာ စပ်ကူးမတ်ကူးလေး လုပ်ပါဦး။

နန်း သမထကို အကြာကြီးကျင့်ဖို့လိုတယ်လို့ ခံယူတဲ့ပုဂ္ဂိုလ်တွေက ဝိပဿနာကို အမှန်တကယ် မကျင့်ဘူးသေးလို့။ ဆရာကောင်းမရှိကြတဲ့သဘောပေါ့ဗျာ။

ငယ် ဆရာကောင်းရှိတဲ့ပုဂ္ဂိုလ်ကျတော့... ။

နန်း ဆရာကောင်းရှိတဲ့ပုဂ္ဂိုလ်ကျတော့ တစ်ထိုင်တည်း ဝိပဿနာကျင့်လို့ ရတယ်။ အဲ... တရားလိုချင်တဲ့ ခံယူချက်တော့ ရှိရမှာပေါ့။

ငယ် အဲ... အဲ... ခံယူချက်အကြောင်းလေး လုပ်ပါဦး။

နန်း ခံယူချက်က ရုပ်နာမ်သံသရာကို ငြီးငွေ့ရမယ်ပေါ့။ နိဗ္ဗာန်စံချင်ရမယ်ပေါ့။ သစ္စာသာသနာတော်ကို ယုံကြည်မြတ်နိုးတန်ဖိုးထား ဦးထိပ်ပန်ရမယ်ပေါ့။

ငယ် ဒါက အမှန်တွေပဲဗျာ။ သာသနာတော်မြတ်ဆိုတာ ဗုဒ္ဓဘာသာဝင်တွေ ထာဝရဦးထိပ်ပန်ဆင်နိုင်ကြရမှာပေါ့။

နန်း တချို့က ဘုရားတရားအကြောင်းကိုသာ ပြောဟောနေကြတာ။ ငါကိုပဲ ဦးထိပ်ပန်ဆင်နေကြလို့... ။ အဲဒီလို အသိုင်းအဝိုင်းတွေဟာ ဘယ်တော့မှ သစ္စာတရားနဲ့မနီးစပ်ဘူး။ နှုတ်ကဘာညာဘာညာ ပြောနေတာ အပိုတွေဖြစ်နေတယ်။ အနှစ်သာရမပါဘူး။ ပကာသနသက်သက်ပဲ။ ဝါကြွားဝင့်ဝါမှုတွေ လွှမ်းမိုးနေတယ်။ ဒါမျိုးလေသံတွေဟာ သာသနာတော်နဲ့ဘာမှမပတ်သက်ဘူး။ သူတို့ဂုဏ် သူတို့ထုတ်ဖော်ဝင့်ကြွားနေကြတာပဲ ဖြစ်တယ်။ အဲဒီလိုအမြင်ရှင်းရှင်း မြင်တတ်ရမယ်။ ဒါမှ ယထာဘူတကျမယ်။ ဝိပဿနာလိုင်းကတော့ ဒီလိုပဲ အမြင်ရှင်းရမယ်။ ငါ... ဘာညာဘာညာ ဘာညာ ကင်းရမယ်။

ငယ် ဝိပဿနာကျင့်မယ်ဆိုလျှင် ရုပ်နာမ်ခန္ဓာကို နှိုက်နှိုက်ချွတ်ချွတ်အပြစ်မြင်ဖို့ လိုတာပေါ့နော်။

နန်း လိုတာ ငါ့။ ဒီလိုမှမမြင်လျှင် ဝိပဿနာအကြောင်းပြောဖို့ မသင့်သေးဘူး။ ဝိပဿနာကျင့်စဉ်က ခိုင်လုံနက်ရှိုင်းမှုနဲ့အတူ ထိုးထွင်းဆင်ခြင်နိုင်မှုတွေ ပါတယ်။

ငယ် အင်း... ကျွန်တော် တော်တော်လေး သဘောပေါက်ပါပြီ။ ဒီကျင့်စဉ်ကို နှစ်ခြိုက်ပါတယ်။ လေးလေးမြတ်မြတ်လည်း တန်ဖိုးထား

ပါတယ်။

နန်း ခင်ဗျားက ဗုဒ္ဓဘာသာအတုမှမဟုတ်ဘဲ။ သာသနာတော်ကို တန်ဖိုးထား ရမှန်း အရိုအသေပြုရမှန်း သိတတ်နားလည်တာပေါ့။

ငယ် ဟာ... ကျွန်တော် ဗုဒ္ဓဘာသာဝင် စစ်စစ်ကြီးပါဗျာ။ ရေမရောပါဘူး။

နန်း လူတွေက ကိုယ့်ကိုယ်ကို ဒီလိုပဲ ထင်မှတ်နေကြတာပဲဗျ။ ရိုးရိုးသားသားပါ။ ဒါပေမဲ့ နှလုံးသွင်းတဲ့အခါကျတော့ မြတ်စွာဘုရားကို ဆန့်ကျင်မိတတ်ကြတယ်။ အဲဒါ သတိထားရမယ်။

ငယ် ဒါတော့ ဟုတ်ပါတယ်ဗျာ။ ဒီလိုသတိပေးတာ ကျေးဇူးတင်ပါတယ်။ မပြည့်စုံသေးတဲ့အခါ ပုထုဇဉ်စရိုက်တွေ ကဲလာတတ်နိုင်ပါတယ်။ ကျေးဇူးပဲ။

နန်း အဲဒါပြောတာပေါ့ဗျာ။ အမှန်တကယ်လက်တွေ့ ကျင့်ကြံလာပြီဆိုတော့ ခံယူချက်တွေ(တစ်နည်း) လမ်းညွှန်မှုတွေအထပ်ထပ် လိုအပ်တယ်ဗျ။ ဒါက ဝိပဿနာကျင့်စဉ်လမ်းခရီးမှာ မဖြတ်သန်းလို့မဖြစ်တဲ့ တွေ့ကြုံရမယ့် ခက်ခဲနက်နဲမှုဆိုင်ရာတွေပဲ။

ငယ် ကျွန်တော် တော်တော်ဗဟုသုတ ရလိုက်ပါတယ်ဗျာ။ ဆရာကောင်းလိုတယ်ဆိုတာလည်း သဘောပေါက်ပါတယ်။

နန်း တစ်နေ့နေ့ ဆရာကောင်းတွေရဲ့အရည်အချင်းတွေ ပြောပြပေးဦးမယ်ဗျာ။

ငယ် ဟာ... ကျေးဇူးပဲဗျာ။ အဲဒီပေတံတွေ ကျွန်တော်တို့သိထားမှ ရှေ့ဆက်ခရီးသွားဖို့လွယ်ကူမှာ။

နန်း ကောင်းပြီလေ... ။ တစ်နေ့နေ့ကျ ဆွေးနွေးကြတာပေါ့ဗျာ။ ဒီနေ့တော့... ဒီတင်ပဲ နားလိုက်ကြဦးစို့လား။

ငယ် သာဓုခေါ်ပါတယ်ဗျာ။ သာဓု... သာဓု... သာဓု...

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၂၀)

ဆရာကောင်းသမားကောင်း

အောင်စာပေ

ငယ် ကိုနန်းအောင်... ဆရာကောင်း သမားကောင်းအကြောင်းလေး ဘာလေး လုပ်ဦးလေဗျာ။

နန်း ဆရာကောင်းသမားကောင်းဆိုတာ လူတော်တွေ ပညာရှိတွေပေါ့ဗျာ။

ငယ် အဲဒီတော်ပုံ အဲဒီပညာရှိပုံလေးတွေ သိချင်တာပေါ့ဗျ။

နန်း ဆရာကောင်းသမားကောင်းတွေက တော်ကြတယ်ဆိုတာ ဝိပြင်ပြတ်သားတဲ့ အမြင်နဲ့ပြဋ္ဌာန်းပြီးသား ခံယူချက်တွေရှိကြပြီးသားဗျ။

ငယ် ဆရာတွေ ဖြစ်လာကြပြီဆိုတော့... ။

နန်း ဆရာဖြစ်လာတာ တပည့်ကောင်းအဖြစ် ဖြတ်သန်းလာပြီးသားဗျ။ သိစရာ တတ်စရာတွေလည်း သိခဲ့တတ်ခဲ့နားလည်ခဲ့ပြီးသား။

ငယ် ဗဟုသုတတွေ ပြည့်စုံပြီးသားပါ။

နန်း သက်ဆိုင်ရာလုပ်ငန်းပိုင်း ဗဟုသုတတွေ ကမ်းကုန်အောင်တတ်မြောက်ပြီးသားဗျ။ အလုပ်နဲ့ပတ်သက်လာလျှင် ဘယ်တပည့်သားသမီးကမှ မကျော်လွှမ်းနိုင်စေရဘူး။

ငယ် သြော်...

နန်း သက်ဆိုင်ရာလုပ်ငန်းပိုင်း ကဏ္ဍာတွေမှာ ပြီးပြည့်စုံစွာ တတ်မြောက်ပြီးသား။ ဒါကြောင့် ဆရာကောင်းသမားကောင်းဖြစ်လာခဲ့ကြရတာ။

ငယ် "အင်း... " (စဉ်းစားသဘောပေါက်ဟန်နှင့် ခေါင်းညိတ်နေသည်။)

နန်း ဒီဆရာသမားတွေက သိပ်တည်ငြိမ်ကြတာဗျ။ အခက်အခဲရှိလေ တည်ငြိမ်လေပဲ။ မလိုအပ်တဲ့နေရာတွေမှာလည်း နင်လားငါလား ခါးတောင်းကျိုက်လုပ်တာ မဟုတ်ဘူးဗျ။ အေးအေးဆေးဆေးပဲ၊ ပြဿနာဖြေရှင်းကြတာ။

ငယ် လေးစားကြည်ညိုမိပါတယ်ဗျာ။

နန်း တပည့်တွေရဲ့ပြဿနာဆိုလျှင်လည်း လိုင်းအတွင်းကဆို အပီအပြင် ဖြေရှင်းပေးကြတာဗျ။

ငယ် လိုင်းအတွင်းကဆိုတာလေးက...

နန်း လိုင်းအတွင်းကဆိုတာ တပည့်ဖြစ်သူက သူ့အတွက်လောဘကြီးလို့ တစ်သီးပုဂ္ဂလမှားယွင်းလွန်ကျူးမှုမျိုး မဟုတ်တာကို ဆိုလိုတာပေါ့ဗျာ။ ဥပမာပေးအပ်တဲ့တာဝန်၊ ထမ်းဆောင်အပ်တဲ့ တာဝန်၊ ထမ်းဆောင်အပ်တဲ့ ဝတ္တရား၊ သဘာဝတရားရဲ့ရောဂါ ဒဏ်ရာဒဏ်ချက်မျိုးမဟုတ်ဘဲ တပည့်က သူ့ဖာသာဖောက်ပြန်ကျူးလွန်တာမျိုး စည်းကမ်းဖောက်တာမျိုး မဟုတ်လျှင်ပေါ့... ။

ငယ် ဩော်... ဒီလိုလား...

နားလည်ပြီ... ၊ နားလည်ပြီ။

နန်း ဒီလိုဆရာသမားတွေက သတ်မှတ်ပြဋ္ဌာန်းပြီးသား ခံယူချက်ထားရှိပြီးသားဆိုတော့ မလိုလားအပ်တဲ့ အလိုလိုက်မှုမျိုးတော့ တပည့်တွေကို အခွင့်အရေးမပေးဘူးဗျ။ တည်တည်တင်းတင်းပဲ။ သတ္တိပြောင်မြောက်လေ့ရှိကြတယ်။ အခက်အခဲဖြေရှင်းပြီဆိုလျှင် ရဲရင့်ပြောင်မြောက်လေ့ရှိကြတယ်။

ငယ် ကျွန်တော်တော့ ဒီတစ်သက် ဆရာကောင်းသမားကောင်း တစ်ယောက်မှ ဖြစ်နိုင်ပါဦးမလားဗျာ။

နန်း ခင်ဗျားလည်း စာပေရေးရာမှာ ဖြစ်ချင်ဖြစ်မှာပေါ့။

ငယ် ကျွန်တော့်ခံစားချက်မှာတော့ ကိုယ်တိုင်ဖြစ်ဖို့ထက် ဆရာကောင်း သမားကောင်းတွေကို ကြည်ညိုလေးစားဖို့ဘက်ကပဲ အားသန်နေမိသလိုပဲ။

နန်း ဒီခံစားချက်ကလည်း အခြေခံအစ ပထမခြေလှမ်း ဖြစ်ချင်ဖြစ်နေမှာပေါ့။

ငယ် ကျွန်တော်တော့ ဒီလိုဆရာကောင်းသမားကောင်းတွေရဲ့ အရည်အချင်းတွေကို နှစ်ခြိုက်ဂုဏ်ယူကြည်ဖြူစွာ ကြည်ညိုနေမိတယ်ဗျာ။

နန်း ဒါ... အစရှိသေးတယ်ဗျ။ စဉ်းစားဆင်ခြင်ရာမှာ ကျွမ်းကျင်ပိုင်နိုင်ပုံတွေကျန်သေးတယ်။

ငယ် စဉ်းစားဆင်ခြင်ရာမှာ ကျွမ်းကျင်ကြတယ်လား... ။

နန်း အဲဒါ ဆရာကောင်း သမားကောင်းတွေရဲ့ လေ့ကျင့်ထားပြီးသား အရည်

အချင်းတွေထဲမှာ ပါဝင်တာပေါ့။ ဆင်ခြင်ရာမှာ ကျွမ်းကျင်ကြတာပေါ့ ဗျာ။ တည်ငြိမ်မှုနဲ့ သမာဓိတရားကလည်း အားကောင်းကြတယ်မဟုတ် လား။

ငယ် သမာဓိကောင်းကြတယ်ဆိုတာကိုတော့ ကျွန်တော် မှတ်မိပြီးသားဖြစ် တယ်။ ဆင်ခြင်မှုကျွမ်းကျင်ကြတယ်ဆိုတာကိုတော့ ကျွန်တော် အလိုက်ရ ခက်တယ်။

နန်း အဲဒါက ခင်ဗျား ဆင်ခြင်တုံတရား အလေ့အကျင့်နည်းသေးလို့ပါ။ များ လာလျှင် အော်တိုဆင်ခြင်မှုရသွားတယ်။ လိုအပ်လာလျှင် ဆင်ခြင်ပစ် လိုက်ကြတာပဲ။ ဆင်ခြင်မှုအလေ့အကျင့်ကောင်းတော့ အခါမလပ်ဆင် ခြင်နိုင်တဲ့စွမ်းရည်ရတာပေါ့။ ကျွမ်းကျင်တဲ့ ကားမောင်းသူတွေတောင် ဘရိတ်အုပ်ကျွမ်းကျင်ကြတာပဲ။ ဒါလည်း ထူးခြားတဲ့ ကျွမ်းကျင်ပိုင်နိုင်မှု အရည်အချင်းတစ်ခုပေါ့... ။ ကိုယ့်ဖီးလ်(Field)ကို ကိုယ်ပိုင်ကြတာပဲ။ ခေါင်းဆောင်ကောင်းဆိုတာ ဆင်ခြင်မှုကျွမ်းကျင်ကြရတာပေါ့။

ငယ် ကျွန်တော်တော့ တဖြည်းဖြည်းဖျားလာတယ်ဗျ။ နာကြားလို့လည်း မဝ, ပါဘူး။ အားကျကြည်ဖြူ ဂုဏ်ယူမိတယ်။ နားလည်ရလေလေ ကျွန်တော် နဲ့ ဝေးမှန်းသိရလေလေပဲ။

နန်း သိပ်လည်း မနှိမ့်ချပါနဲ့ဗျာ... ။ ကိုယ့်ကိုယ်ကို.... ။

ငယ် ဆရာသမားကောင်းရဲ့ဂုဏ်ရည်တွေကို ကြည်ညိုလွန်းလို့ပေါ့ဗျာ။

နန်း သာဓုပါဗျာ... သာဓုပါ... ။

ခင်ဗျားတပည့်ကောင်းတစ်ဦး အရင်ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါ တယ်ဗျာ။

ငယ် ကျေးဇူးပါပဲဗျာ။ ကျွန်တော် ကြိုးစားပါ့မယ်။ တန်ရာတန်ရာမေတ္တာထား ဆုတောင်းပေးတာကိုလည်း လှိုက်လှိုက်လဲလဲ ခံယူပါတယ်။

နန်း သာဓု... သာဓု... သာဓု...

(တစ်ပြိုင်နက်)

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၂၁)

တပည့်ကောင်း၏အရည်အချင်း

အောင်စာပေ

ငယ် ကိုနန်းအောင် တပည့်ကောင်းတစ်ဦးရဲ့ အရည်အချင်းတွေလည်း လုပ်ဦးလေဗျာ။

နန်း တပည့်ကောင်းဆိုတာကတော့ ဆရာကောင်းသမားကောင်းနဲ့ တွေ့ရပြီဆိုတာနဲ့ 'ကိုယ်' ပျောက်သွားရတယ်။

ငယ် 'ကိုယ်' ပျောက်ရတယ်... ။

နန်း ကိုယ်ပျောက်တယ်ဆိုတာ ဒီလိုပါ... ။
'ကိုယ်'ဆိုတာ မရှိရတော့တဲ့ သဘောပါ။ 'ကိုယ်' အစား 'ဆရာ' ဆိုတာပဲ ရှိရတယ်။ ကိုယ်စားချင်တာ မရှိရဘူး။ ဆရာကျွေးတာ စားရမယ်။ ကိုယ်သွားချင်တာ မရှိရဘူး။ ဆရာစေခိုင်းရာ သွားရမယ်။ ကိုယ်အိပ်ချင်လို့ မရဘူး။ ဆရာအိပ်ခွင့်ပြုမှ အိပ်ရမယ်။ ကိုယ်ပြောချင်ရာ မပြောရဘူး။ ဆရာပြောထားတာတွေနဲ့ ကိုက်ညီရာရာတွေကိုပဲ ပြောရမယ်။ အဲဒီလို 'ကိုယ်'ပျောက်ရတယ်လို့ ဆိုလိုတာပါ။

ငယ် ဩော်... ဆရာ့သဘောအတိုင်း ဖြစ်ရမယ်ပေါ့။

နန်း ဟုတ်တယ်... ။ ဆရာကောင်းတွေ့ပြီဆိုလျှင် တပည့်ကောင်းဟာ အဲဒီလိုကျင့်ရမယ်။ ဒါမှပညာပြည့်စုံနိုင်မယ်။ ငါအတ္တခံနေလျှင်တော့ ပညာမပြည့်ဝနိုင်ဘူး။ ဆရာကိုပြန်ဝေဖန်နေလျှင်တော့ Sorry ပဲ။ ဆွာရာတိုင်းတဲ့ ပုံ ရိုင်းရိုင်းလိုဖြစ်သွားမယ်။ ဒါက ဆရာကောင်းကိုတွေ့ပြီးလျှင် ပြောတာနော်။ မတွေ့သေးလျှင်တော့ တွေ့အောင်ရှာရတာ ကိုယ့်တာဝန်ပဲ။ တွေ့ပြီးလျှင်တော့ ဒီအတိုင်းကျင့်မှ တပည့်ကောင်းဖြစ်မယ်။

ငယ် တပည့်ကောင်းဖြစ်ဖို့ကလည်း မလွယ်ပါလား။

နန်း တပည့်ကောင်းမဖြစ်ခဲ့လျှင် ဆရာကောင်းဖြစ်မလာနိုင်ဘူး။

ငယ် ဒါလည်း ဟုတ်တာပဲ။ သဘာဝကျပါတယ်။ တကယ်တော့ တပည့်ကောင်း ဖြစ်ဖို့တောင် မလွယ်လှပေဘူး။

နန်း ပညာရှာရာမှာ ပြတ်သားရမယ်။ ဒွိဟိတ်လုပ်လို့မရဘူး။ ပညာလိုချင်လျှင်တော့ ဆရာကောင်းတွေ့ပြီးလျှင် ဒီအတိုင်းပဲကျင့်ရမှာပဲ။ စျေးဆစ်ချင်

လို့မရဘူး။

ငယ် ဟုတ်ပါတယ်။ ဆရာကလည်း တာဝန်ယူရတာကိုး... ။

နန်း ဆရာကတော့ တာဝန်ယူသလားမမေးနဲ့။ တပည့်ဖြစ်သူကသာ စည်းမဖောက်နဲ့... ။ အစစတာဝန်ယူတယ်။ အဲဒါလည်း ဆရာကောင်းတို့ရဲ့ အရည်အချင်းပဲ။ တပည့်စည်းဖောက်ရင်တော့ တာဝန်မယူဘူး။ သူကလည်း တပည့်မဟုတ်တော့တာ။ စည်းဖောက်ပြီးမှတော့... ။

ငယ် ဟုတ်ပါပေတယ်။ ခင်ဗျားပြောတဲ့ ပညာသဘောလက်ဆင့်ကမ်းရတယ်ဆိုတာ ပိုင်မှ နိုင်မှ၊ စိတ်မချရလျှင် သစ္စာဖောက်တဲ့ တပည့်ဖြစ်လျှင်၊ မိုက်မဲလျှင် မျက်နှာမလွဲရလျှင် ဆရာကောင်းသမားကောင်းက ဘယ်မှာ ပညာအစုံအလင် ချီးမြှင့်နိုင်မှာလဲ။ ချီးမြှင့်လို့လည်း ဘယ်မှာ ပညာအဖတ်တင်နိုင်မှာလဲ။

နန်း ဟုတ်တယ်... ။ အဲဒီအတိုင်းပဲ။

ငယ် တပည့်ကောင်းဖြစ်ဖို့ဆိုတာလည်း မလွယ်ဘူးနော်။

နန်း ကြိုးစားရတယ်။ အနေမှန်ရတယ်။ သစ္စာစောင့်ထိန်းရတယ်။ ကျေးဇူးဥဒိုးထိပ်ပန်ဆင်နိုင်ရတယ်။ ဒါတွေဟာ အခြေခံမရှိမဖြစ်လိုအပ်တဲ့ တပည့်ကောင်းအရည်အချင်းတွေပဲ။

ငယ် ကျွန်တော်တော့ ဆရာကောင်းမပြောနဲ့။ တပည့်ကောင်းဖြစ်ဖို့တောင် ရင်ခုန်ချင်လာပြီ။

နန်း ကျွန်တော်က ပညာအရာမှာ အောင်မြင်သူတစ်ယောက်ဖြစ်ဖို့ ဆိုလိုတာပါ။ ဒီလိုမှ ပညာမယူချင်လျှင် အထူးသဖြင့် လောကုတ္တရာမှာ ပညာမရနိုင်ဘူး။

ငယ် တော်တော်နက်နဲတာပဲပေါ့လေ။

နန်း ပညာစစ် ပညာမှန်၊ မှန်လျှင် လောကုတ္တရာမှာ နက်နဲတာချည်းပဲ။ သေးသေးသိမ်သိမ်၊ တိမ်တိမ်ကောကော သဘောမှကြိုက်တယ်ဆိုလျှင် လောကုတ္တရာအရာမှာ မလိုက်စားနဲ့။ အချည်းနှီးပဲ။ ဒါ... ဆိုလိုရင်း အနက်

အဓိပ္ပာယ်ကို ပြောတာ။

ငယ် ဟုတ်ပါတယ်... ။ ပုဂ္ဂိုလ်ကို ပြောတာမဟုတ်ပါဘူး။ လမ်းစဉ်ကို ပြောတာပါ။ ကျွန်တော် သဘောပေါက်ပါတယ်။

နန်း ဒါတောင် ကျွန်တော် ဉာဏ်မီသရွေ့ရှိသေးတယ်။ နောက်ပြီး ကုန်လည်းမကုန်သေးဘူး။

ငယ် ကိုနန်းအောင်ထက် ဉာဏ်ပညာကြီးသူတစ်ဦးဆိုလျှင်တော့ ဘယ်လောက်သိလိုက်မလဲနော်။

နန်း ခင်ဗျား အဲဒီအကြောင်းသိရလျှင်တော့ ငုတ်တုတ်မေ့လဲသွားမယ်။

ငယ် ဟာ... ပြင်းထန်လှချည်လား။

နန်း ဒါ... လျှော့ထားတာ၊ အကင်းပဲရှိသေးတယ်။

ငယ် ဉာဏ်ပညာသမုဒ္ဒရာ လောကုတ္တရာ အရာမှာ ကျွန်တော် ယုန်သူငယ်ထောက်လှမ်းသလိုမျှား ဖြစ်နေပြီနဲ့တူတယ်။

နန်း လောကုတ္တရာ အသိပညာပဲဗျာ။ 'လေ့' လျှင်တော့ 'လာ' ပါတယ်။

ငယ် ကျွန်တော့်ကို အခုလို ပြောပြပေးနေတာ ကျေးဇူးတင်တယ်ဗျာ။

နန်း ရှိတာတော့ ရှိသေးတာပေါ့ဗျာ။ ဒါပေမဲ့ ခင်ဗျားက ကျေးဇူးတင်ကြောင်း ဖွင့်ပြောနေမှတော့ ဒီနေရာမှာပဲ သာဓုခေါ်လိုက်ကြတာပေါ့။

ငယ်

\+ သာဓု... သာဓု... သာဓု...

နန်း

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၂၂)

လမ်းရှင်းရခြင်း

ငယ် ကိုနန်းအောင်... တရားအားထုတ်မယ်ဆိုရင် လမ်းရှင်းရတယ်ဆိုတာ အသေအချာ ရှင်းပြစမ်းဗျာ။ ကျွန်တော် သိချင်လို့။

နန်း လမ်းရှင်းရတယ်ဆိုတာ ကုသိုလ်ပြုရတဲ့ အဓိပ္ပာယ်ပါ။ တရားအားမထုတ်မိပေါ့ဗျာ။ သာသနာ့အကျိုးပြုလုပ်ငန်းလေး ဘာလေး လုပ်ပေးရတဲ့သဘောပါ။

ငယ် အဓိက ဆိုလိုချက်က...

နန်း အဓိကဆိုလိုချက်ကတော့ အတ္တလောဘ လျော့နည်းခြင်းနဲ့ အခြေခံရှင်းသန့်စေရတဲ့ သဘောပါပဲ။ အလိုက်သိရတဲ့ သဘောဆိုပါတော့။

ငယ် ဘယ်သူ့အပေါ်မှာ အလိုက်သိရတာလဲ။

နန်း သာသနာအပေါ်မှာပေါ့ဗျာ။ တစ်နည်း... ဆရာကောင်းသမားကောင်းအပေါ်မှာပေါ့။ ဟို... ခြင်္သေ့ဆီဟာ နရကဏီစံရွှေခွက် သီဂီရွှေခွက်နဲ့ ခံယူရတဲ့သဘောပေါ့။ အုန်းမှုတ်ခွက်ကြီးနဲ့ ခံယူတော့ ဘယ်တည်နိုင်ပါ့မလဲ။ အဓိပ္ပာယ်က ဒီလိုပါ။

ငယ် ဪ... သစ္စာတည်အောင် သာသနာတည်အောင် တရားတည်အောင် ပေါ့နော်။

နန်း ဟုတ်ပါတယ်... ။ တရားတော်က လွန်စွာမွန်သန့်တယ် မဟုတ်လား။ ဒီတော့ တန်ဖိုးပေးဆပ်ရတာပေါ့။ တရားမှာ ခေါင်းပုံဖြတ် အမြှောက်ထုတ် လို့မရတဲ့ သဘောပေါ့။ ရင်းနှီးပျိုးထောင် စိုက်ထုတ်မှုလိုအပ်တဲ့ သဘောပါပဲ။

ငယ် ဟုတ်ပြီ... ။ ကျွန်တော် သဘောပေါက်ပြီ။ တရားကို အချောင်မရချင် ရဘူးပေါ့။ ထိုက်ထိုက်တန်တန် ရင်းနှီးစိုက်ထုတ်ပေးဆပ်ပူဇော်ရမည့် သဘောပေါ့။

နန်း ဟုတ်ပါတယ်။

ငယ် ကျွန်တော် ဒီသဘောထားကိုတော့ နားလည်လိုက်နိုင်ပါတယ်။ ဒါသဘာဝလည်း ကျတယ်ပေါ့။ တရားဓမ္မမှာ ခေါင်းပုံဖြတ်ချင်နေလို့ ဘယ်

ဖြစ်မှာလဲ။ ရသာခိုအချောင်လိုက်တာ ကျွန်တော်လည်း မကြိုက်ပါဘူး။ ငွေကြေးဓန ကြွယ်ဝရုံသက်သက်မျှနဲ့တော့ တရားဓမ္မလိုင်းမှာ မျက်နှာသာအပိုမရသင့်ပါဘူး။ ပုံမှန်အတိုင်းပဲ ဆက်ဆံကြရမှာပေါ့။ လောကုတ္တရာလိုင်းလိုက်စားပြီး အခွင့်ထူးခံ လူတန်းစားလုပ်ချင်နေလျှင် ဘယ်မှာတရားပေါက်မြောက်နိုင်တော့မှာလဲ။ အတ္တလောဘသမားဖြစ်နေတော့မှာပေါ့။ ဓမ္မသမား တရားသမား ဘယ်ဖြစ်တော့မလဲ။

နန်း ဟုတ်ပါတယ်။ အဲဒီအတိုင်းပါပဲ။ ဆရာကောင်းတွေကလည်း သာသနာတော်ရဲ့ မျက်နှာကိုပဲ ကြည့်တာပါ။ ချမ်းသာကြွယ်ဝရုံမျှနဲ့တော့ အခွင့်ထူးခံ လူတန်းစားအဖြစ် အသတ်မှတ် မခံရနိုင်ပါဘူး။ သူသူကိုယ်ကိုယ် အတ္တလောဘ စွန့်လွှတ်ပြီး သစ္စာရှာမှီးကြရတာ အတူတူပါပဲ။ သာသနာအတွက် ပိုလုပ်နိုင်လျှင် ပိုအားကောင်းတာပဲ။ ဒီအချက်ကိုသာ အသိအမှတ်ပြုကြရတာပါ။ ပုဂ္ဂိုလ်တစ်ဦးရဲ့လုပ်ဆောင်ချက်ဟာ သာသနာ့အကျိုးမည်မျှပါသလဲပေါ့။ သာသနာအပေါ်မှာ ထားရှိပုံအပ်တဲ့ သူ့အမြင်၊ သူ့ဘဝအပေါ်မှာပဲ တန်ဖိုးဖြတ်ကြရတာ။

ငယ် ကျွန်တော် သဘောပေါက် ဘဝင်ကျပါတယ်။

နန်း တကယ်တော့လည်း တရားအားထုတ်တယ်ဆိုတာ အတ္တလျော့နည်းစေရတာပဲ မဟုတ်လား ကိုချစ်ငယ်ရယ်။ ဒီတော့... အတ္တလျှော့စေခြင်းဟာ တရားရှင်ဖြစ်စေခြင်းအတွက် လမ်းခင်းပေးတဲ့ ရှေ့ပြေးကျင့်စဉ်တွေပဲပေါ့။ တရားအားထုတ်မယ်ဆိုပြီး အတ္တကြီးနေလျှင်တော့ ရှေ့နောက်မညီညွတ်ပေဘူးပေါ့ဗျာ။ သစ္စာလည်း မတည်နိုင်ပေဘူးပေါ့။

ငယ် သစ္စာရှာမှီးရာ လမ်းစဉ်ကတော့ အတော်နက်ရှိုင်းတာပဲနော်။

နန်း ဒါကြောင့်မို့လို့ ဆရာကောင်း၊ သမားကောင်းတွေပဲ လောကုတ္တရာအရာမှာ ဖြောင့်မှန်စွာ ကိုင်တွယ်နိုင်ကြတာ။ လမ်းစဉ်ကတော့ နက်ရှိုင်းတာအမှန်ပဲ။ တရားတော်ကလည်း နက်ရှိုင်းပေတာကိုး။

ငယ် ကျွန်တော်ကတော့ သာသနာတော်ကို ကြည်ညိုတဲ့ အဆင့်မျှလောက်

သာပါဗျာ။

နန်း ဒီတော့ အပြစ်ကြီးအပြစ်ငယ် ကင်းရှင်းတာမေ့ပါဗျာ။ တချို့က သာသနာတော်ကို ကြည်ညိုရကောင်းမှန်းမသိတော့ ကိုယ့်ကိုယ်ကိုပဲ အမွှန်းတင်ချင်နေကြတော့ အပြစ်မကင်းတတ်ကြဘူးပေါ့ဗျာ။ အဲဒါ သူတို့ရဲ့ဟာကွက်ပဲ။ ခင်ဗျားမှာ ဒီဟာခွက်မရှိတာ သိပ်ဝမ်းသာစရာကောင်းတယ်။

ငယ် ဟာ... ကျွန်တော်က ဘာတတ်တာမှတ်လို့ဗျာ။ သာသနာတော်မြတ်ကိုပဲ ဦးထိပ်ပန်ဆင်ရမှာပေါ့။

နန်း တတ်ကြွလျှင်လည်း နိဗ္ဗာန်စံဝင်ပြီးကြပြီပေါ့ဗျာ။ မတတ်လို့ သံသရာလည်နေကြရတာပေါ့။ ဒါကို အချင်းချင်း မီးမှုတ်နေချင်ကြသေးတယ်။ ငါတကော ကောချင်နေကြသေးတယ်။

ငယ် ကျွန်တော်ကတော့ မကောတတ်ပါဘူးဗျာ။ ပညာပြည့်စုံလို့ အရိယာဖြစ်ရဟန္တာဖြစ်ပြီးခဲ့လျှင် နိဗ္ဗာန်စံဝင်ပြီးကြပြီပေါ့။ ဘယ်သံသရာလည်နေကြရတော့မလဲ။

နန်း ဟုတ်တာပေါ့။ ဒီသဘောကို ဆင်ခြင်တတ်ရမှာပေါ့။ လူတွေတရား၀မ္မလိုက်စားကြတာ ကောင်းပါတယ်။ ဒါပေမဲ့ မှန်ရာကန်ရာဖြစ်စေချင်ပါတယ်။ ဒီသဘောပါပဲ။

ငယ် ကျွန်တော်ကတော့ မှန်ရာကန်ရာ နှစ်ခြိုက်ပါတယ်ဗျာ။

နန်း ဩော်... သာသနာပြုကြတယ်ဆိုတာကလည်း ဒီလိုရှိတယ်လေဗျာ။ ဥပမာ ခင်ဗျားက ငွေကြေးတတ်နိုင်တယ်။ ကျွန်တော်က လူမှုဆက်ဆံရေးကောင်းမွန်တယ်။ တခြားတစ်ယောက်က ဥပဒေနားလည်တယ်။ ကျန်လူများက စောင့်ရှောက်စုစည်း ထိန်းသိမ်းနိုင်တယ်။ တချို့ လူနဲ့ရင်းပြီး ဘ၀ပေးထားတယ်။ ဒါတွေဟာ ကုသိုလ်တွေချည်းပေါ့။ အားလုံးလည်း လိုအပ်ကြတယ် မဟုတ်လား။ ဒီလို ဝိုင်း၀န်းသာသနာပြုကြရာမှာ ငွေကြေးဓန ချမ်းသာကြွယ်ဝသူ လူဒါန်းနိုင်သူကသာ အသာစီးနေရာယူခြယ်လှယ်နေတော့ သူ့ငွေကြေးဓန ကုသိုလ်တွေ နှမြောစရာဖြစ်သွား

မှာပေါ့။ လူတာက လူတာတစ်ကယ်၊ သစ္စာရှာတာက သစ္စာရှာဖွေသူ ယောဂီ။ ဒါက တစ်ကယ်...။ ငွေနဲ့ပေါက်ပြီး တရားမှာ အခွင့်ထူးခံလူတန်းစားမဖြစ်အပ်ပါဘူး။ ဒီတော့ ကိုယ်လူတာ ကိုယ့်ဖို့... ။ နောက်ပြီး တာဝန်ကျေကျေသစ္စာရှိရှိ တရားအားထုတ်။ တစ်ပါးသူအပေါ် အမြတ်မထုတ်နဲ့။ အရှုံးပေါ်သွားနိုင်တယ်။ ဒီသဘောကိုပြောတာပါ။ ငါ လူရတယ်။ ငါ တန်းရတယ်ဆိုပြီး ဗိုလ်ကျချင်နေလျှင် သူတစ်လူငါတစ်မင်းနဲ့ ဦးနှင်းပဲ့ထောင်ပဲ့နှင်းဦးထောင်ဆိုသလို ခေါင်းဆောင်က အုပ်ချုပ်ဖို့ ခက်သွားမယ်။ ဒီတော့ တရားလိုချင်လျှင်လာ ဒါပဲ... ။ ကျန်တာယောဂီအချင်းချင်းပဲ...။ ဒီလိုပဲ နှလုံးသွင်းနိုင်ရမယ်။ တရားရိပ်သာကို လာတာဗိုလ်ကျချင်လို့ လာတာဆိုလျှင် အဓိပ္ပာယ်မရှိလှဘူး။

ငယ် ကျွန်တော် သဘောပေါက်သွားပါပြီဗျာ။

သာဓု... သာဓု... သာဓု...

အောင်စာပေ

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (JR)

ဗုဒ္ဓဘာသာစစ်စစ်ပြန်ဖို့ မလွယ်ဘူး

အောင်စာပေ

ငယ် ကိုနန်းအောင်... ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ဖို့ မလွယ်ဘူးဆိုတာလေး ရှင်းပြပါဦးဗျ။

နန်း ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ဖို့ အနိစ္စတစ်လုံးကို ပိုင်နိုင်မှဖြစ်မယ်။

ငယ် အနိစ္စတစ်လုံးကို ဘယ်လိုပိုင်ရမှာလဲဗျ။ အခြားကုသိုလ်ကောင်းမှုတွေကို လုပ်ရုံမျှနဲ့ ဗုဒ္ဓဘာသာစစ်စစ် မဖြစ်သေးဘူးလား။

နန်း ခက်တယ် ကိုချစ်ငယ်... ။ စိပ်ပုတီးစိပ်တာတို့၊ ဓာတ်နတ်ယတြာတို့ သက်သတ်လွတ်တို့ဆိုတာ မကျင့်အပ်ဘူး၊ မကျင့်ရဘူးလို့ မဆိုလိုဘူး။ ဒါပေမဲ့ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ဖို့ အလှမ်းလိုသေးတယ်။ လောကုတ္တရာမပီဘူးပေါ့ဗျာ။ ဓာတ်တို့ နတ်တို့ဆိုတာလည်း မရှိဘူးတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် ဒီကျင့်စဉ်ဟာ လောကီပဲ။ လောကုတ္တရာမရောက်သေးဘူးလို့ နားလည်ထားအပ်တယ်လို့ ဆိုလိုတာ။ အကုသိုလ်တွေ လုပ်နေတာထက် စာလျှင် တော်သေးတာပေါ့လို့တော့ ပြောနိုင်တယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ဖို့ဆိုတာ ဒါလောက်မျှနဲ့ မခိုင်လုံလှသေးဘူး။ ကျွန်တော်ပြောတဲ့ အနိစ္စတစ်လုံးမပိုင်လျှင် ပြန် 'လည်' သွားတတ်သေးတယ်။ ဒီတော့ သူတော်ကောင်းတွေရဲ့ အလိုတော်ကျ နှလုံးသွင်းတတ်ဖို့ မဝင်စားတတ်သေးလျှင် စိတ်မချရဘူးဗျ။ စိတ်မချရတဲ့အတွက် မစစ်မှန်သေးဘူးလို့ ဆိုရတယ်။ ဒါ... နက်တော့နက်ရှိုင်းတယ်နော်။ ခင်ဗျား လေးလေးနက်နက် ဝင်စားဖို့လိုလိမ့်မယ်။ ကျွန်တော် သေသေချာချာတင်ပြနေတာ အမှန်အကန် ဖြစ်စေချင်လွန်းလို့။

ငယ် ခင်ဗျားစေတနာကို ကျွန်တော် နားလည်ပြီးသားပါဗျာ။ ပြောစရာရှိတာ ပြောသာ ပြောပါ။

နန်း ပြောပါ့မယ်ဗျာ။ အမှန်တရားပဲ။ ဒီတော့ ခင်ဗျားရေလည်သွားအောင် ကိုပြောမယ်။

ငယ် ကောင်းပြီဗျာ... ၊ နားထောင်မယ်... ပြော... ။

နန်း လောကကြီးမှာ ပရမ်းပတာပြဿနာတွေ ရှိတယ်ဗျ။ ခိုင်မာဖို့ဆိုတာ အဲဒီ

ပရမ်းပတာပြဿနာတွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ လိုတယ်။ ဒီလိုအခါမှာ မြတ်စွာဘုရားအစ သူတော်ကောင်းတွေရဲ့ အဆိုအဆုံးအမကို တည်နိုင်စေဖို့ ကိုယ့်မှာခိုင်မာတဲ့ ခံယူချက်ရှိထားရမယ်။ အဲဒီခံယူချက်ကို တရားအသိက ထိန်းတယ်။ တရားအသိကို အနိစ္စတစ်လုံးပိုင်နိုင်မှုက ကြိုးကိုင်မောင်းနှင်တယ်။ ဒါကြောင့် အနိစ္စတစ်လုံးပိုင်နိုင်ပါမှ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်နိုင်မယ်။ တော်ရုံတန်ရုံ ယုံကြည်ချက်လောက်နဲ့တော့ မခိုင်လုံဘူး။ လောကဓံပရမ်းပတာနဲ့ ရင်ဆိုင်တိုးဝှေ့လိုက်လျှင် လမ်းစဉ်သွေဖီသွားတတ်တယ်။ ကြည့်လေ... ဘာသာရေးအကြောင်းပြောရင်း ဟောရင်းနဲ့ နာမည်ရလာတော့... 'ဘုရားလည်းမစွမ်းပါဘူး' တို့ 'ဒေဝဒတ်မြေမြှုပ်တာသူ့ယောက်ဖပဲ၊ မစွမ်းလို့ ဒီလိုအဖြစ်ခံရတာ' တို့ဆိုတဲ့ သစ္စာဖောက်တဲ့အယူအဆတွေ ပုံ့နှံ့စေတာ လေ့လာကြည့်ပေါ့။ ဘယ်လောက်ထိ ဆိုးရွားတဲ့ပြစ်မှုတွေကို ကျူးလွန်ကုန်ကြသလဲ။ ဒါ... ဗုဒ္ဓဘာသာမစစ်လို့ ဘုရားကို ပြစ်မှားတာပေါ့။

ငယ် ကျွန်တော် တော်တော်နားလည်လာပါပြီဗျာ။ တချို့ကိစ္စတွေတော့ စိတ်မကောင်းပါဘူး။

နန်း စိတ်မကောင်းဖြစ်မနေနဲ့လေ... ။ ဒါတွေဟာ ဖြစ်ရပ်မှန်တွေပဲ။ တရားမသိတော့ စကားချည်းပြောထွက်နေတာ အနက်မပါဘူး။ နောက်ဆုံးတော့ အကျင့်မရှိ၊ ဆရာကောင်းမရှိတော့ ဖောက်ပြန်ရေးသမားတွေဖြစ်ပြီး ညာစားကုန်ကြတာပဲ။ လောကုတ္တရာအရာမှာ ဒါမျိုးတွေကို သတိပြုရမယ်။ သာသနာဖျက်တွေပဲဗျ။

ငယ် သာသနာက နက်ရှိုင်းလှတယ်ဆိုတာ ကျွန်တော် ရိပ်စားမိပါပြီဗျာ။ ခင်ဗျားလည်း ဒီဘက်မှာ တော်တော်ကျွမ်းကျင်တာပဲနော်။

နန်း ဒါတွေ ဆရာသင်ကြားပြသပေးထားတာဗျ။ ထေရဝါဒဆိုတာ ဒါပဲဗျ။

ငယ် အဲ... အဲ... အဲဒါလေးလည်း နည်းနည်း လင်းစမ်းပါဦး။

နန်း ထေရဝါဒလား... ထေရဝါဒဆိုတာ သဗ္ဗညုတဉာဏ်တော် ရှင်မြတ်စွာ

ဘုရားကို ဦးထိပ်ထားပြီး မြတ်စွာဘုရားမှအစ အရိယာသူတော်စင်တွေရဲ့ အသိပညာဉာဏ် လောကုတ္တရာ အဆိအနှစ်တွေကို လက်ဆင့်ကမ်းနည်းနာခံယူကျင့်သုံး ဆောက်တည်ကြရတဲ့ သဘောပေါ့ဗျာ။

ငယ် ကျွန်တော်ကတော့ လိုက်နိုင်သရွေ့ ထေရဝါဒမှ ထေရဝါဒသမားသက်သက်ပဲ။

နန်း သာဓုခေါ်ပါတယ်ဗျာ။ ကျွန်တော် ဒီအကြောင်းတွေ နားလည်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ မပြောလိုပါဘူး။ ကျွန်တော် ပြောလိုတာက မြတ်စွာဘုရား အလိုတော်ကျ ဗုဒ္ဓဘာသာစစ်စစ်အကြောင်းပဲ။

ငယ် ဒါလိုရင်းပါပဲ... ကိုနန်းအောင်ရယ်... ။ ကျွန်တော်လည်း လိုရင်းပဲ စိတ်ဝင်စားတယ်ဗျာ။

နန်း အဲ... လိုရင်းဆိုရင်း အနိစ္စတစ်လုံးပိုင်နိုင်အောင် နှလုံးသွင်းတော့ ကျင့်တော့ပေါ့ဗျာ။

ငယ် ကျေးဇူးပဲဗျာ... ကျွန်တော့်အဖို့တော့ ဒီ IDEA က ရွှေပဲ။

နန်း ရွှေဆိုတော့ အဆိအနှစ်တည်တာပေါ့ဗျာ၊ သာဓုခေါ်ပါတယ်။ သာဓု... သာဓု... သာဓု...

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၂၄)

မြတ်ဗုဒ္ဓအာလိုကေတ်ကျ
ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ရန်

ဒေါင်စာပေ

ငယ် ကိုနန်းအောင်... ကျွန်တော် မြတ်စွာဘုရားအလိုတော်ကျ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ချင်တယ်ဗျာ။ ကျွန်တော် ဘာလုပ်ရမလဲ ပြောပြပါ။

နန်း မြတ်စွာဘုရား အလိုတော်ကျဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ဖို့ ဆိုတာကတော့ ခင်ဗျား လူဘဝရဲ့အိုခြင်း၊ နာခြင်း၊ သေခြင်း၊ တရားတွေကို ရေရေလည်လည် နားလည်ထားဖို့ လိုပေလိမ့်မယ်ဗျာ။

ငယ် ဟာ... ကျွန်တော် အိုခြင်း၊ နာခြင်း၊ သေခြင်း တရားတွေကို နားလည်ပါတယ် ကိုနန်းအောင်ရယ်။ ဒါက အထင်အရှားတွေပဲ။

နန်း အဲလေ... အထင်အရှားရှိနေဖြစ်နေပေမယ့် နက်နက်ရှိုင်းရှိုင်း သိမြင်နားလည်ထားဖို့ လိုတဲ့အကြောင်း ပြောရတာပါ။ ဒီလိုဆို ခင်ဗျား မအိုရာ၊ မနာရာ၊ မသေရာကို ရောက်ချင်ရမှာပေါ့။

ငယ် အင်း... ရောက်ချင်တယ်ဆိုပါတော့။ နည်းနည်းတော့ အားပျော့မိသလိုပါပဲ။

နန်း အဲဒါပြောတာပေါ့ ကိုချစ်ငယ်... ။ ဒီဘက်ရုပ်နာမ်ကို မလိုချင်၊ မုန်းချင်မနှစ်မြို့ချင်တော့မှ ဟိုဘက်နိဗ္ဗာန်ကို ရောက်ချင်၊ ပေါက်ချင်၊ စံမြန်းချင်မှာ။

ငယ် ဟုတ်ပြီ ကိုနန်းအောင်... ။ ကျွန်တော့်ကို လိုအပ်တာလည်း ကူညီပြီးပြောပြပေးဗျာ။ ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ဦး ဖြစ်ဖို့ကိုတော့ ကျွန်တော် တိမ်းညွတ်နေမိတာ အမှန်ပါဗျာ။

နန်း ရတယ်လေ... ။ ကျွန်တော် ကူညီပြောပြပေးမှာပေါ့။ ဒါပေမယ့် ခင်ဗျား ကျွန်တော့်ကို ယုံကြည်ဖို့တော့ လိုတယ်နော်။

ငယ် ဟာ... ယုံပြီလားဗျာ။ ခင်ဗျားကို ကျွန်တော် အတုံးလိုက် အတစ်လိုက် တစ်တစ်ခွခွ ယုံတယ်မှတ်ပါ။

နန်း ကောင်းပါပြီဗျာ... ။ ဒီလိုဆိုပြောပြပါ့မယ်။ ရုပ်နာမ်တွေဟာ မကောင်းဘူးဗျ။ အိုတယ်၊ နာတယ်၊ သေတယ်၊ သွေးပြည်သလိပ်တွေ၊ ငှက်ပျောတုံး လက်ပံတုံးလိုပါပဲ။ တစ်နေ့ကျ စွန့်ပစ်ရမှာ... ။

အောင်စာပေ

ငယ် ဟုတ်ပါပြီဗျာ၊ ဆက်ပြောပေးပါ။

နန်း တကယ်တမ်းကျ ရုပ်နာမ်ထက်ကောင်းတာရှိတယ်။ အဲဒါတရားပဲဗျ။

ငယ် ဟုတ်ပြီ... ။ အဲဒီတရားကို ကျွန်တော် သိချင်တာ။

နန်း တရားဆိုတာ အမှန်ပေါ့ဗျာ။ သုံးဆယ့်တစ်ဘုံထဲက ရုပ်နာမ်တွေဟာ မကောင်းသလို ရုပ်နာမ်ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာလည်းကောင်းတယ်။ အဲဒါ တရားပဲ။ အမှန်ပဲ။

ငယ် လုပ်ဗျာ၊ အကျယ်ပြောတော့၊ ဟောတော့။

နန်း ရုပ်နာမ်က မကောင်းပေမယ့် ကောင်းတဲ့ နိဗ္ဗာန်ဆိုတာရှိလေတော့ တော်သေးတာပေါ့ဗျာ၊ နိဗ္ဗာန်သာ အမှန်အကန်မရှိလျှင် မခက်ပေဘူးလား။ ဒီ အိုတဲ့၊ နာတဲ့၊ သေတဲ့ ရုပ်နာမ်ကြီးနဲ့တော့ ကျွန်တော်တို့ ဘာလုပ်တော့မလဲ။ ဒီအထဲကပဲ မထွက်နိုင်ဘူးဆိုလျှင်... ။ အဲဒါ နိဗ္ဗာန်ရှိနေလို့ မျှော်လင့်ချက်ရှိနိုင်တာ။ အဲဒီ နိဗ္ဗာန်ကို ပို့ဆောင်နိုင်တာကလည်း တရားပဲဗျ။ မြတ်ဗုဒ္ဓသာသနာတော်ထဲက တရားတော်မြတ်ပဲ။

ငယ် ဟုတ်ပြီ။ ကျွန်တော် နာမယ်ဗျာ။

နန်း အဲဒီတရားတော်ဟာ ဒီဘက်ရုပ်နာမ်ကနေ ဟိုဘက် နိဗ္ဗာန်ဆီကို ပို့ပေးတယ်ဗျ။

ငယ် ဟုတ်ပြီဗျာ၊ ပို့ပေးပုံ ပို့ပေးနည်း နာမယ်ဗျာ။

နန်း ဒီကိစ္စမှာ အားကိုးအားထားပြုစရာက သာသနာတော်မြတ်ကြီးပဲဗျ။

ငယ် ဟုတ်ပြီဗျာ။ အဲဒီသာသနာ့အရိပ်ကို ခိုလှုံချင်တယ်၊ ခိုလှုံပါရစေ။

နန်း ခိုရမှာပေါ့... ။ ခိုရမှာပေါ့... ။ သာသနာ့ရိပ်ဆိုတာ အေးမြတယ်ဗျ။ အင်မတန် ထူးခြားတယ်။

ငယ် အဲဒီထူးခြားမှုတွေကို သိပါရစေဗျာ။ ကျွန်တော် အာသာဆန္ဒပြင်းပြနေလို့ပါ။

နန်း ကောင်းပြီ... ၊ ရုပ်နာမ်ဟာ မကောင်းဘူးဆိုတာ၊ ရုပ်နာမ်ထက်ကောင်းတာရှိနေလို့ဗျ။ ဒါ...ခင်ဗျားလိုက်နိုင်အောင် ပြောတာ။ ရုပ်နာမ်သက်သက်

ကကိုမကောင်းဘူးဆိုတာ သေချာတယ်။ ဒါပေမဲ့ ဒါကို သဘောပေါက်ဖို့ ခက်ခဲနေလျှင် လိုက်တတ်အောင် တစ်နည်းပြောပြရတာ။ နိဗ္ဗာန်ဟာ ရုပ်နာမ်ထက် အများကြီးကောင်းတယ်။ မနှိုင်းယှဉ်သာဘူး။

ငယ် အဲဒါ အကျယ်ပြောပြဗျာ။

နန်း ရုပ်နာမ်ဆိုတာ မှီခိုချင်စရာမကောင်းဘူးဗျ။ အသုံးချဖို့ပဲ ကောင်းတယ်။ ဒါကို ခွဲခြားနားလည်ရမယ်။

ငယ် နားလည်ရမယ်ဆိုတာကိုတော့ နားလည်ပြီဗျာ။ နားလည်အောင်သာ ပြောပြတော့။

နန်း ရုပ်နာမ်ဆိုတာ တစ်နေ့စွန့်ရမှာဗျ။ နိဗ္ဗာန်ဆိုတာ တစ်ခါစံမြန်းရလျှင် ဘယ်တော့မှ မစွန့်ရတော့ဘူး။ ကောင်းလည်း ကောင်းဘယ်။ စွန့်လည်း မစွန့်ရတော့ဘူး ဆိုတော့ ခင်ဗျား စဉ်းစားကြည့်လေ။ ဘယ်လောက်ကောင်းလိုက်မလဲဆိုတာ။

ငယ် ကောင်းမယ်ဆိုတာ ကျွန်တော် မှန်းဆတတ်ပြီဗျာ။ ခင်ဗျားကောင်းပုံ ကောင်းနည်းကိုသာ ပြောပြတော့။

နန်း လိုရင်းကတော့ ရုပ်နာမ်ကို မကောင်းဘူးလို့ သိနားလည်တဲ့အသိဉာဏ်ပဲ။

အဲဒီအသိဉာဏ်ဟာ ရုပ်နာမ်ကို ပိုင်းခြားနားလည်နိုင်တယ်။ ဆိုလိုတာကဗျာ... ရုပ်နာမ်ကို ပိုင်းခြားနားလည်ပြီဆိုလျှင် အဲဒီဉာဏ်က အဲဒီရုပ်နာမ်မှ သီးခြားပြတ်သား ကင်းလွတ်စွာပိုင်းခြားနိုင်စွမ်းရှိတယ်။ အဲဒါကို ပရိညာ တဗွကိစ္စလို့ ခေါ်တယ်။ နက်တော့ နက်တယ်ဗျာ။ အားတော့နာတယ်။ ဒါပေမဲ့ ဒါကိုမသိလျှင် ရှေ့ဆက်ဖို့ ခက်မှာမို့ ဒီလိုရှင်းပြရတာ။ ကျွန်တော့်ကို နားလည်ပါ။

ငယ် ဟာ... ဒီလိုပြောစရာမရှိပါဘူးဗျာ။ ကျွန်တော် နားလည်ပါတယ်။ ခင်ဗျားကို ကျွန်တော် အကြွင်းမဲ့ ယုံကြည်တယ်။ အဲ... ကျွန်တော့်ပါရမီကိုသာ မခန့်မှန်းနိုင်တာ။

နန်း အတိတ်ကံပါရမီကို အသာထားပေါ့ဗျာ။ ပစ္စုပ္ပန်ပါရမီကိုသာ အားဖြည့်ပေါ့။

ငယ် အားဖြည့်နည်းလေးတွေပါ တစ်ပါတည်း ပြောပြဗျာ။ ကျွန်တော် စိတ်ပါနေတုန်း။

နန်း အဲဒီလို စိတ်ပါနေတာလည်း ပါရမီတစ်မျိုးပေါ့ဗျာ။ ကျွန်တော် ပြောပြပါမယ်။

ငယ် ပြောပြဗျာ... ။ အကျယ်တဝင့်သာပြောပြ... ။

နန်း ရုပ်နာမ်ဆိုတာ မကောင်းဘူးလို့ သာသနာတော်က ဆုံးမတယ်။ အဲဒါကို ကိုယ်က သာသနာတော်ကို ဦးထိပ်ပန်ဆင်ပြီး နာခံနားလည်ရတယ်။ ငါ့ဖာသာ နားလည်တယ်လို့ မယူရဘူး။ ငါ့ဖာသာနားလည်တယ်ဆိုလျှင် တိမ်တိမ်ကလေးပဲ၊ နားလည်သယောင်ယောင် ဖြစ်တယ်။ နက်နက်ရှိုင်းရှိုင်း မသိနိုင်ဘူး။ သာသနာတော်က တစ်ဆင့်ပူဇော်သဖြင့် နားလည်တယ်ဆိုမှ ထိုက်ထိုက်တန်တန် နက်နက်ရှိုင်းရှိုင်း သိနားလည်နိုင်တာ။ အဲဒါ သာသနာတော်မြတ်ရဲ့တန်ဖိုးပဲ။ လူသာမန်တွေ၊ သာသနာမကြည်ညိုနိုင်သူတွေ နားမလည်နိုင်ဘူး။ ငါသိ၊ ငါတတ်ပဲ မှတ်တတ်တယ်။ အဲဒါလည်း ထူးခြားတဲ့အချက်တစ်ချက်ပဲ။

ငယ် သာသနာတော်မှာ နက်ရှိုင်းမှုတွေ ပြည့်သိပ်နေမယ်ဆိုတာကိုတော့ ကျွန်တော် လိုက်နိုင်ပါတယ်ဗျ။ ဘယ်လိုနက်ရှိုင်းမယ်ဆိုတာကိုသာ ကျွန်တော် မလိုက်နိုင်တာပါ။

နန်း နက်ရှိုင်းတာတော့ အံ့မခန်းပဲဗျာ။ ဒါကြောင့်လည်း တော်ရုံတန်ရုံနဲ့ ယထာဘူတကျကျ နားမလည်နိုင်ကြတာ။ ဒီတော့ ငါဗဟိုရှုပြု ဝါဒ ဘက် အစွန်းရောက်ကုန်ကြတာပေါ့။

ငယ် လောကုတ္တရာကိစ္စတွေမှာ 'ငါ' ပယ်ရမယ်ဆိုတဲ့ သဘောကိုတော့ ကျွန်တော် စောကြောနားလည်သွားပြီဗျာ။

နန်း လောကုတ္တရာလိုက်မှတော့ 'ငါ'ဆိုတာ ဘာလုပ်မှာလဲ ကိုချစ်ငယ်ရယ်။

အောင်စာပေ

ငါသဘောက လောကီမှာပဲ ကျင်လည်အပ်တာပါ။ လောကုတ္တရာမှာ သာသနာဆိုမှ မှန်ကန်တယ်။ သာသနာကပေးအပ်တယ်ဆိုမှ စစ်မှန်တယ်။ သာသနာမှာ မှီခိုတယ်ဆိုမှ အချိုးကျနိုင်တယ်။ ဒီအယူဟာ အမှန်အကန်အယူအဆပဲ ဖြစ်တယ်။

ငယ် ကိုနန်းအောင် ပြောပြတာတွေကို ကျွန်တော် ယုံကြည်ပါတယ်။

နန်း လောကုတ္တရာလေသံလွှင့်ပြီး 'ငါ' တွေ၊ 'ကိုယ်' တွေ အမွှန်းတင်နေကြလျှင် သူတို့ဟာ လောကီကမလွန်သော အသိမျှသာ ရှိသေးကြောင်း ထင်ရှားတဲ့ သာဓကတွေပဲ ကိုချစ်ငယ်ရဲ့။

ငယ် အနတ္တသဘောကိုတော့ ဦးဖယ်ထားရမှာပဲလို့ နားလည်ထားမိပါတယ်။

နန်း 'ငါ' ဆိုတာ တကယ်တော့လည်း မရှိဘူးဗျ။ မရှိတဲ့ 'ငါ' ကို အရှိလုပ်နေကြတာ။ ရုပ်နာမ်မှာ ရုပ်နာမ်သိပေါ်တာပဲ ရှိတယ်။ အကြောင်းအကျိုးပဲရှိတယ်။

ငယ် ကြောင်းကျိုးသိတော့ ဒိဋ္ဌိသေတယ်။ ရုပ်နာမ်သိတော့ ဖြစ်ပျက်မြင်တယ် ဆိုကာကိုတော့ နာယူဘူးတယ်ဗျာ။

နန်း အဲဒါကို ဝင်စားရမှာပေါ့ဗျာ။ လေးလေးစားစားဝင်စားရမှာပေါ့။

ငယ် ကျွန်တော်လည်း ဝင်တော့ဝင်စားပါတယ်။ ဘယ်လောက်ထိသာ နက်ရှိုင်းမယ်ဆိုတာတော့ သိပ်မသိဘူးပေါ့။

နန်း အကြောင်းခံလို့ အကျိုးပေါ်လာရတဲ့ အသိသဘောကို နားလည်ရတာပေါ့ဗျာ။ လိုက်စားလေလေ နက်ရှိုင်းလေလေဖြစ်မှာပဲပေါ့။ မြတ်စွာဘုရားတရားတော်ကလည်း ယေဓမ္မာ-ဟေတုပ္ပဘဝါ ဟုတ်လား။ ဖြစ်ရပ်တိုင်းမှာ အကြောင်းရှိတယ်ဆိုတာလေ။

ငယ် ဟုတ်တယ်၊ ကျွန်တော် ကြားဖူးတယ်။ အသျှင်သာရိပုတ္တရာ အလောင်းဥပတိဿ-သောတာပန်တည်တဲ့ တရားတော်ပဲ။

နန်း ကြောင်းကျိုးသိလျှင် ဒိဋ္ဌိသေတယ်ဆိုတဲ့စကားက နားလည်နိုင်လေ အကျိုးရှိလေပါပဲဗျာ။

အောင်စာပေ

ငယ် ကျွန်တော် အင်မတန် ကြိုက်နှစ်သက်တဲ့ ဓမ္မလိုင်းတစ်ခုပါပဲဗျာ။

နန်း ငါသိတာ မဟုတ်ဘူးဗျ။ အကြောင်းရှိလို့ အကျိုးပေါ်ကြောင်း အသိဖြစ်လာရတာ။

ငယ် တရားဆိုကတည်းက နက်ရှိုင်းသွားပြီလေ။

နန်း အကြောင်းအကျိုးသိတော့ 'ငါ' နေရာမရှိတော့ဘူးပေါ့ဗျ။

ငယ် ခင်ဗျားကတော့ 'ငါ' ပြုတ်ပြီးသားနဲ့တူတယ်။

နန်း ကျွန်တော်လည်း အကြောင်းအကျိုးကို တန်ဖိုးတားတတ်ခဲ့သူ ကစ်ဦးပေါ့။

ငယ် ဝမ်းသာပါတယ်ဗျာ။ ကျင့်ပြီးတော့ ပြောတဲ့ပုဂ္ဂိုလ်အမျိုးအစားပဲ။

နန်း မကျင့်လျှင် မရဘူးလို့တော့ အဆုံးအမခံယူခဲ့ရတဲ့ ပုဂ္ဂိုလ်စာရင်းဝင်ပါပဲဗျာ။

ငယ် သာဓုခေါ်ပါတယ်ဗျာ။

သာဓု... သာဓု... သာဓု...

အောင်စာပေ

ကိုနန်းအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၂၅)

နိဗ္ဗာန်မျက်မှောက်ပြုရန်

အောင်စာပေ

ငယ် ကိုနန်းအောင်... ကျွန်တော် နီဗွာန်ကို မျက်မှောက်ပြုချင်တယ်ဗျာ။

နန်း ဟာ... ဒါတော့မလွယ်တဲ့ကိစ္စပဲ။

ငယ် မလွယ်မှန်းသိတယ်လေ... ။ ဒါပေမဲ့ ပြုချင်ပါတယ် ဆိုနေမှ... ။ နောက်ပြီး... ခင်ဗျားစကားရှိတယ်။ မလွယ်ဘူးလို့သာ ပြောတယ်။ မဖြစ်နိုင်ဘူးလို့မပြောဘူး။

နန်း သြော်... အနုမာန မျက်မှန်းဆချင်တာလား။

ငယ် ဘယ်လိုပဲဖြစ်ဖြစ်လေ။ အခြေအနေအရပ်ရပ်ကို ခင်ဗျား စီစဉ်ပေးပေါ့။

နန်း သြော်... ဒါတော့ ရပါတယ်။ ဒါပေမယ့် တကယ်တမ်းကျတော့ နီဗွာန်ကခက်တယ်ဗျ။

ငယ် ခက်ပလေ့စေလေ... ။ ကျွန်တော်ကလည်း ခက်ခက်ကိုမှ လိုချင်တာ။ အဲ... လွယ်တာဆို ဘာလုပ်မှာလဲ။ ပညာသား ဘယ်ပါတော့မလဲ။

နန်း ကောင်းပြီလေ... ။ တရားသဘောကတော့ တော်တော်ခက်ခဲနက်နဲတယ်ဗျာ။ ပါရမီပါလာလျှင်တော့ ပိုကောင်းတယ်လို့ ပြောရမှာပဲ။

ငယ် အတိတ်ကံပါရမီကိုတော့ ကျွန်တော် မတတ်နိုင်တော့ဘူးပေါ့ဗျာ။ ပစ္စုပ္ပန်မှာတော့ ကြိုးစားပါ့မယ်။

နန်း အတိတ်ကိစ္စက ပြီးပြီမို့ အပြစ်တင်ဖို့ မပြောပါဘူး။ သတ်မှတ်ချက်ကို ဖော်ပြတာပါ။ ပစ္စုပ္ပန်ကလည်း အရေးပါတန်သလောက်ပါ ပါတယ်။

ငယ် ပစ္စုပ္ပန်တော့ ကျွန်တော့်အတွက် စိတ်ချပါဗျာ။

နန်း ဉာဏ်ဆိုတာ ခက်တယ်ဗျ။ စိတ်လို့လည်း ပြောလို့မရဘူး။ စိတ်နဲ့လည်း မကင်းလွတ်ဘူး။ ဒါပေမဲ့ ခင်ဗျား... သတိပြုရမှာက လောကုတ္တရာဆိုတာ လောကမှ လွန်မြောက်တာ။ အဲဒါအမှန်ရှိတယ်။ လောကမှ လွန်မြောက်တယ်ဆိုတာ ရုပ်နာမ်မှ လွန်မြောက်တာဗျ။ ဒီတော့ စိတ်မှလည်း လွန်မြောက်ရတာပေါ့။

ငယ် ပြောပြပေးပါဗျာ။ လောကုတ္တရာဆိုတာ နက်ရှိုင်းကြောင်းနဲ့ အံ့ဖွယ်ရှိကြောင်း၊ ကျွန်တော် ကြိုတင်နားလည်ထားပြီးသားပါ။

နန်း ခင်ဗျား မသိသေးတာတွေ ပါမှာဆိုတော့ အံ့မယ်ဆိုလည်း အံ့မှာပဲ။ ခင်ဗျား သိပြီးသားချည်းပဲဆိုတော့လည်း ဘာလုပ်မှာလဲဗျ။ အချိန်ကုန်ရုံမျှသာ ရှိမှာပေါ့။

ငယ် ဟုတ်တယ်။... ။ ကျွန်တော်လည်း အသစ်ပဲ သိချင်တယ်။

နန်း ကောင်းပြီ... ။ လောကုတ္တရာဆိုတာ မပျက်တဲ့အရာပဲဗျ။

ငယ် အဲဒါကို အံ့သြတယ်ဗျာ။ ဒါပေမဲ့ ယုံကြည်တယ်။

နန်း ယုံပါဗျာ... ။ ကျွန်တော် လိမ်လည်း မပြောဘူး။ အပိုလည်း မပြောဘူး။ မသိတာလည်း မပြောဘူး။

ငယ် စိတ်ချပြီးသားပါဗျာ။ ပြောပါ။

နန်း ဗုဒ္ဓဘာသာဝင် ဖြစ်ချင်သူတစ်ဦးဟာ သာသနာယုံလို့ ပုံအပ်တဲ့အခါ 'ငါ' နဲ့ ပတ်သက်တဲ့ အယူတွေဆုတ်နစ်လျော့နည်းသွားတာပေါ့ဗျာ။

ငယ် ဒါကို ကျွန်တော် လိုက်နိုင်တယ်။

နန်း အဲဒီလို 'ငါ' ဆုတ်နစ်တဲ့အချိန်မှာ ယုံကြည်ချက် သဒ္ဓါတရားနဲ့ တည်ဆောက်ဝဲ့ လောကုတ္တရာအသိနယ်ပယ်မှာ ဉာဏ်ဆိုကာ ဖြစ်ထွန်းတည်ဆောက်လာရတယ်ဗျ။ အဲဒီလို ဖြစ်ထွန်းတည်ဆောက်လာရတဲ့ ဉာဏ်ကိုမှ ပိုင်နိုင်အောင်ကြိုးစားကျင့်ကြံအားထုတ် လုံ့လဥဿဟပြုရတယ်။ စည်းကမ်းရှိရတယ်။ ကျင့်ဝတ်စောင့်ထိန်းရတယ်။ အနေမှန်ကန်ရတယ်။ အရာရာခြိုးခြံရတယ်။ ရောင့်ရဲရတယ်။ နှလုံးသွင်းမှန်ကန်စေရတယ်။ ဒီအခါမှာ လောကုတ္တရာဉာဏ် ပီပြင်လာလေ့ရှိတယ်။ ဒါ အခြေခံတွေပဲ။ ခင်ဗျား ဝင်စားကြည့်... ။

ငယ် သြော်... ခင်ဗျားက ကျွန်တော့်ပြန်တာဝန်ပေးနေပြန်ပြီ။ ကျွန်တော်ကဘာလုပ်တတ်လို့လဲ။ ဖြစ်သာဖြစ်ချင်တာ။

နန်း ခင်ဗျားက လုပ်စရာသိပ်မလိုပါဘူး။ နောက်ပြီး လုပ်လည်း လုပ်တတ်ပါတယ်။ ကျွန်တော်ကလည်း ပြောပေးမှာပေါ့။ ကျွန်တော် ပြောပြတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကိုသာ ခင်ဗျားသဘောပေါက်အောင်လုပ်... ။

ဒါပဲ... ။ အဲဒါအလုပ်ပဲ။

ငယ် ကောင်းပြီ... ပြောပြ... ။ ကျွန်တော် အဓိပ္ပာယ်လိုက်မယ်။

နန်း နိဗ္ဗာန်ဟာ ရုပ်နာမ်ထက်ကောင်းတယ်ဆိုတာ ခင်ဗျား သိပြီးသား။

ငယ် သိပြီးသား... ။

နန်း ရရိုးထားတဲ့ ရုပ်နာမ်ခန္ဓာဟာ ကောင်းလည်း တစ်နေ့ စွန့်ရမှာပဲ။ မကောင်းလည်း တစ်နေ့ စွန့်ရမှာပဲ။ ဒီတော့ စွန့်ရမယ့်အရာလို့ ခင်ဗျား သဘောပေါက်ထားလိုက်။

ငယ် သေသွားတဲ့အခါမှာ စွန့်ပစ်လိုက်ရတာကို ပြောတာ ဟုတ်လား။

နန်း အေးလေ... ။ သူက အသေမျိုး၊ သေသွားတော့ စွန့်ပစ်လိုက်ရတာပေါ့။ အသေကြီးကို ခင်ဗျားက ဖက်ထားချင်သေးလား။

ငယ် မထားချင်ပါဘူး။ ဘယ်ကလာ... ။

နန်း အေး... အသေမျိုးမို့ စွန့်လိုက်။ အဲဒီစွန့်လိုက်တဲ့ သတ္တိနဲ့တည်ဆောက်ပုံးရည်ကို ဉာဏ်လို့ခေါ်တယ်။ စွန့်တယ်ဆိုတာဗျာ။ မလိုလားဘူး။ မခံစားဘူး။ မဖက်တွယ်ဘူးပေါ့။ ဟုတ်ပြီလား။

ငယ် အင်း... ဟုတ်ပြီလို့ ပြောရမယ်။

နန်း ဟုတ်ပြီလို့ ပြောရရုံမျှသာ မဟုတ်ဘူး။ ဟုတ်ကိုဟုတ်တာ။

ငယ် ကဲ... ဟုက်ကိုဟုတ်တာဗျာ။

နန်း အဲဒါ... ခင်ဗျား တိဟိတ်ဆန်ပြီ။ မဂ်ရနိုင်တယ်။

ငယ် ဟာ... အခုမှ ရနိုင်ပြီ အဆင့်ပဲရှိသေးလား။ မရသေးဘူး။ ရဖို့ မနီးသေးဘူးလား။

နန်း ခင်ဗျားကလည်း ဒီကိစ္စက 'ရော့... အင့်... ' ကိစ္စမဟုတ်ဘူးလေဗျာ။

ငယ် ကဲ... အာစရိ။ ဒီလိုဆိုလည်း ညွှန်ပြပါတော့... ။ ငမိုက်သားမောလှပြီ။

နန်း အကျဉ်းချုပ်လိုက်မယ်ဗျာ။ ကဲ... ခင်ဗျား 'ငါ'နဲ့ 'သာသနာ' လဲလိုက်။

ငယ် ဟာ... တန်ပါ့မလားဗျာ။ ကျွန်တော့် 'ငါ' က သေးသေးလေး... ။ သာသနာဆိုတာကြီးက ကြီးကြီးမြတ်မြတ်။

နန်း ဩော်... ခင်ဗျား သာသနာတော်ကို တန်ဖိုးထားဖော်ရတာတော့ ချီးကျူးပါတယ်။ ဒါပေမဲ့ သာသနာက သမုဒ္ဒရာရေဗျ။ ခင်ဗျား တစ်ယောက် စာခပ်ရလို့ ခမ်းခြောက်မသွားဘူး။ အဲဒါ သာသနာရဲ့ဂုဏ်၊ သာသနာရဲ့ အရိပ်၊ သာသနာရဲ့ကရုဏာတော်... ။

ငယ် ကဲ... အဲဒီလိုဆိုလည်း လဲမယ်ဗျာ။ သာသနာထဲကို ခိုဝင်မယ်။

နန်း ဒီအခါမှာ သာသနာတော်ရဲ့ မေတ္တာသစ္စာ ကရုဏာမိုးတွေ ခင်ဗျား ဦးခေါင်းပေါ်မှာ သွန်းဖြိုးရွာချလာလိမ့်မယ်။ သာသနာဆိုတာက ငြိမ်းချမ်း စေမှုကို ပေးသနားတာ။ ချမ်းသာမှုကို ရစေတာ။ ခင်ဗျား ရုပ်နာမ်အပေါ် ဘာတစ်ခုမှ မကပ်ငြိလေ ခင်ဗျား ချမ်းသာလေပဲ။ ဒီတော့ ခင်ဗျားကိုယ် ခင်ဗျား အပျက်ကောင်ကြီးဆိုပြီး စွန့်လိုက်၊ ပယ်လိုက်၊ ကပ်ငြိမှုပေါ်လာ လျှင်လည်း သတ်ဖြတ်ပစ်လိုက်၊ သတ်ဖြစ်ပစ်ဆိုလို့လည်း အကုသိုလ်လို့ အထင်မမှားနဲ့ဦး။ သံသရာလည်စေတဲ့ တရားတွေကိုလက်မခံဘဲ ပယ် လိုက်တာကိုပြောတာ။ သံသရာမှာ ဒုက္ခဖြစ်စေမယ့် အရာတွေကို ဆက် လက်ဒုက္ခမရှင်သန်နိုင်အောင် သတ်ရဖြတ်ရတာ။ ခင်ဗျားသဘောပေါက် ပါတယ်။

ငယ် အဲဒီအချက်ကို သဘောပေါက်ပါတယ်။

နန်း ဒီတော့ အသေအချာနားထောင်ဗျာ။ သူတော်စင်ကြီးတွေ ဘယ်လိုဖြစ် သွားတော်မူကြတယ်ဆိုတာကို ပြောမယ်။

ငယ် ပြောတာလည်း ပြောပါဗျာ။ နားထောင်တာလည်း နားထောင့်ပါမယ်။ သူတော်စင်ကြီးတွေ ဘယ်လိုဖြစ်တော်မူကြတယ်ဆိုတော့ အကြောင်း အရာ ကြားနာရတာ ဖျားချင်ချင်ပဲ။

နန်း ဘာမှ ဖျားချင်မနေနဲ့... ၊ သေသေချာချာနားထောင်။ သေသေချာချာ ပြောပြမယ်။

ငယ် ခိုင်းတဲ့အတိုင်းလည်း နာခံနေတာပါပဲ ဆရာသမားရယ်။

နန်း သူတော်စင်တွေက ရုပ်နာမ်ကို ဒုက္ခမှန်းသိတော်မူကြတယ်။

ငယ် ဟုတ်ပြီ... ။

နန်း ဒီတော့ ရုပ်နာမ်ကို ထပ်ပြီးမလိုချင်ကြတော့ဘူး။ မလိုချင်ကြဘူးဆိုတာနဲ့ တစ်ပြိုင်နက် ဒီရုပ်နာမ်ကို ပယ်လိုက်တယ်။ ပယ်တယ်ဆိုတာ သူ့ကို အပျက်ရှုလိုက်တာပဲ။ အပျက်ရှုလိုက်တော့ သူ့ကို မလိုချင်ဘူးဆိုတာ ထင်ရှားတယ်။ အဲဒီအခါမှာ... ။

ငယ် အဲဒီအခါမှာ... အဲ... ဟုတ်ပြီ။

နန်း အဲဒီအခါမှာ ရှိပြီးသား ရုပ်နာမ်ကလည်း အပျက်တရားကြီးမို့ ပျက်သွားတယ်။ ဒီအပျက်ရုပ်နာမ်ကို မလိုချင်လို့ အပျက်ရှုပယ်စွန့်လိုက်တော့ ရုပ်နာမ်ဖြစ်စေတဲ့ သမုဒယကို အကြောင်းမပြုရာ ရောက်သွားတယ်။ သမုဒယ သတ်လိုက်တဲ့သဘောပဲ။ ဒီတော့... ။

ငယ် ဒီတော့...

နန်း ဒီတော့ အဟောင်း ဒုက္ခရုပ်နာမ်က အပျက်အသစ် သမုဒယကိုလည်း အပယ်၊ အသစ်ပယ်လို့ နောက်ထပ်ရုပ်နာမ်အသစ်ကလည်း ထပ်မဖြစ်တော့ မူလဒုက္ခလည်းသေ၊ နောက်ဖြစ်မယ့် ဒုက္ခလည်းဖြစ်မလာ။ ဒီအခါ...

ငယ် ဒီအခါ ဘယ်လိုဖြစ်သွားလဲ။

နန်း ဒီအခါ ဒုက္ခကုန်ရာကို သမုဒယသတ်လိုက်တဲ့ မဂ်ကမျက်မှောက်အပြုမှာ နိဗ္ဗာန်ဆိုက်သွားပြီမို့ လောင်စာသိမ်း မီးငြိမ်းပြီး အအေးဓာတ်ကြီးမှာ ချမ်းသာတော့တာပဲ။ အဲဒါ လောင်စာသိမ်းလို့ မီးငြိမ်းတဲ့တရားပဲ။ သာဓုခေါ်ဗျာ။

ငယ် သာဓု ကျွန်တော် ခေါ်ရမှာလား။

နန်း ဟုတ်တယ်လေ။

ငယ် ခေါ်ပါ့မယ်ဗျာ။ ဒါပေမဲ့ ကျွန်တော့်အသိက သာဓုခေါ်လောက်ရဲ့လား လို့ပါ။ ကဲ... ကဲ... ခေါ်ပါပြီတဲ့ဗျာ။

သာဓု... သာဓု... သာဓု...

ဝိပဿနာကျင့်စဉ်ဆွေးနွေးခန်းများ ၁၃၁

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၂၄)

တရားတော်၏ထူးခြားပုံ

ဆောင်စာပေ

ငယ် ကိုနန်းအောင်... ကျွန်တော် အံ့သြလောက်မယ့် တရားတော်ရဲ့ ထူးခြားပုံတွေ ပြောပြဗျာ။

နန်း တရားတော်ရဲ့ အံ့သြဖွယ်ရာတွေလား။ လောကသားတွေဟာ လောကထဲမှာနေပြီး လောကရဲ့လွန်ရာကို တရားနဲ့သွားလို့ရတယ်ဗျာ။ ဒါဆို အံ့သြစရာပဲပေါ့။

ငယ် လောကရဲ့ လွန်ရာမှာ ဘာတွေရှိလဲ... ။

နန်း လောကမှာ အပျက်ရှိတယ်လေ။ လောကရဲ့လွန်ရာမှာ မပျက်တာရှိတာပေါ့။

ငယ် ကျွန်တော် သွားကြည့်မယ်ဗျာ။

နန်း ဟာ... ခင်ဗျားက ပြဿနာရှာပြန်ပြီ။

ငယ် ပြဿနာရှာတာ မဟုတ်ဘူး။ ကျွန်တော် သွားကြည့်ချင်တယ် ပြောတာ။ ကျွန်တော်လည်း ဗုဒ္ဓဘာသာဝင်ပဲလေဗျ။ မသွားရဘူးလား။

နန်း မသွားရဘူး မဟုတ်ပါဘူး။ မလွယ်လို့ပြောတာ။

ငယ် လွယ်တာခက်တာ ကျွန်တော် မကိုင်းတာဘူး။ သွားချင်တာ မသွားချင်တာပဲ ကျွန်တော် သိတယ်။ အခု ကျွန်တော် သွားချင်နေတယ်။

နန်း ဒီလိုဆို... ဒီလိုလုပ်ဗျာ။ အနည်းဆုံး ဒီဘက်နဲ့ဟိုဘက် အကြောင်းကို ခင်ဗျား နားထောင်ပေး။ ဟိုဘက်ဆိုတာ ခင်ဗျား သွားချင်တဲ့နေရာကို ပြောတာ။

ငယ် ကောင်းပြီ နားထောင်မယ်။ ကျွန်တော်လည်း ပိုသိရတာပေါ့။

နန်း ဒီဘက်ဆိုတာ အပျက်လောက... ။

ငယ် ဟုတ်ပြီ... ။

နန်း ပျက်တာကို ပျက်တယ်လို့ သိမြင်မှ ရင့်သန်လာလျှင် ဟိုဘက်နဲ့နီးပြီ။

ငယ် ကောင်းပြီ။ ကျွန်တော် ရင့်သန်စေမယ်။

နန်း ပျက်နေတာကြီးဆိုတော့ ခင်ဗျား ဖီလင်သိပ်မပါချင်အပ်တော့ဘူးပေါ့ဗျာ။ အသေးစိတ်သိမြင်လေ မတွယ်တာလိုလေဘဲပေါ့။ အပျက် မလိုချင်မှ

ပိုဖြစ်လာလေလေ... အပျက်ထက် ပိုကောင်းတဲ့ မပျက်ရာနဲ့ နီးစပ်လေလေ... ။

ငယ် ဟုတ်ပြီ... ၊ မပျက်ရာနဲ့ နီးစပ်တယ်ဆိုလျှင် ကြိုက်ပြီ။ ပျက်တာကြီးကို မုန်းပစ်လိုက်မယ်။

နန်း ဟုတ်ပြီ... ၊ မုန်းပစ်လိုက်။ ဘယ်လောက်ထိ မုန်းရမလဲဆို အဲဒီမုန်းစရာကြီးဟာ မင်းနဲ့အဆက်အသွယ်ပြတ်သွားပြီ။ မုန်းစရာကြီးနဲ့ ဝေးသွားပြီ၊ ကင်းသွားပြီ၊ ပြတ်သွားပြီ၊ မုန်းစရာကြီး ပြီးဆုံးသွားပြီ၊ ပြီးသွားပြီ မရှိတော့ဘူးလို့ ဆိုရနိုင်ဘဲညအထိ မုန်းပစ်လိုက်တော့... ။

ငယ် ရတယ်... ၊ မုန်းပစ်လိုက်မယ်။

နန်း အဲဒီလို မုန်းပစ်လိုက်နိုင်လျှင် အမုန်းရဲ့အဆုံးမှာ အပြုံးဆိုသလို အမှန်တကယ် ငြိမ်းအေးချမ်းသာရာထဲကို ခင်ဗျားရောက်သွားလိမ့်မယ်။ အဲဒါနိဗ္ဗာန်ပဲ။

ငယ် ဟာ... အဲဒီလို ရောက်သွားတာလား။

နန်း ဟုတ်တယ်... ။ အဲဒါ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတဲ့ ဖြစ်ပျက်မြင်၊ မုန်း၊ ဆုံးတရားတော်လာပဲ။

ငယ် ဩော်... ကျွန်တော် ဘာဆက်မေးရပါ့မလဲ။ အဲ... အဲ... ဆုံးပြီးတော့ ဘာဖြစ်သလဲ။

နန်း နိဗ္ဗာန်ရဲ့ဟိုဘက်မှာတော့ ဆက်သွားလို့မရတော့ဘူးဗျ။ ဗုဒ္ဓဘာသာအရ နိဗ္ဗာန်ဟာ ခရီးဆုံးပန်းတိုင်ပဲ။

ငယ် အဲဒီကျ ငြိမ်းသွားတာပေါ့။

နန်း ဟုတ်တယ်... ။

ငယ် ကိစ္စပြတ်သွားတာပေါ့။

နန်း ဟုတ်တယ်... ။ အဲဒီကျ ကိစ္စပြတ်သွားပြီ။ နောက်ဆုံးတော့ ရုပ်နာမ်ချုပ်ငြိမ်း၊ ရုပ်သိမ်းသွားတယ်။

ငယ် အေးငြိမ်းသွားပြီ ဆိုတာပေါ့။

အောင်စာပေ

နန်း ဟုတ်တယ်... ၊ အေးငြိမ်းသွားပြီ။ အဲဒါ နိဗ္ဗာန်ပဲ... ။

ငယ် ဟာ...

နန်း ဘာ ဟာလဲ... ?။

ငယ် နိဗ္ဗာန်က တကယ်ရှိတာကိုး။

နန်း တကယ်ရှိတာပေါ့။ မလွဲမသွေ စစ်မှန်စွာ ရှိတဲ့တရား... ။

ငယ် နိရောဓအာတ္ထိ ဆိုတာလား... ?။

နန်း ဟုတ်တယ်။ ရုပ်နာမ်ဒုက္ခ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာ အမှန်ရှိတယ်။

ငယ် နိဗ္ဗာနံ ပရမံ သုခံ ဆိုတာလား... ?။

နန်း ဟုတ်တယ်။ နိဗ္ဗာန်ဟာ တကယ်မြင့်မြတ်စွာ ချမ်းသာတာ။

ငယ် ကျွန်တော် ယုံပြီဗျာ။

နန်း အမှန်တရားဆိုတော့ ခင်ဗျား ယုံကြည်ရမှာပေါ့။

ငယ် ကျေးဇူးတင်တယ်ဗျာ။ မှန်ပေမယ့် ကျွန်တော်က ဉာဏ်မမှီတော့ ယုံရခက်တာပေါ့။

နန်း ယုံရမယ်ဗျာ။ ဒါမှ ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်နိုင်မှာ။

ငယ် ဗုဒ္ဓဘာသာဝင်စစ်စစ်ကတော့ အဖြစ်ချင်ဆုံးပဲဗျာ။

နန်း ဖြစ်ရမယ်လေ... ။ ခင်ဗျား ဒါတွေ ယုံကြည်သက်ဝင်လာလျှင် ဖြစ်ကို ဖြစ်ရမယ်။

ငယ် ကျေးဇူးပဲဗျာ။

နန်း ကျေးဇူးတင်တယ်ဆိုလျှင် ပျက်တာနဲ့ မပျက်ရာကို ခွဲခြားနားလည်သိ။ ရောလို့ မရဘူး။ ကူးလို့တော့ ကူးနိုင်တယ်။

ငယ် ခင်ဗျားဆိုလိုတာက... ။

နန်း ဆိုလိုတာက နိဗ္ဗာန်မှာ ရုပ်နာမ်မရှိနိုင်ဘူး။ ဒါကြောင့် စိတ်ဆိုတာလည်း မရှိဘူး။ နိဗ္ဗာန်နဲ့ စိတ်နဲ့တွဲယှဉ်မပြောနဲ့။ ချမ်းသာတဲ့ စိတ်ကလေးဟာ နိဗ္ဗာန်ပါလို့ ဘယ်တော့မှ မယူနဲ့။ စိတ်ဟာစိတ်ပဲ။ အပျက်ပဲ။ နိဗ္ဗာန်ဟာ အပျက်မရှိရာ အပျက်တရားတို့ ကင်းဆိတ်ရာ အပျက်ကုန်ရာ၊ အပျက်ကို

လက်မခံရာ... ။

ငယ် ရှင်းပါပြီဗျာ။

နန်း ဒါ... ကျွန်တော် ပြောချင်တာထက် ဆယ်ပုံတစ်ပုံမရှိသေးဘူး။

ငယ် သြော်...

နန်း ဒါ ကျွန်တော်ပြောနိုင်တာထက် အပုံတစ်ရာမှာ တစ်ပုံမရှိသေးဘူး။

ငယ် ဗျာ...

နန်း ဗျာ မနေနဲ့... ။

သာဓုသာခေါ်လိုက်ပေတော့။ နောက်ဆက်ကြဦးမှာပဲဟာ... ။

ငယ် သာဓု... သာဓု... သာဓု... ။

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၂၈)

တရားတော်၏မဖောင့်ရဲနိုင်သော်ဂုဏ်

အောင်စာပေ

ငယ် ကိုနန်းအောင်... ကျွန်တော် အားရချင်တယ်ဗျာ။
တရားသိရတာ မဝ,ဘူး။

နန်း ကျွန်တော်လည်း ပြောတတ်သရွေ့တော့ ပြောပြနေတာပဲလေ။

ငယ် ဒါပေမယ့် ဝလင်တဲ့ခံစားမှုမျိုးကို မခံစားရဘူး။
အားရပါးရကြိုး သိချင်တယ်ဗျ။

နန်း ဒါဖေဖေ့ တရားတော်ကိုယ်တိုင်ကလည်း မရောင့်ရဲနိုင်တဲ့ဂုဏ်ပါ,ပါတယ်။
ခင်ဗျားခံစားချက်က သဘာဝကျပါတယ်။

ငယ် ပြည့်ပြည့်စုံစုံ ဝဝလင်လင် ခံစားနားလည်သွားရအောင် ကစ်ဝကြိုး ပြော
ပြစမ်းဗျာ။

နန်း ကောင်းပြီလေ... ။ ခင်ဗျားဘဝကိုကလည်း သာသနာအကျိုးပြုလုပ်ငန်း
တွေနဲ့ ပတ်သက်... သွင် စေတနာပြည့်ပြည့်ဝဝ ထားလုပ်ပေါ့။ ဥပမာ-
စာရေးတာဟို့ ဘာတို့။

ငယ် စာရေးတာဟာ့ ခင်ဗျား စိတ်ဝင်ဗျာ။ စာဖတ်သူ သိရနားလည်ရအောင်
ကျွန်တော် စေတနာအပြည့်အဝနဲ့ရေးတယ်။

နန်း ကိုယ့်ဘက်ကလည်း 'ခွက်'ကြိုးကြိုးနဲ့ ခံယူရတာယ်ဆိုတဲ့ စကားရှိလို့ ဒီလို
ပြောရတာပါ။

ငယ် ပြောစရာရှိလျှင် ပြောဗို့ ခင်ဗျားတာဝန်ပဲ။ လိုက်နိုင်တာ မလိုက်နိုင်တာ
ကတော့ ကျွန်တော်တို့ဘက်က ဘာဝန်ထားလိုက်။

နန်း တစ်ခုတော့ရှိတယ်။ ကြုံကြိုက်တိုက်ဆိုင်မှု နက္ခတ်တို့ ဘာတို့ကိုတော့
ထည့်တွက်ရမယ်။

ငယ် အတိတ်ကပါလာတဲ့ ကံတော့ ထားလိုက်တော့ဗျာ။ ကျွန်တော့်မှာ ရွေး
ခွင့်မရှိဘူး။

နန်း ကောင်းပါပြီလေ။ ပြောပြထားတာပါ။ အခြေအနေ အရပ်ရပ်အကြောင်း
ကို။

ငယ် ကျွန်တော် နားလည်ပြီ။ 'တိုင်မင်' ကိုက်ဖို့ပဲ။

အောင်စာပေ

နန်း ဟုတ်တယ်။ 'တိုင်မင်' ကာလည်း အရေးကြီးတယ်။ တိုးတက်မှု စခန်းပေါ်ဖို့ပေါ့။ ခင်ဗျား အခုမဝဘူးဆိုတဲ့ ခံစားချက်ကလည်း အဓိပ္ပာယ် ရှိမှာပါ။

ငယ် မဝ,တာတော့ သိသိသာသာကို မဝတာ။ ဒါကြောင့် တောင်းဆိုရတာ။

နန်း တရားဆိုတာ တရားသဖြင့် ဖြစ်ရတာမို့ ရိုးသားရတယ်။ ကိုယ့်တက်သာတဲ့ သူတော်ကောင်းတွေကို ဦးထိပ်ထားရတဲ့အတွက် ရိုည့ွတ်တက်ရတယ်။ ကိုယ်ဟာမပြည့်စုံသေးဘူးလို့ နားလည်ခံယူထားရတယ်။ ကိုယ့်မှာ အတွေအခြေခံ ကျန်သေးလားလို့ အမြဲတမ်းစစ်တမ်းထုတ်ရတယ်။ ကိုယ့်ဘက်မယက်ဘို့ အမြဲသတိရှိ ဆင်ခြင်တတ်ရတယ်။ တိုးတက်အောင် အကြောင်းခံဖို့ အမြဲအားသန်နေရမယ်။ သစ္စာနဲ့ သာသနာအပေါ် အမြဲစေတနာထားနိုင်ရမယ်။ တစ်နည်းအားဖြင့် သာသနာတော်မြတ်ကို ခုတုံးသဘောမလုပ်ရ၊ မထားရဘူး။ မြင့်မြတ်ရာကို ကျေးဇူးသိတတ် ကျေးဇူးဆပ်နေရမယ်။ ဒီအခါ ဉာဏ်အရာ ပညာတွေပါလာတတ် ကိန်းတတ်တယ်။

ငယ် ငါတစ်ကောမကောဘဲ သာသနာတော်ကို ရိုကျိုးရမှာပေါ့။

နန်း ဟုတ်တယ်... ။

ငယ် လိမ္မာရေးခြား ရှိချင်စရာကောင်းသလိုပဲ။

နန်း ဟုတ်တယ်။ သာသနာတော်မြတ်နဲ့ ပတ်သက်လာလျှင် ဉာဏ်ပညာအမြော်အမြင် ဆင်ခြင်တုံတရားနဲ့ ပြီးပြည့်စုံစွာ ရပ်တည်တတ်တယ်။ ကိုယ်က သိတယ်။ နားလည်တတ်၊ ရိုကျိုးတတ်၊ ကိုယ်ကျိုးတစ်ဖက်သတ် မဖက်တတ်ဘို့လိုတယ်။ သာသနာတော်ကို မထေမဲ့မြင်မလုပ်ရဘူး။ သစ္စာကိုကဲ်းသင့်တတ်တယ်လို့ နားလည်ထားရမယ်။

ငယ် တော်တော်ကောင်းမွန်တဲ့ ဆုံးမစကားတွေပဲဗျာ။

နန်း ကျွန်တော် နားထောင်ကောင်းအောင် ပြောနေတာ မဟုတ်ဘူး။ ကျင့်ကြံလိုက်နာဖို့ ပြောနေတာ။

ငယ် ဟာ... လိုက်နာကျင့်ကြံမှာပေါ့ဗျာ။ ကိုယ့်တိုးတက်မှုအတွက်ဆိုတာ ယုံပါတယ်။ ကြံးသိရတာ ဝ,ချင်လာသလို ခံစားမိကြောင်း ပြောတာပါ။

နန်း ဒါလိုရင်းတွေပဲ။ အပြောကြီးနေဖို့ မလိုဘူး။ နှလုံးသွင်းတတ် ကျင့်ကြံတတ်ဖို့ပဲလိုတယ်။ ဒါလက်တွေ့ကျင့်စဉ်... ။

ငယ် ဟုတ်ပါပြီဗျာ၊ နာခံကျင့်ကြံပါ့မယ်။ လေးလေးမြတ်မြတ် ခံယူမှတ်သားထားပါ့မယ်။

နန်း အပိုပြောဖို့ထက် လက်တွေ့ကျင့်ဖို့ နှလုံးသွင်းမှန်ဖို့ကို လိုချင်တယ်။ ဒါလောက် ပြောပြနေတာ စာဖတ်ပရိသတ်ကို စေတနာနဲ့ ရေးပြတာဟဲ့လို့ မှတ်ပါ။ နောက်မှ ဆက်မယ်။

ငယ် ဟုတ်ကဲ့... ။

သာဓု... သာဓု... သာဓု...

အော်ငံစာပေ

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၂၅)

ဗုဒ္ဓဘာသာဝင်ဖြစ်လျှင်

အောင်စာပေ

နန်း ဗုဒ္ဓဘာသာဝင်ဖြစ်လျှင် သာသနာအပေါ် စေတနာထား‌တတ်မှ ကောင်းမှာဗျ။

ငယ် ဟုတ်တာပေါ့... ။ တချို့က အခွင့်အရေးယူချင်ကြတယ်။ ရိပ်သာကို ဘာများ အောက်မေ့နေကြတယ် မသိဘူး။ လူဆိုးထိန်းငှာနလိုလို၊ ဆေးရုံလိုလို၊ စိတ်ရောဂါကုရာငှာနလိုလိုနဲ့ ရိပ်သာတွေက ဝိတ်ကျလာတယ်။ ခလုတ်ထိမှ အမိတဆိုတဲ့ စကား‌မှာ ခလုတ်ထိချိန်လေး‌တောင် အမိမတဖြစ်မှာစိုး‌နေရသလိုပဲ။ အား‌ရှိစရာမကောင်း‌ဘူး။

နန်း လူတွေက သာသနာတော်ကို မကြည်ညိုတတ်သေး‌လို့ပါ။ တရား‌ရမည့် ပုဂ္ဂိုလ်တွေကလည်း ရှား‌ပါး‌သွား‌ပြီနဲ့တူပါတယ်။

ငယ် ဒီလိုဆို တရား‌ရသူတွေက ပိုလို့တန်ဖိုး‌ရှိတာပေါ့။ ရှား‌ကုန်တွေလိုဖြစ်နေပဗာ။

နန်း ရှား‌ပါး‌လွန်း‌တော့ အသံမထွက်နိုင်မှာ စိုး‌ရတယ်။ လောကုတ္တရာမှာ လူဝါကြွား‌တွေ လွှမ်း‌မိုး‌စေလို့ မဖြစ်ဘူး။

ငယ် လောကုတ္တရာမှာ တရား‌လမ်း‌အတိုင်း သွား‌ကြမှာပါ။ သူတို့လမ်း သူတို့သွား‌ကြပေါ့။

နန်း အင်း... အဲဒီလိုပဲ ဆုတောင်း‌နေရမယ်။ အခြား‌ဘက်တွေမှာလည်း လောကုတ္တရာ မှန်ရာကန်ရာလမ်း‌စဉ်တွေ ဖွင့်အံပေး‌ရမယ်။

ငယ် ဒီဘဝအရိယာမဖြစ်နိုင်ပါဘူး‌လို့ တွင်တွင်ပြော‌နေ၊ ဟော‌နေသူတွေကလည်း ရှိသေး‌တယ်။

နန်း သူတို့ မဖြစ်နိုင်လို့ပါ။ ဖြစ်နိုင်တဲ့ နည်း‌စနစ်ကိုလည်း သူတို့လက်တွေ့မသိကြဘူး။

ငယ် သာသနာတည်နေတာပဲ။ သာသနာ့မျက်နှာထောက်ဖို့ ကောင်း‌ပါတယ်။

နန်း သူတို့က သူတို့အတွက်မျက်နှာပဲ သူတို့ထောက်တာ။ လောကုတ္တရာတို့ သာသနာတို့ သူတို့မငဲ့ဘူး။

ငယ် ပညာရှင် မဆန်ဘူး‌ပေါ့နော်။

အောင်စာပေ

နန်း တခြားစီပဲ။ လောကုတ္တရာမှာ သူတို့ကြောင့် 'ရွာနာတယ်'။

ငယ် အင်း... ခလုတ်ထိလို့ အမိတသူတွေထက် အခွင့်အရေးယူ ခေါင်းပုံဖြတ် အမြတ်ထုတ်နေတဲ့ လောကုတ္တရာ ယောင်တွေက ပိုဆိုးတယ်လို့ ပြောရမယ်။

နန်း ထားပါတော့... ။ ကိုယ်လုပ်စရာရှိတာ ကိုယ်လုပ်ကြစို့၊ ကိုယ်က သာသနာစေတနာထား ပြောပေမယ့် နားလည်မှကောင်းမယ်။

ငယ် ဒါတွေနားလည်မှ စစ်မှန်တဲ့ သာသနာဘက်က တိုးတက်ဖြစ်ထွန်းနိုင်မယ်။

နန်း သာသနာတိုးတက်ဖြစ်ထွန်းအောင်တော့ ကြိုးစားရမှာပဲ။ မျိုးဆက်သစ်တွေကိုလည်း မွေးမြူရမယ်။

ငယ် သာသနာရဲ့အကျိုးကျေးဇူးတွေကိုတော့ ရေရေလည်လည် နားလည်အောင် ပွင့်ပွင့်လင်းလင်း ရှင်းပြထားရမှာပေါ့။

နန်း သူတို့စိတ်ဝင်စားတဲ့ အကြောင်းအရာမျိုးထဲမှာ ပါ၊ပါစေလို့ ဆုတောင်းရမှာပဲ။

ငယ် တိုးတက်တဲ့ လူငယ်တွေပဲ။ စိတ်ဝင်စားဖို့ လိုတယ်ထင်လျှင် စိတ်ဝင်စားကြမှာပါ။

နန်း ခေတ်အမြင်၊ ခေတ်အတွေးနဲ့တော့ ညှိယူကိုက်ညီဖို့ လိုမှာပေါ့။

ငယ် ရပါတယ်... ။ ဝွင်(ခွင်)ဝင်သွားလျှင် လေ့လာလိုက်စားကြမှာပါ။

နန်း ကံပဲပေါ့လေ... ။ ကိုယ့်ဘက်ကတော့ လမ်းဖွင့်တင်ပြရမှာပေါ့။ အခုလိုလုပ်ဆောင်နေကြရတာလည်း လမ်းဖွင့်တာ တစ်မျိုးပါပဲ။

ငယ် ဟုတ်ပါတယ်၊ ဒါလည်း လမ်းဖွင့်တာတစ်မျိုးပါပဲ။

နန်း လူငယ်တွေကိုလည်း ကိုယ့်ဘဝမှာ အကျိုးရှိတာပဲ၊ လုပ်ကိုင်ဆောင်ရွက်ဖို့ လမ်းသန့်ပေးနိုင်လျှင် ပိုကောင်းမယ်နဲ့တူတယ်။

ငယ် လမ်းသန့်တော့ အချိန်ဖြုန်းတယ်ဆိုတာ မရှိတော့ဘူးပေါ့။ ကိုယ့်ပါရမီနဲ့ ကိုယ် ထူးချွန်မယ့်လိုင်း ကိုယ်တိုင်လိုက်ဖို့ လိုအပ်လာမှာပေါ့။

နန်း တစ်နယ်မှာတစ်ယောက် ပေါက်မြောက်ဖြစ်ထွန်းတယ်ဆို နည်းလား၊ စုစည်းလိုက်တော့ တိုင်းပြည်ဂုဏ်ရှိနိုင်တာပေါ့။

ငယ် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး... ရေးတစ်ခုခုအဓိကထား ပြီး ဆောင်ရွက်နိုင်လျှင် တန်ဖိုးရှိလာကြရမှာပါပဲ။ အချိန်ကို ဖြုန်းသကဲ့သို့ မဖြစ်သမျှပေါ့လေ။

နန်း ပတ်ဝန်းကျင် လူကြီးများကလည်း ကူညီဖေးမပေးလိုက်လျှင် ပွဲပြီးသွားမှာပါ။

ငယ် အနာဂတ်ရဲ့ ထွန်းလင်းတောက်ပမည့် ကြယ်ပွင့်ကလေးတွေကို မှန်းမျော်ကြည့်ရတာ ရင်ခုန်စရာပဲပေါ့။

နန်း ကျွန်တော်လည်း ဒီလိုစဉ်းစားမိတိုင်း ကြည်နူးမှု ပီတိဝေဒနာကို ခံစားရပါတယ်။

ငယ် တစ်နေ့တော့ ဖြစ်လာကြမှာပါ။ အဲဒီအခါမှာသာ သူတို့နဲ့ အံဝင်ခွင်ကျ လုပ်ငန်းဆောင်တာလေးတွေ စီမံပေးလိုက်လျှင် သူတို့ အရှိန်နဲ့ သူတို့ အသီးသီးအောင်မြင်သွားကြမှာပါပဲ။

နန်း တစ်ခုတည်းကို စွဲမြဲသတ်မှတ်ဖို့နဲ့ အချိန်မဖြုန်းဖို့ကတော့ အရေးကြီးတယ်နော။ နောက်ပြီး ကိုယ့်ပါရမီကို၊ ကိုယ်သန်ရာဘက်လိုင်းကို ကိုယ်တိုင်စူးစမ်းရှာဖွေပြီး ကိုယ်ထူကိုယ်ထဲခွဲရှိရှိနဲ့ ကြိုးစားလိုက်လျှင် မအောင်မြင်ဘူးဆိုတာ မရှိနိုင်သလောက်ပါပဲ။

ငယ် အဲဒီအောင်မြင်မှုကို သူတို့ ကိုယ်တိုင်ရယူခံစားပြီး ဂုဏ်ယူရင်ကော့နိုင်ဖို့ အရေးကြီးတာပေါ့။

နန်း ဖြစ်ထွန်းကြပါစေဆိုတာ ဆန္ဒပြုကြစို့ဗျာ။

ငယ် ဟာ... ကျွန်တော်လည်း ဒီလိုကိစ္စအတွက် နောက်ကျကျန်ရစ်ခဲ့လို့ ဘယ် ဖြစ်မလဲ။

နန်း ဒီလိုဆို... ကျွန်တော် ဒီလိုနိုဂုံးချုပ်မယ်ဗျာ။

ငယ် ချုပ်ဗျာ... ။

အောင်စာပေ

နန်း လူငယ်တွေ ပယ်စရာရှိတာ ပယ်ကြပါစေဗျာ။

ငယ် ပယ်စရာရှိတာကိုလည်း ပယ်ရမှာပေါ့။

နန်း စွန့်စရာရှိတာကိုလည်း စွန့်ကြပါစေဗျာ။

ငယ် ကဲ... စွန့်စေ၊ စွန့်ကြ... ။

နန်း ဖြတ်စရာရှိတာကိုလည်း ဖြတ်ပစ်၊ ကိုယ့်ကိုဒုက္ခဖြစ်စေတဲ့ အရာတွေနဲ့ ဆက်စပ်နေလို့ မဖြစ်ဘူး။ ဒီတော့ ဖြတ်ပစ်ရမယ်။

ငယ် ဟုတ်... ဖြတ်ပစ်... ။

နန်း အဲ... မရှင်သန်ထိုက်တဲ့ အရာတွေကိုလည်း မရှင်သန်စေနဲ့။ သတ်ပစ်။ ကိုယ့်စိတ်ထဲမှာ ရှင်သန်ကြီးထွားနေလျှင် ဒုက္ခဖြစ်စေမည့် အကျင့်စရိုက်၊ အတွေးအယူ၊ အားလုံးမရှင်သန်စေနဲ့။ သတ်ပစ်။ အသိဉာဏ်အမြော် အမြင်ဓားနဲ့ ပိုင်းသတ်လိုးဖြတ်ပစ်... ။

ငယ် ဟုတ်ပြီ။

နန်း ဒါဆို အောင်ပန်းဆွတ်ခူးရမယ်ဗျာ။

ငယ် ကောင်းလိုက်လေဗျာ။

သာဓု... သာဓု... သာဓု... ။

အောင်စာပေ

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၂၉)

လောကသားတွေတရားရိပ်ဒေါက်

ခိုကိုးစေချင်ပုံ

ဒေါင်စားပေ

ငယ် ကိုနန်းအောင်... ခင်ဗျား ဘာပြောချင်နေတာလဲ။

နန်း ပြောချင်တာတွေ တော်တော်များများ တိုက်ဆိုင်တိုင်း ပြောခဲ့ပြီးပြီလေ ဗျာ။

ငယ် မဟုတ်ဘူးလေဗျာ။ ခင်ဗျား အထူးပြောချင်တာလေးတွေပဲ့။

ဥပမာ - လောကကြီးအပေါ် ခင်ဗျားရဲ့ သဘောထား‌တို့ ဘာတို့... ။

နန်း ကျွန်တော်ကတော့ လောကသားတွေကို တရားရိပ်အောက်မှာ ခိုကိုးစေချင်တာပဲဗျာ။

ငယ် လူကွေက မခိုကိုးကြလို့လား။

နန်း အားမရလို့ပေါ့... ။

ငယ် ဘာဖြစ်နေကြလို့လဲ... ။

နန်း လောကုတ္တရာမှာ မပီမပြင် ဖြစ်နေကြလို့... ။

ငယ် ဘာကြောင့်လဲ... ။

နန်း တလွဲဆံပင်ကောင်း ပြောဟောသူတွေလည်း ပြောဟောနေကြတာကိုး။

ငယ် ဘာတွေ ပြောဟောနေကြလို့လဲ... ?။

နန်း ဘုရားက ဘာမလုပ်နိုင်ဘူး။ ညာမလုပ်နိုင်ဘူး စသဖြင့် ဘုရားကို အပြစ်ဖို့ပြောနေကြတာ လမ်းမှားကို ညွှန်နေကြတာပေါ့။ ဒါ ဘယ်ဖြစ်သင့်ပါ့မလဲ။

ငယ် ဗုဒ္ဓဘာသာ သူတော်စင်တွေ မမှားသင့်တာ မှားကုန်ကြမှာစိုးရတာပေါ့။ အခုလို ဆွေးနွေးထားတော့လည်း ချိန်ဆနိုင်သမျှ ချိန်ဆနိုင်ကြပါပြီ။

နန်း မြတ်စွာဘုရား အရိပ်က အရမ်းအေးမြတာဗျ။ ဘုရားရိပ် တရားရိပ် သံဃာရိပ်ဆိုတာ နွေးတုစရာမရှိဘူး။

ငယ် ဟုတ်တာပေါ့ဗျာ... ။ ဗုဒ္ဓဘာသာဆိုပြီး ဘုရားကို ပြစ်မှားဖို့လှုံ့ဆော်တာ တော်တော်မိုက်မဲတဲ့ ပုဂ္ဂိုလ်တွေပဲ။

နန်း ရုပ်နာမ်ရဲ့အပူမီးတွေကို မြတ်စွာဘုရားရဲ့ တရားတော်ကသာ ငြိမ်းသတ်နိုင်တာဗျ။

အောင်စာပေ

ငယ် အနန္တတန်ခိုးလည်း ကြီး၊ အနန္တကျေးဇူးလည်း ကြီးမားလှပါပေတယ်ဗျာ။

နန်း ရုပ်နာမ်က တော်တော်ဆိုးတာဗျ။ တရားနဲ့ငြိမ်းသတ်နိုင်မှ တော်ကာကျတာ။

ငယ် ချွင်းချက်မရှိ ယုံကြည်အပ်စရာပါဗျာ။

နန်း အားကိုးစရာဆိုလို့ တကယ်တမ်းကျတော့ တရားတော်ပဲ ရှိတာဗျ။ ရုပ်နာမ်ကတော အပူမီးချည်းပဲ။

ငယ် ဘယ်ရုပ်နာမ်မှ ကောင်းတယ်လို့ ဘယ်ပညာရှိကမှ မပြောဟောပါဘူးဗျာ။ အိုနာသေဘေးက ပြေးလွှတ်တာမှ မဟုတ်တာ။

နန်း ဒါကြောင့် မမှီခိုနဲ့လို့ သတိပေးတော်မူကြတာပေါ့။ မမှီခိုနဲ့... မခံစားနဲ့... မလိုလားနဲ့လို့။

ငယ် အတော်သတိရှိဖို့ လိုအပ်တဲ့ ကိစ္စတွေပဲဗျာ။

နန်း ခင်လုံး၊ မင်လုံးတွေဟာ ဒုက္ခပေးတဲ့အရာတွေပဲဗျ။

ငယ် အကြောင်းအကျိုးဆက်စပ်နေမှုတွေပေါ့ဗျာ။

နန်း အကြောင်းအကျိုးကလွဲလို့ 'ချင်'ဆိုလျှင် ဘာ 'ချင်' မှ မကောင်းပါဘူးဗျာ။ လိုချင်တာ၊ ရချင်တာ၊ ခံစားချင်တာတွေပေါ့။

ငယ် ဟုတ်ပေတယ်ဗျာ။ တဏှာ သမုဒယ လာဒုက္ခပေါ့။

နန်း လိုချင်အောင်လည်း မသိမှက လှုံ့ဆော်တယ်ဗျ။

ငယ် အဲဒီမသိမှု ခက်တာပေါ့ဗျာ။

နန်း တကယ်တော့လည်း မသိလို့ လိုချင်ကြတာပဲ။

ငယ် ငရဲပန်းကို ရွှေပန်းမှတ်ပေါ့ဗျာ။

နန်း ဒါကြောင့် သိအောင်လုပ်ဖို့ လိုတာပေါ့။

ငယ် သိဖို့ ဆိုတာက တော့ ဆရာသမားတွေက ညွှန်ကြားပြသမှပဲဗျ။

နန်း အဲဒီမှာ ဆရာကောင်း လိုအပ်တာပေါ့လေ။

ငယ် ဆရာသမားကသာ ကယ်ဆယ်မှာပဲဗျ။

နန်း မကယ်ဆယ်လို့ကတော့ သံသရာရှည်လိုက်မည့်ဖြစ်ခြင်း၊ ဒုက္ခပင်လယ်ဝေလိုက်မည့် ဖြစ်ခြင်းပေါ့။

ငယ် အဲဒါကြောင့် ကျေးဇူးကြီးမားလှပေတာပေါ့ဗျာ။ အခြားဘာကျေးဇူးနဲ့မှ ဘယ်တူမလဲ။

နန်း သံသရာဝဋ်က ကယ်ဆယ်တဲ့ ကျေးဇူးဟာ အကြီးဆုံးပဲဗျ။

ငယ် ဟုတ်တာပေါ့ဗျာ၊ ကစ်ဘဝတစ်သံသရာမှ မကတာ။ သံသရာဆက်ဆက် ဘဝအဆက်ဆက်တွေအတွက်ပါ ကယ်ဆယ်လိုက်တာ။

နန်း ဒီလို ဆရာကောင်း သမားကောင်း အမျိုးအစားကလည်း တွေ့ရခဲဘိခြင်းပေါ့လေဗျာ။

ငယ် တွေ့ပြီဆိုတော့လည်း ကိုယ်ကလိုက်တတ်လျှင် ကိစ္စပြတ်သွားတာပေါ့နော်။

နန်း ပြက်ပြီပေါ့ဗျာ။ ပွဲပြီးသွားတာပေါ့။

ငယ် ပါရမီဆိုတာတော့ လိုတော့ လိုဦးမယ်ထင်တယ်ဗျာ။

နန်း မလိုဘဲတော့ မရှိဘူးပေါ့ဗျာ။ ဒါပေမဲ့ ခင်ဗျားတစ်ချိန်က ပြောခဲ့သလို ပစ္စုပ္ပန်မှာ အထူးသတိရှိ လိမ္မာဖို့အရေးကြီးတာပေါ့။

ငယ် ရပ်နာမ်ရလာမှတော့ မိုက်ဖို့မသင့်တော့ပါဘူးဗျာ။ ဒုက္ခရင်ဝယ်ပိုက်နေကြရပြီ ဥစ္စာ... ။

နန်း အဲဒါပေါ့ဗျ... ။ တရားဝင်စားနိုင်မှ ထောက်တည်ရာရနိုင်မယ်ဆိုတာ။

ငယ် ရပ်နာမ်ရှိလျက်နဲ့ ထောက်တည်ရာရနိုင်ပုံလေး ပြောပြပါဦးဗျာ။

နန်း ရပ်နာမ်ကို အကြောင်းမပြုတဲ့ ဉာဏ်အသိမျိုးပေါ့။ အဲဒါကို တရားစကားအရ 'ပိုင်းခြား' တယ်ခေါ်တယ်။ အကြောင်းမပြုလို့ 'ပိုင်းခြား' ထားနိုင်တာပေါ့။

ငယ် အံ့ဩစရာပဲနော်... ။

နန်း အနတ္တဉာဏ်ကလည်း ရှိသေးတယ်လေ။

ငယ် အနတ္တဆိုတာ ခင်ဗျားသိသလို အရင်ကမသိဘူးဗျ။

နန်း ဒုက္ခကိုသိ... အနိစ္စကိုနား‌လည်... ။ ဒါမှ အနတ္တဉာဏ်ပေါက်မြောက်တာလေ။

ငယ် အင်မတန်အဖိုးတန်တဲ့ ဉာဏ်အယူအဆအမျိုးအစားပေပဲဗျာ။

နန်း ဒါကြောင့်... အရိယာ ဖြစ်ချင်သူတွေဟာ လက္ခဏာကို ကျွမ်းကျင်ရတာပေါ့ဗျာ... ။

ငယ် ခင်ဗျားကတော့ ဆရာကောင်း အဆုံးအမမှာ တည်တာကိုး... ။

နန်း ဆရာ့ဂုဏ်ကျေးဇူးပေါ့ဗျာ။ ဆရာမရှိလျှင် ဗလာအတိဖြစ်ရမှာ အမှန်ပဲ။

ငယ် ဒါကြောင့် သံသရာဝဲဂယက်က ခွဲထွက်ချင်လျှင် ဆရာရှိအောင် လုပ်ရတယ်ဆိုတာ ထင်ရှားတာပေါ့နော်။

နန်း ဆရာကောင်း ဆရာမြတ်ဆိုတာ သူတို့ကိုယ်တိုင်ကလည်း အရိယာဖြစ်ပြီးသား‌ဗျ။ အရိယာမလုပ်တာတွေ မလုပ်တော့ဘူး။

ငယ် အေးဗျာ... ခင်ဗျား... ဆရာကောင်း အရိယာနဲ့ တွေ့ကြုံတပည့်ခံခွင့် ရခဲ့ဘူးတာ ကျွန်တော်ပါ သာဓုခေါ်လိုက်ပါ့မယ်။

သာဓု... သာဓု... သာဓု...

အောင်စာပေ

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၂၀)

လူတွေ ကုသိုလ်ကံ ကောင်းစေရန်

နန်း ကျွန်တော် လူတွေကို ကုသိုလ်ကံကောင်းစေချင်တယ်ဗျာ။ ဖျားချင်ချင်ပဲ။

ငယ် ဟာ... ဒါတော့ ဘယ်လွယ်ပုံမလဲဗျာ။

နန်း ဟုတ်တယ်... ၊ မလွယ်မှန်းတော့ သိတယ်။ ဒါပေမဲ့ ကျွန်တော့်ရင်ထဲက ဗုဒ္ဓဘာသာ သူတော်စင်တွေ ကံကောင်းကြစေချင်တယ်။

ငယ် ကံကတော့ လူတိုင်းလည်း မကောင်းနိုင်ဘူး။ အမြဲတမ်းလည်း မကောင်းနိုင်ပေဘူး ကိုနန်းအောင်... ။

နန်း ဒါပေမဲ့ ကံကောင်းတယ်ဆိုတဲ့ ခံစားချက်လေးကို ဗုဒ္ဓဘာသာဝင်တွေ ခံစားရစေချင်တယ်ဗျာ။ ကျွန်တော်က ဗုဒ္ဓဘာသာဝင်တွေလို့ပြောတာ။ ဗုဒ္ဓဘာသာဝင်တွေက ဟဲ့ ကံဇာတ်အကျိုးပေးကို ယုံကြည်ကြလို့ ပြောရပေါ့နော်။ အခြားကံကို မယုံကြည်သူတွေအတွက်တော့ ကျွန်တော် မဆိုလိုချင်ဘူး။ ထည့်လည်း မပြောအပ်ဘူး။ ဒါက... ကံအကြောင်းတရား ကိစ္စကိုး... ။ ဒီတော့ ကံယုံကြည်သူတွေကိုသာ ပြောအပ်ပေလိမ့်မယ်။

ငယ် ဒါကတော့ ဟုတ်ပါတယ်။ ကံကို မယုံကြည်သူတွေကို ကံကောင်းစေချင်ပါတယ် ပြောလို့ ဘယ်ရမလဲ။ သူတို့က ကံဆိုတာကို အကြောင်းမှမဖြစ်ကြတာ။

နန်း ကျွန်တော်ကတော့ ကံကို အကြောင်းပြုတယ်ဗျာ။ ယုံလည်း ယုံကြည်တယ်။

ငယ် ခင်ဗျား ယုံကြည်တာကို ကျွန်တော် သိတယ်လေ။ ဒါပေမဲ့ လူတိုင်းသော်လည်းကောင်း၊ အချို့နှံ့တိုင်းသော်လည်းကောင်း ကံကောင်းပြီး မနေနိုင်ကြပေဘူးဗျာ။

နန်း ဒီလိုဆို ကျွန်တော် တစ်မျိုးပြောမယ်ဗျာ။ လူတိုင်း ကံကောင်းအောင်နေကြစေချင်တယ်။

ငယ် ကံကောင်းအောင်... ။ ကိုယ်က နေ့တိုင်းကံကောင်းနိုင်ပါ့မလား။ ကံဆိုကတည်းက အတိတ်ပါလာပြီး အတိတ်ကံကိုပြုပြင်လို့မှ မရတော့တာ။

အောင်စာပေ

နန်း ကျွန်တော်က ကံကောင်းဘူးလို့ ပြောနေရတာပါ ကိုချစ်ငယ်ရယ်။ ကံကောင်းတဲ့ အရသာဟာ သိပ်ကောင်းတာဗျ။

ငယ် ကျွန်တော်လည်း ကံကောင်းချင်တာပေါ့ ကိုနန်းအောင်ရယ်။ ဒါပေမဲ့ ဥပမာဆို... ကျွန်တော့်ဆန္ဒအတိုင်း ဖြစ်နိုင်ပါ့မလား။

နန်း ကံဆိုတာ ကျွန်တော် သိသလောက်တော့ ဓမ္မဒိဋ္ဌာန်ကျမှာပေါ့ဗျာ။ နောက်ပြီး လူလုပ်တာလည်း ပါမှာပေါ့။

ငယ် အဲ... ခင်ဗျားပြောတဲ့ လူလုပ်လို့ရတဲ့ အပိုင်းမှာတော့ ဖြစ်နိုင်ချင်ဖြစ်နိုင်မှာပေါ့ဗျာ။ ပြီးခဲ့ပြီးသား အကြောင်းကိစ္စတွေအတွက်တော့ မလွယ်ဘူးထင်တယ်။

နန်း ကျွန်တော်ကတော့ ကံကောင်းရတာ ပျော်စရာကောင်းလို့ ပြောတာပါဗျာ။ ကံကောင်းခြင်းကို ကျွန်တော် သိပ်ကြိုက်တာပဲ။

ငယ် ဝမ်းသာပါတယ်ဗျာ၊ ခင်ဗျားကံကောင်းပါစေလို့ ကျွန်တော် ဆန္ဒပြုပါ့မယ်။

နန်း ကံကောင်းခြင်းကို ဘာတွေက ထိန်းချုပ်သလဲဟင်။

ငယ် ကံကောင်းခြင်းကို ကံကောင်းအောင် လုပ်ခဲ့တာတွေက ထိန်းချုပ်မှာပေါ့ဗျာ။ ယေဓမ္မာပဲ မဟုတ်လား။

နန်း ကျွန်တော် ကံကောင်းပါစေလို့ ဆုတောင်းလိုက်မယ်ဗျာ။

ငယ် တောင်းလေ... ၊ တောင်းလည်းတောင်း... ၊ ကံလည်းကောင်းအောင် လုပ်ပေါ့။

နန်း ကျေးဇူးတင်တယ်ဗျာ။ ကျွန်တော့်ကို သတိပေးပါ။ ကံကောင်းခြင်းဟာ အမြဲတမ်း ဖြစ်မနေဘူးဆိုတာနဲ့ အကြောင်းမဲ့ဖြစ်လာတာလည်း မဟုတ်ဘူးဆိုကာကိုတော့ ကျွန်တော် ယုံပြီးသားပါ။

ငယ် ကံကောင်းဖို့ဆိုတာ မလွယ်ကူသလို အဲဒီကံကောင်းခြင်းဟာ အကြောင်းမဲ့ဖြစ်လာတာလည်း ဘယ်ဟုတ်ပါ့မလဲ ကိုနန်းအောင်ရယ်။ အကြောင်းရှိမှ ကံကောင်းခြင်းဆိုတာလည်း ဖြစ်ပေါ်လာရတာပဲပေါ့။

နန်း ငယ်ကျွမ်းဆွေ သီချင်းထဲကလို ဒီလိုည အပေါင်းထောင်သောင်းမက ဖြစ်

ပါရစေဆိုတာလို ဒီလိုကံကောင်းခြင်းမျိုးတွေ ထောင်သောင်းမက ဖြစ်လာစေချင်ပါတယ်ဗျာ။

ငယ် ခင်ဗျားလိုကံကောင်းအောင် လုပ်ဆောင်ခဲ့ဖူးသူ တစ်ဦးအဖို့ အဲဒီလိုဖြစ်မလာနိုင်ဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲဗျာ။ ဖြစ်လာနိုင်ရမှာပေါ့။

နန်း ကျေးဇူးတင်တယ်ဗျာ။ ကံကောင်းရတာကို ကျွန်တော် ကျေနပ်တယ်။

ငယ် ဒါနဲ့ ကိုနန်းအောင်... ခင်ဗျား ကံကောင်းပုံလေးတွေတောင် မမေးရသေးပါလား။

နန်း ကျွန်တော်ပျော်ရမယ့် ခက်ရာခက်ဆစ် အရာတွေဖြစ်လာတယ်ဗျာ။ ကျွန်တော်တောင် အပြည့်အဝ မမျှော်မှန်းရဲတာတွေ ဖြစ်လာတယ်။

ငယ် ဝမ်းသာလိုက်တာဗျာ။ ခင်ဗျား တာဝရပျော်ရွှင်ပါစေလို့ ကျွန်တော် ဆုတောင်းလိုက်ပါ့မယ်။

နန်း ကျေးဇူးပါပဲ ကိုချစ်ငယ်ရယ်။ ကျေးဇူးပါပဲ။ လူတွေဘာဖြစ်လို့ အမြဲတမ်းကံမကောင်းနိုင်ကြတာလဲ။

ငယ် ပြုဖူးခဲ့တဲ့ ရှေးကံကောင်းနိုင်မှု ကုသိုလ်နည်းကြလို့နေမှာပေါ့။ လူဆိုတာ ဒါပဲနဲ့တူပါတယ်။

နန်း ကျွန်တော် အဲဒါပြောတာပေါ့။ လူတွေမှာ ပြုဖူးခဲ့တဲ့ ကံကောင်းနိုင်မှု ကုသိုလ်တွေရှိစေချင်တယ်။

ငယ် လူတွေက မလုပ်ကြဘူးဗျ။ မလုပ်မိကြဘူး။ မလုပ်နိုင်ကြတာလည်း ပါတယ်ပေါ့။ မလုပ်ဖြစ်ကြတာလည်းပါတယ်ပေါ့။

နန်း လူတွေကံကောင်းအောင် လုပ်ဆောင်နိုင်ကြပါစေလို့ ဆုတောင်းပေးရအောင်လား ကိုချစ်ငယ်။

ငယ် ဆုလည်းတောင်းပေးကြတာပေါ့ဗျာ။ အရာရာလည်း အခြေအနေပြည့်စုံမှ လုပ်ဆောင်နိုင်ကြမှာ။

နန်း ဘာကြောင့် အခြေအနေက ပြည့်စုံနိုင်ဖို့မလွယ်ကူရတာလဲ။

ငယ် အဲဒါ လူဘဝပဲပေါ့ဗျ။ သုံးဆယ့်တစ်ဘုံမှာရှိတဲ့ ဘဝတွေ သို့မဟုတ် လူ

ဘဝတွေ သို့မဟုတ် လူ့ဘဝဆိုတာ အဲဒါပဲပေါ့။ တစ်နည်းမဟုတ် တစ်နည်းနည်းကြောင့် မပြည့်စုံကြတာပေါ့။ ဒီတော့ ဒီလိုလည်းလုပ်ပေါ့ဗျာ။ ကံကောင်းတဲ့အချိန်တွေ များပါစေလို့ ဆုတောင်းပေးရအောင်...။

နန်း ဟုတ်တယ်... ဆုတောင်းပေးရအောင်... ။

ငယ် နောက်ပြီး... အကယ်၍ ကံမကောင်းနိုင်သေးလျှင်လည်း စိတ်ဓာတ်မကျဘဲ မဆုတ်နစ်ဘဲ ကံကောင်းလာနိုင်အောင် ကြိုဆောင်နိုင်ပါစေလို့။

နန်း ဟုတ်တယ်... ။

အဲဒီလိုဆုတောင်းပေးရအောင်... ။ ဘာတဲ့ ပြုဖူးခဲ့တဲ့ အတိတ်က ကံကောင်းစေတဲ့ လုပ်ဆောင်ချက်တွေ ခိုင်ခိုင်လုံလုံ ဆောင်ရွက်နိုင်ကြပါစေလို့... ဟုတ်လား... ။

ငယ် ဟုတ်တယ်... ။

သာဓု... သာဓု... သာဓု... ။

အောင်စာပေ

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၃၁)

နိဗ္ဗာန်၏ချမ်းသာပုံ

ဒေါင်စာပေ

ငယ် ကိုနန်းအောင်... ကျွန်တော် တစ်ခုပြောမယ်နော်။ ခင်ဗျား စိတ်မဆိုးနဲ့။

နန်း ပြော... စိတ်မဆိုးဘူး။

ငယ် ခင်ဗျားက နိဗ္ဗာန်မှာ ရုပ်နာမ်မရှိဘူးလို့ ပြောတယ်နော်။

နန်း ဟုတ်တယ်လေ... ခန္ဓာနိယောဓေပဲ။

ငယ် ဒါပေမဲ့ ခင်ဗျားက နိဗ္ဗာန်ဆိုတာ ချမ်းသာတယ်လို့လည်း ပြောတယ်။

နန်း ဟုတ်တယ်လေ... နိဗ္ဗာနံ ပရမံ သုခံ တဲ့။

ငယ် ကျွန်တော့်ကို ပြောပြဗျာ။

နန်း ဘာပြောရမှာလဲ... ။

ငယ် အဲဒီနိဗ္ဗာန်ရဲ့ချမ်းသာမှုကို ဘယ်သူကယိလဲလို့။

နန်း ဒါလား... ။

ငယ် ဟုတ်တယ်... ။

နန်း နိဗ္ဗာန်ရဲ့ချမ်းသာမှုကို ဖိုလ်ညာဏ်ကသိတာပေါ့ဗျာ။ 'မဂ္ဂ ဗလာန မာရမ္ဟန ဘူတော အသခတဓမ္မော' တဲ့။

ငယ် ဖိုလ်ညာဏ်ဆိုတာ ဘယ်ကလာတာလဲ။

နန်း မဂ်ညာဏ်ကလာတာပေါ့။ ဖိုလ်ညာဏ်က အကျိုးပဲ။ မဂ်ညာဏ်နဲ့ယှဉ်လျှင်။

ငယ် နိဗ္ဗာန်စံတာ ငါသူတစ်ပါးယောကျ်ားများ မိန်းမ မဟုတ်ဘူးဆို။

နန်း မဟုတ်ဘူးလေ။ ပရမတ္ထမှာ ငါသူတစ်ပါး ယောကျ်ားများ မိန်းမမှ မရှိတာ။

ငယ် ဒါဖြစ်လျှင် မဂ်ညာဏ်က ဘယ်ကလာလဲ။

နန်း မဂ်ညာဏ်က ရုပ်နာမ်က လာတာပေါ့။ ရုပ်နာမ်က သာသနာယုံကြည်လို့ တရားကျင့်တာ မဂ်ညာဏ်ရတာပေါ့။

ငယ် အရိယာတစ်ပါးဟာ မဂ်ညာဏ်ကို ဘယ်ကရတာလဲ။

နန်း သာသနာက ရတာပေါ့။ 'သဒ္ဓါရ တရတိ ဩဃံ' ပဲလေ။

ငယ် ဘယ်လိုလုပ်လိုက်လို့ ရသွားတာလဲ။

နန်း သာသနာတော်ကို ယုံကြည်လိုက်လို့ပေါ့။ နောက်ပြီး နှလုံးသွင်းမှန်ကန်စွာ အားထုတ်လိုက်တာ။

ငယ် မဂ်ညာဏ်ရတော့ ပြီးရောလား။

အောင်စာပေ

နန်း မင်ဉာဏ်က ဖိုလ်ဉာဏ်ကူး... ။ ဖိုလ်ဉာဏ်က နိဗ္ဗာန်ဝင်... ။
ဒီတော့ နိဗ္ဗာန်ရဲ့ချမ်းသာမှုကို ဖိုလ်ဉာဏ်က သိတာပေါ့။။

ငယ် နိဗ္ဗာန်က ချမ်းသာတဲ့ ဓာတ်ကြီးပေါ့။။

နန်း ဟုတ်တယ်... ။

ငယ် နိဗ္ဗာန်က ဘယ်သူကလုပ်ထားတာလဲ။။

နန်း ဘယ်သူကမှ မလုပ်ဘူး။။ သူ့ဖာသာသူရှိနေတာ။။ စဖြစ်ခြင်းလည်းမရှိဘူး။။ ဆုံးပျက်ခြင်းလည်း မရှိဘူး။။ ဘယ်သူကမှလည်း လုပ်စရာမလိုဘူး။။ သိအောင် ကြိုးစားဖို့ပဲလိုတယ်။။

ငယ် ဘယ်သူစသိတာလဲ... ?။

နန်း မြတ်စွာဘုရားပေါ့။။

ငယ် မြတ်စွာဘုရားက သိပုံသိနည်းပြောပြတာလား။။

နန်း ဟုတ်တယ်... ။

ငယ် ဒါဟာ... ဗုဒ္ဓသာသနာလား။။

နန်း ဟုတ်တယ်... ။

ငယ် ဒါယုံကြည်လျှင် ဗုဒ္ဓဘာသာပေါ့။။

နန်း ဟုတ်တယ်... ။

ငယ် ကျွန်တော် ယုံကြည်တယ်ဗျာ။။

နန်း ဒါဆို ခင်ဗျား ဗုဒ္ဓဘာသာပေါ့။။

ငယ် ဗုဒ္ဓဘာသာကောင်းတစ်ဦးတော့ မဖြစ်သေးဘူးလား။။

နန်း ယုံတဲ့အတိုင်း ကျင့်ကြံအားထုတ်မှ သေချာခိုင်မာမယ်။။

ငယ် ကျင့်မယ်ဗျာ။။

နန်း ကျင့်... ။

ငယ် ဘယ်လိုကျင့်ရမှာလဲ... ?။

နန်း ဟာ... ခန္ဓာဉာဏ်စိုက်ကျင့်ပေါ့။။ လက္ခဏာရေးဆင်ခြင်ပေါ့။။ ဖြစ်ပျက်ရှုပေါ့။။

ငယ် မကျင့်လျှင်ရော... ?။

နန်း မကျင့်လျှင် သံသရာလည်ပေါ့။ ရုပ်နာမ်ပြန်ရပေါ့။ အိုပေါ့... ၊ နာပေါ့... ၊ သေပေါ့... ၊ ဒုက္ခဖြစ်ပေါ့... ။

ငယ် ကျင့်လျှင်ရော... ?။

နန်း ကျင့်လျှင် မင်္ဂလာဖိုလ်ဉာဏ်ရပြီး နိဗ္ဗာန်စံပေါ့။

ငယ် နိဗ္ဗာန်က ချမ်းသာတယ်နော်။

နန်း ဟုတ်တယ်... ။

ငယ် မအိုဘူး... ၊ မနာဘူး... ၊ မသေဘူးနော်။

နန်း ဟုတ်တယ်... ။ အိုစရာ၊ နာစရာ၊ သေစရာ ရုပ်နာမ်မရှိဘူး

ငယ် အင်း... တော်တော်ကောင်းတာပဲ။

နန်း ကောင်းလျှင် ကျင့်ပေါ့။

ငယ် အင်း... ကျင့်မယ်... ကျင့်မယ်... ။

နန်း ကျင့်လေ... ၊ ဒါမှ ကိုယ်တိုင်သိရမှာပေါ့။ ကိုယ်တိုင်သိ၊ ကိုယ်တိုင်ခံစား။ ကိုယ်တိုင်မျက်မှောက်ပြုရမယ်။

ငယ် ကျင့်မယ်ဗျာ... ။ စိန်ခေါ်ပြီ။

နန်း ခေါ်လေ... ။

ငယ် နိဗ္ဗာန်တွေ့ဖို့ ခင်ဗျားတာဝန်နော်။

နန်း ကျွန်တော့်တာဝန် မဟုတ်ဘူး။ တရားသစ္စာရဲ့တာဝန်... ။ ပိုခိုင်တယ်။

ငယ် ခင်ဗျားလည်း ခိုင်ပါတယ်။

နန်း ကျွန်တော်လည်း ခိုင်ပါတယ်။ တရားကော်က ပိုခိုင်တာပေါ့။ တာဝန်ယူတာက တရားတော်ပါဆိုတော့လည်း အမှန်တရားပဲ။

ငယ် ခင်ဗျားလည်း တရားသမား မဟုတ်လား။

နန်း ဓမ္မပြောတာ ပိုကောင်းတယ်... ပုဂ္ဂလမပြောနဲ့။

ငယ် ဟုတ်ပါပြီဗျာ။ ကျွန်တော် နားလည်ပါပြီ။ ခင်ဗျားကို ရင်းနှီးလို့ပြောတာပါ။

နန်း ကျေးဇူးတင်ပါတယ်။

ငယ် ကျွန်တော် သာဓုခေါ်ပါတယ်ဗျာ... ။

သာဓု... သာဓု... သာဓု... ။

အောင်စာပေ

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၃၂)

နိဗ္ဗာန်နှင့် သာသနာ့ဥာဏ်

နန်း ကိုချစ်ငယ်... ကျွန်တော် တစ်ခုပြောမယ်နော်။ ခင်ဗျား စိတ်မဆိုးနဲ့။

ငယ် မဆိုးပါဘူး။ ဘာစိတ်ဆိုးရမှာလဲ။ ခင်ဗျားနဲ့ကျွန်တော်ကြားမှာ... ။

နန်း ဟုတ်ဘူးလေ... ။ ကျွန်တော်က ကိုးလိုးကန့်လန့်မေးတာမျိုး မဟုတ်တဲ့ အကြောင်းစကားခံတာပါ။ ဒါနဲ့ ခင်ဗျား နိဗ္ဗာန်ရှိတယ်ဆိုတာ ယုံလား။

ငယ် ဟာ... ယုံပါတယ်ဗျာ။ ကျွန်တော် ဗုဒ္ဓဘာသာပဲဟာ... ။

နန်း မဟုတ်ဘူးလေ။ ခင်ဗျားက နိဗ္ဗာန်ကို မမြင်ဖူးဘူးလို့ ပြောဘူးလို့။

ငယ် ကျွန်တော် မမြင်ဘူးပေမယ့် ယုံပါတယ်ဗျာ။ ဘုရားဟောထားတာပဲ။ နောက်ပြီး သူတော်ကောင်းတွေလည်း မိန့်တော်မူထားတာပဲ။ ကိုယ်တိုင် မမြင်ဘူးပေမယ့် အနုမာန မျက်မှန်းဆပေါ့။

နန်း ဩဘာ်... ကောင်းပါတယ်ဗျာ။ ဒါပေမဲ့ နိဗ္ဗာန်မှာ ရုပ်နာမ်မရှိဘူးနော်။

ငယ် မရှိဘူးလေ။ အဲဒါဘာဖြစ်လဲ။ ရုပ်နာမ်မရှိလို့ ဒုက္ခမရှိတာပေါ့။: နားလည်ပါတယ်။

နန်း မဟုတ်ဘူးလေ... ။ ခင်ဗျားက နိဗ္ဗာန်ကို ဘယ်သူခံစားလဲဆိုတော့ ငါသူတစ်ပါး၊ ယောကျ်ားး၊ မိန်းမ၊ မခံစားဘူးလို့ အဖြေထွက်ရလို့ အားမလို အားမရ ဖြစ်နေမိသလားလို့ပါ။

ငယ် ငါ သူ မခံစားဘူးဆိုတော့ ဝ(ခွ)တော့ချတာပေါ့ဗျာ။ ဒါပေမဲ့ ဘယ်တတ် နိုင်မလဲ။ ငါသူက နဂိုကချည်း မရှိဘူးလို့ သိနေရတဲ့ဟာ။

နန်း ဟုတ်ပါပြီလေ။ ဘယ်သူမှ မဟုတ်ဘူးဆိုတဲ့ နိဗ္ဗာန်ခံစားမှုကို ခင်ဗျား လက်မခံမှာစိုးလို့ပါ။

ငယ် ဟာ... ကျွန်တော် လက်မခံလို့ ဘယ်ဖြစ်မလဲဗျာ။ မှန်ရာ ကန်ရာကြိုးပဲ ဟာ။ ဒါပေမဲ့ ခင်ဗျားရှင်းပြတော့ ပိုမိုဝင်စားလို့ကောင်းတာပေါ့။

နန်း နိဗ္ဗာန်စံတာ ငါသူမဟုတ်ပေမယ့် ကိုယ့်ဉာဏ်ကတော့ ကိုယ်ဉာဏ်ပါပဲဗျာ။ ဘယ်သူဉာဏ်လို့မှတော့ ပြောလို့မရပါဘူး။

ငယ် ခင်ဗျားပြောတော့ သာသနာ့ဉာဏ်ဆို။

နန်း သာသနာ့ဉာဏ်တော့ သာသနာ့ဉာဏ်ပေါ့။ သာသနာက ပေးလို့ရတဲ့

အသိဉာဏ်တရားအစုအဝေးပဲဟာ။ ဒါပေမဲ့ ကိုယ့်ပါရမီနဲ့ ပေါင်းစပ် ဖြည့်စွက်ရတာပေါ့။

ငယ် အဲဒီနေရာမှာ ကျွန်တော် နည်းနည်းခေါင်းရှုပ်မိတယ်ဗျာ။

နန်း ဘာ... ခေါင်းရှုပ်စရာလိုလဲ။ ဒါ သဘာဝတရား ဓမ္မလမ်းစဉ်အတိုင်းပဲဟာ။

ငယ် မဟုတ်ဘူးလေ... ။ ကိုယ်တော့်မရှိဘူး၊ ကိုယ့်ပါရမီတော့ ရှိတယ်... ဆိုတော့ ဒြပ်မဲ့ဂုဏ်ရည်လို ဖြစ်မနေဘူးလား လို့ပါ။

နန်း အဲဒါကို အကြောင်းအကျိုးလို့ ယူရတယ်လေ။ အကြောင်းပြုသလို အကျိုးဖြစ်ပေါ်ရတာပေါ့။ ယေဓမ္မာ-အကြင်ဖြစ်ရပ်သည် ဟေတု-အကြောင်းခံတရားရှိ၏ လို့လာတယ်။

ငယ် နည်းနည်းတော့ မှန်းဆတတ်လာပြီ။

နန်း အဲဒါ ကလျာဏပေါ့။ ဒီထက် ဘဝင်ကျသွားလျှင် သောတာပန် ဖြစ်မှာပါ။

ငယ် ဗျာ... ။

နန်း မဗျာနဲ့လေ... ။ အကြောင်းအကျိုးသိလျှင် ဒိဋ္ဌိသေလို့သောတာပန်နဲ့ သိပ်နီးသွားတယ်။ ရုပ်နာမ်သိလျှင်လည်း ဖြစ်ပျက်ကမြင်လာဦးမှာ။ ဒီတော့ ရှေ့ဆက်လှမ်းနိုင်လျှင် သောတာပန်ပေါ့။ ဖြစ်ပျက်မုန်းဆုံးပေါ့။

ငယ် ကျွန်တော့်ကို သိပ်အထင်မကြီးနဲ့ဗျာ။

နန်း ဟာ... ဒါလမ်းစဉ်ပါ။ ခင်ဗျားကို အထင်ကြီးတယ်လို့ မယူနဲ့။ တရားတော်ရဲ့ ဂုဏ်ကျေးဇူးကို ပူဇော်တတ်တာလို့ယူပါ။ တရားတော်က မှန်ကန်စွာနှလုံးသွင်းသူကို ကျေးဇူးပြုပေးတယ်။

ငယ် မလွတ်ပါလား။

နန်း မလွတ်ဘူး။

ငယ် ကျွန်တော် ဘစ်ခုမေးမယ်ဗျာ။

နန်း မေးပါ။

ငယ် သူညတ ဆိုက်တယ်ဆိုတာ ရှင်းပြပါ။

နန်း သူညတ ဆိုက်တယ်ဆိုတာ ဖြစ်ပျက်ဆုံးတာပေါ့။ ခင်ဗျား ရုပ်နာမ်ကို ခင်ဗျားမှန်းလို့ မလိုချင်လို့ ဖြစ်ပျက်ရှုရာက ဖြစ်ပျက်ဆုံးသွားတော့၊ ဖြစ်ပျက်မရှိတော့ သူညဖြစ်သွားတာပေါ့။ အရှုခံတရားတစ်ဆင့် ကုန်ဆုံးသွားတာပေါ့။ အဲဒါ သောတာပန်ပေါ့။

ငယ် သူညတဆိုက်တော့ ဘာဖြစ်လဲ။

နန်း သူညတဆိုက်တော့ ဖြစ်ပျက်အဆုံး ကတညာဏ်ရောက်၊ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သွားတာပေါ့။

ငယ် ဟာ... ။ ခင်ဗျားပြောတော့ လွယ်သလိုကြီးပဲ။

နန်း လွယ်တာ ခက်တာ ခင်ဗျားရဲ့ရှုအားပေါ် မူတည်တာပေါ့။ ရှုအားကောင်းတော့ လွယ်တာပေါ့။ ဒါပေမဲ့ လက်တွေ့ရှုကြည့်ပါ။ ဖြစ်ပျက်ဆုံးဖို့ဆိုတာ အားထုတ်ကြည့်မှ သိမှာ။

ငယ် ကောင်းပြီလေ... ။ ကျွန်တော် ကြိုးစားဝင်စားကြည့်ပါ့မယ်။ သာဓုခေါ်ကြစို့။

သာမု... သာဓု... သာဓု... ။

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၇၇)

ပုဂ္ဂိုလ်တစ်ဦးရဟန္တာဖြစ်ပုံ

အောင်စာပေ

ငယ် တစ်ခုမေးမယ်ဗျာ... ။

နန်း မေး... ။

ငယ် ပုဂ္ဂိုလ်တစ်ဦးဟာ တစ်ခါတည်းနဲ့ တရားအားထုတ်ရင်း ရဟန္တာအထိ ဖြစ်သွားနိုင်သလား။

နန်း အဲဒီပုဂ္ဂိုလ်ရဲ့ ကိလေသာအထူအပါးအပေါ် မူတည်မှာပေါ့။ တစ်ဆင့်ပြီးမှ တစ်ဆင့်တက်ရမယ်။ စာချုပ်မရှိဘူး။

ငယ် ဒါပေမယ့် ခက်ခဲတယ်ပေါ့နော်။

နန်း လွယ်တယ်ခက်တယ်ဆိုတာတော့ အဲဒီပုဂ္ဂိုလ်ရဲ့ ပါရမီအပေါ်မှာ မူတည်မှာပေါ့။ ဖြစ်တောင့်ဖြစ်ခဲလို့သာ ပြောရမှာ။

ငယ် ဟုတ်ပါတယ်။ သောတာပန်စတဲ့ အရိယာဖြစ်ဖို့တောင် မလွယ်ဘူးဟုတ်လား။

နန်း မလွယ်တာတော့ မလွယ်လှဘူးပေါ့ဗျာ။ မဖြစ်ရဘူး။ မဖြစ်နိုင်ဘူးလို့ မပြောအပ်တာပဲ ရှိပါတယ်။ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ကံအား ပါရမီအလျောက်ပဲလို့တော့ ပြောရမှာပေါ့။

ငယ် ခင်ဗျား အမြင်က ဘယ်လိုလဲ... ?။

နန်း ပါရမီ ထူးခြားထူးချွန်သူတွေကတော့ နိဗ္ဗာန်စံဝင်ပြီးကြပြီနဲ့ တူပါတယ်။ လက်ကျန်အရိယာစာရင်းလောက်ပဲ ကောက်ဖို့ရှိမယ်ထင်တယ်။

ငယ် ဒီခေတ်ကို ခင်ဗျား သိပ်အားမရဘူးနဲ့တူတယ်။

နန်း ဒါတွေက ကျွန်တော့်ဆန္ဒနဲ့ ဖြစ်အပ်တဲ့ ကိစ္စတွေမှ မဟုတ်ဘဲ။ သူ့အရှိအရှိအတိုင်း,တိုင်းပဲနေမှာပဲ။ ဒီတော့ ကိုယ့်တာဝန် ကိုယ်ကြိုးစားဖို့ အဓိကပဲလို့ ခံယူပါတယ်။ သတ္တဝါတွေ ပါရမီ ပါတာ မပါတာ၊ ကြိုးတာ သေးတာ ကျွန်တော်နဲ့ ဘယ်လို ပတ်သက်မှာလဲ။

ငယ် ဒီခေတ်မှာ ပုဂ္ဂိုလ်တစ်ဦး တရားအားထုတ်လိုက်တာ တစ်ခါတည်း ရဟန္တာဖြစ်သွားနိုင်သလားလို့ ကျွန်တော် စိတ်ဝင်စားနေတာပါ။

နန်း ရဟန္တာဖြစ်တယ်ဆိုတာ လွယ်ကူတဲ့ကိစ္စမှ မဟုတ်တာဗျာ။ သံသရာ ရေ

သောက်မြစ်ကို အပြီးအပိုင်ဖြတ်တောက်ရတယ်ဆိုတာ တော်တော့်မက် အားနဲ့ ဘယ်ရနိုင်မလဲ။

ငယ် ခင်ဗျားကတော့ တော်တော်အကဲခတ်ကောင်းမှာပဲနော်။

နန်း ဆရာကောင်း ဆရာမြတ်က သွန်သင်ချီးမြှင့်ထားတဲ့ ပေတံတွေတော့ သိတာပေါ့ဗျာ။ ဒါလောက်ပါပဲ... ။

ငယ် အင်း... အဲဒါဆိုလည်း မနည်းပါဘူး။

နန်း မနည်းဘူးဆိုလည်း မနည်းဘူးပေါ့။ ဒါပေမဲ့ ကျွန်တော့်အဖြစ်မှန် အခြေအနေကတော့ ကြိုးစားနေဆဲပါပဲ။

ငယ် ဒီလိုဝန်ခံလို့ ကျွန်တော် အထင်မသေးပါဘူး။ လူဆိုတာ ပြည့်စုံနိုင်ခဲဘိခြင်းပဲ။

နန်း ဟုတ်ပါတယ်။

ငယ် ကျွန်တော်လည်း ဒီအကြောင်းအရာတွေကို လိပ်ပတ်လည်အောင် သိချင်တယ်ဗျာ။

နန်း သိချင်လျှင်မေးလေ၊ ကျွန်တော် သိသလောက်တော့ သိရမယ်။ အဲ... ယုံကြည်လျှင်ပေါ့လေ။

ငယ် ယုံပါတယ်ဗျာ... ။

နန်း အကြောင်းချင်းရာက နက်ရှိုင်းလို့ စကားအဖြစ် ပြောရတာပါ။

ငယ် ယုံပါတယ်... ။ ယုံတယ်ဆိုတာ ခင်ဗျားအားလုံး သိရမယ်လို့။ ယုံတာ မဟုတ်ဘူး။ ခင်ဗျားသိတာ ပြောမယ်... ၊ မသိတာ မပြောဘူးလို့ယုံတာ။

နန်း အဲဒါ အမှန်ပဲ။

ငယ် တစ်ခုမေးဦးမယ်ဗျာ။ အရိယာတွေက သူတို့အရိယာဖြစ်ကြောင်း အမှန်အကန် သိကြသလား။

နန်း ဉာဏ်ကြီးသူ ပုဂ္ဂိုလ်ရဲ့အဆုံးအဖြတ်ခံရတာက ပိုကောင်းတယ်။

ငယ် ကိုယ့်ဖာသာက သိပ်မကောင်းဘူးပေါ့။

နန်း ဟုတ်တယ်... ။ ကိုယ့်ကိုယ်ကိုယ်ကျ ပိုတွက်မိတဲ့ ပုဂ္ဂိုလ်တွေရှိခဲ့ကြဖူး

တာယ်။

ငယ် တရားတော်က ကိုယ်တိုင်သိ... ဆို... ။

နန်း ကိုယ်တိုင်သိတာက တရားတော်ကိုပဲလေ။ တရားတော်ရဲ့ အေးငြိမ်းချမ်းသာပုံ ဂုဏ်ကျေးဇူးကော်ကိုပေါ့။ တရားအဆင့်ကျတော့ မိမိတို့ထက် ဉာဏ်ပညာကြီးမားသူက ဆုံးဖြတ်သတ်မှတ်တာကို ခံယူရမှ ပိုစိတ်ချရတယ်။

ငယ် ကိုယ့်ထက်ဉာဏ်ကြီးသူက တွေ့ဦးမှကိုး... ။

နန်း မတွေ့ရသေးလျှင် အတည်မယူနဲ့ဦးပေါ့။ အဆင့်သိဖို့ ဘာလို့လောရမှာလဲ။ ကိုယ့်မင်္ဂလာ ဖိုလ်အား အားကောင်းအောင် လုပ်ဆောင်နေလျှင်ပြီးတာပဲ။ တာဝန်ကျေတာပဲပေါ့။

ငယ် တရားကိစ္စမှာ လူဟာ ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်နိုင်လား။ ဆိုလိုတာကမှားယွင်းပြီး အဆင့်ပိုမိုသတ်မှတ်နိုင်သလား။

နန်း ဖြစ်နိုင်တာပေါ့... ။ ဟချို့ပိတိကိုတောင် နိဗ္ဗာန်ထင်နေကြသေးတာ။ နိဗ္ဗာန်မှာ စိတ်ရှိတယ်ထင်နေကြတယ်။ နိဗ္ဗာန်စံဝင်ဖို့ဆိုတာ စိတ်ချုပ်ဖို့လိုအပ်ကြောင်း နားလည်ထားသင့်ကြတာပေါ့။

ငယ် စိတ်ချုပ်တော့ ဘာနဲ့သိသလဲဟင်... ?။

နန်း မင်္ဂလာဖိုလ်ဉာဏ်နဲ့ပေါ့။

ငယ် အဲဒီနေရာ ကျွန်တော် ဦးနှောက်ခြောက်တယ်ဗျာ။

နန်း ပိုင်းခြားတယ်ဆိုတာ ခင်ဗျားသဘောမပေါက်လို့ပါ။

ငယ် ဟုတ်ပါတယ်။ ကျွန်တော် အားလုံးကို သဘောပေါက်ပြီးသားဆိုလည်း ခင်ဗျားကို မေးနေစရာလိုမှာ မဟုတ်ပါဘူး။

နန်း အဲဒီကျ ကျွန်တော်က မေးရမှာပေါ့ဗျာ။ သိသူက ပြောကြစတမ်းပဲ။

ငယ် ဒါလည်း ဟုတ်တာပဲ။

နန်း ဟုတ်တယ်ဆိုလည်း သာဓုခေါ်ဗျာ။

ငယ် ဟာ... ခေါ်ပါတယ်။ သာဓု... သာဓု... သာဓု... ။

အောင်စာပေ

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၃၄)

အဓိကြောင်းချုပ်လျှင် အကျိုးချုပ်ပုံ

ဒေါ်စာပေ

ငယ် တစ်ခုမေးမယ်ဗျာ ကိုနန်းအောင်... ။

နန်း မေးပါ... ။

ငယ် ခင်ဗျား သေသေချာချာနားထောင်နော်။

နန်း ထောင်ပါ့မယ်။

ငယ် ရုပ်နာမ်သာရှိတဲ့ လူသားက ရုပ်နာမ်မရှိတဲ့ နိဗ္ဗာန်ကို ဘယ်လိုသွားရမလဲ ဆိုတာ... ။

နန်း ရုပ်နာမ်ကို ချုပ်ငြိမ်းစေတဲ့နည်းနဲ့သွားပေါ့ဗျာ။

ငယ် ရုပ်နာမ်ကချုပ်ပါ့မလား... ?။

နန်း ချုပ်ပါတယ်ဗျ။ အကြောင်းချုပ်လျှင် အကျိုးချုပ်တာပဲ။

ငယ် ယေဓမ္မာလား။

နန်း ဟုတ်တယ်။

ငယ် အကြောင်းချုပ်အောင် ဘာယ်လိုလုပ်ရမလဲ... ?။

နန်း အကြောင်းကိုသတ်ပေါ့။

ငယ် ဘာနဲ့သတ်ရမလဲ။

နန်း သာသနာကပေးတဲ့ အသိဉာဏ်နဲ့သတ်ပေါ့။

ငယ် ဘယ်လိုသတ်ရမလဲ။

နန်း သတ်ခိုင်းတဲ့အတိုင်း သတ်ပေါ့။

ငယ် သတ်လျှင် သေတယ်နော်။

နန်း ယေဓမ္မာပါဆိုနေ... ။

ငယ် ဘယ်လို သတ်ခိုင်းတယ်ဆိုတာလေး မြွက်ဟပါဦး။

နန်း ရုပ်နာမ်ကို ဖြစ်ပျက်ရှု... ။

ငယ် အသိဉာဏ်နဲ့ရှုရမယ် ဟုတ်လား။

နန်း ဟုတ်တယ်။ ရှုကဖြစ်ပျက်နောက်မင်္ဂပဲ။ ဒုပျက်မြင် မဂ္ဂင်ပဲ။ သိသား နဲ့... ။

ငယ် တစ်ခါတစ်ခါ ဝါးဝါးသွားလို့ဗျ။

နန်း တိဟိတ်လုပ်၊ ပြတ်သား... မဝါးနဲ့။

ငယ် ကောင်းပါပြီ ဆရာသမားရယ်။

နန်း နိဗ္ဗာန်မှာ ရုပ်နာမ်မရှိပေမယ့် ရုပ်နာမ်နဲ့ဖြည့်ဆည်းခဲ့ရတဲ့ ပါရမီအလျောက် နိဗ္ဗာန်စံဝင်တဲ့ဉာဏ်က ကြီးတာပေါ့။

ငယ် ဉာဏ်က အကြီးအသေးရှိတယ်နော်။

နန်း ရှိတာပေါ့။ ဉာဏ်ကတော့ ဉာဏ်ပဲ။ ဒါပေမဲ့ အကြီးအသေးရှိတာပေါ့။

ငယ် နိဗ္ဗာန်စံဝင်တော့ရော့။

နန်း နိဗ္ဗာန်ကတော့ နိဗ္ဗာန်ပဲပေါ့။ ဒါပေမဲ့ ဉာဏ်ကြီးတော့ အသိကြီးတာပေါ့။ တန်ခိုးလည်း ဒီအတိုင်းပဲပေါ့။ ရုပ်နာမ်နဲ့ ပါရမီဖြည့်ရတာ... ။

ငယ် ရုပ်နာမ်က အသုံးချခံပေါ့။

နန်း ဟုတ်တယ်... ။ ရုပ်နာမ်က နောက်ဆုံးတော့ စွန့်အပ်တဲ့အရာပဲ။

ငယ် မမှီခိုရဘူးပေါ့။

နန်း မမှီခိုရဘူး။ အသုံးချရမယ်။

ငယ် မလိုလားရဘူးပေါ့။

နန်း အပုပ်ကောင်ကြီးလေဗျာ။ အသုံးပဲချပါ။ အခိုင်းခံပေါ့။ ဉာဏ်နဲ့ခိုင်း။

ငယ် ဒါနဲ့ စကားမစပ် ကိုယ်မဟုတ်လျှင် ဘယ်သူလဲ... ။

နန်း ဘယ်သူမှမဟုတ်ဘူး။ အကြောင်းခံလို့ အကျိုးဖြစ်တာ။

ငယ် ဓမ္မတာ သဘာဝတရားလား။

နန်း ဟုတ်တယ်။ ရုပ်နာမ်ရအောင်လုပ်လျှင် ရတယ်။ ပြတ်အောင်လုပ်လျှင် ပြတ်တယ်။

ငယ် ဒီဘဝပြတ်ပါ့မလား။

နန်း ခက်တော့ ခက်တာပေါ့။ ဒါပေမဲ့ ပြတ်အောင်လုပ်မှပြတ်မှာ၊ ပြတ်တာကတော့ ပြတ်ပါတယ်။ ဒါလည်း တရားသဘောပဲ။

ငယ် ပြတ်မယ်ဆို အားရှိစရာပေါ့။

နန်း ဒါပေါ့။ ဒါ... သာသနာအတွင်းပဲ။

ငယ် ဝမ်းသာပါတယ်ဗျာ။ မရှင်းတာရှိလျှင်တော့ မေးဦးမယ်။

နန်း မေး... ။

ငယ် ဒါနဲ့... နေပါဦး။ သိချင်လို့ပါ။ ခင်ဗျားက အရိယာလား?။

နန်း ကျွန်တော်က အရိယာ အကြောင်းပြောနိုင်သူ?။

ငယ် ဘာကြောင့် ပြောနိုင်ရတာလဲ။

နန်း ဆရာ သင်ထားလို့?။

ငယ် ခင်ဗျားက ရေရေလည်လည် သိရဲ့လား။

နန်း သိတယ်။

ငယ် ကောင်းတယ်ဗျာ... ကောင်းတယ်။

နန်း ကောင်းဗျာ... ။

ငယ် ဒါနဲ့ နေပါဦး... ။ ဖြစ်ပျက်ဆုံးတော့ ဘာရှိတယ်။

နန်း မဖြစ်မပျက်ရာရှိတာပေါ့။

ငယ် နိဗ္ဗာန်လား... ။

နန်း ဟုတ်တယ်။

ငယ် မဖြစ်မပျက်ရာ နိဗ္ဗာန်ပေါ့။

နန်း ဟုတ်တယ်။

ငယ် ညာဏ်ကသိတာနော်။

နန်း ဖိုလ်ညာဏ်က ထိုးထွင်းသိတာ။

ငယ် သိချင်လိုက်တာဗျာ။

နန်း အရိယာဖြစ်အောင်လုပ်ပေါ့။

ငယ် လုပ်တာတော့ ဟုတ်တယ်ဗျ။ ဒါပေမဲ့ မလွယ်ဘူး။

နန်း ယောကျ်ားပဲဗျာ။

ငယ် မိန်းမရော... ?။

နန်း သာသနာတော်အတွင်းပဲ၊ မိန်းမအာဏာနည်တွေပြည့်လို့။

ငယ် ဒီနေရာမှာ ကျား-မ မခွဲပါဘူးနော်။

အောင်စာပေ

နန်း ဘိကျွူနီမတွေ အများကြီးပဲ။

ငယ် ဟုတ်ပါပြီလေ။၊ ကိစ္စပြီးဖို့ပဲ အရေးကြီးပါတယ်။ ဒါမှမဟုတ် အရိယာ ဖြစ်ပေါ့။။

နန်း အလုပ်လုပ်လျှင် ဖြစ်ပါတယ်။ ဘုရားသာ ကန်လန့်မတိုက်နဲ့။

ငယ် မတိုက်ရဲပါဘူးဗျာ။

နန်း ဒါဆို ကြိုးစားတော့။

ငယ် တကယ်လား... ။

နန်း တကယ်... ။

ငယ် ကောင်းပြီ စိန်လိုက်... ။

နန်း စိန်ပါ... သာဓုခေါ်မယ်ဗျာ။

သာဓု... သာဓု... သာဓု

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၃၅)

အရိယာနှင့် နိဗ္ဗာန်

ငယ် ကိုနန်းအောင်... ခင်ဗျားတရားကို မချိုနဲ့နော်။

နန်း မချိုပါဘူးဗျာ။

ငယ် ကျွန်တော် ခင်ဗျားကို မယုံဘူး။

နန်း ဘာကိုမယုံတာလဲ။

ငယ် ခင်ဗျား အရိယာဖြစ်ရမယ်။

နန်း သြော်... ခင်ဗျားကို ပုဂ္ဂိုလ်ရေး ပြောတယ်လို့ စွပ်စွဲလိုက်မယ်။ ဓမ္မရေး ပြောပါလို့ဆိုနေ... ။

ငယ် မဟုတ်ဘူး။ ကျွန်တော် ခင်ဗျားကို သံသယဖြစ်နေလို့ ခင်ဗျား အရိယာ ဖြစ်ကြောင်း ဖွင့်မပြောဘူး။

နန်း ကိုချစ်ငယ် ကျွန်တော် တရားအားထုတ်တာ ကြားဖို့မဟုတ်ဘူး။ ကျွန်တော့်ဖာသာ ချမ်းသာချင်လို့။

ငယ် ဒါပေမယ့် ခင်ဗျားဖွင့်ပြောဖို့ကောင်းတယ်။

နန်း ခက်ပြီ။ ကျွန်တော် ပြောထားမယ်။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပိုပြောတဲ့ အလေ့အထမရှိဘူး။

ငယ် ဒါပေမဲ့ ကျွန်တော်က ခင်ဗျားကို ပြောစေချင်တယ်။ ဒါဆို ကျွန်တော် ပိုအားရှိသွားမှာ... ။

နန်း ခင်ဗျားအားရှိဖို့ထက် ကျွန်တော် အမှန်ပြောဖို့က ပိုအရေးကြီးပါတယ်။ နောက်ပြီး ခင်ဗျားကိုယ်တိုင်လည်း အမှန်ကြားသိရတဲ့အပေါ် အားရှိရမှာပေါ့။ ကိုယ်ကြားချင်တာတွေ လျှောက်ပြောခိုင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ။

ငယ် ကဲ... ရှိစေတော့၊ ရှိစေတော့။

နန်း အဲဒီလိုလုပ်စမ်းပါ။

ငယ် တစ်ခုပြောမယ်။

နန်း ပြော... ။

ငယ် နိဗ္ဗာန်မျက်မှောက်ပြုကော့ ရုပ်နာမ်ချုပ်တယ်လည်း ပြောတယ်။ ရုပ်နာမ်ကြီးက ငုတ်တုတ်တရားအားထုပ်နေကယ်။ အဲဒါ ဘယ်လိုလဲ...း ?။

နန်း တရားအားထုတ်သူရဲ့ဉာဏ်မှာ သူ့ရဲ့ရုပ်နာမ်အပေါ်ထားရှိတဲ့ စိတ္တာသခ်ိဳရတွေ ကိုယ့်အဆင့်နဲ့ လိုက်လျောညီထွေပြုတ်သွားတာပေါ့။ မျက်မှောက်ပြုတာ နိဗ္ဗာန်ဆိုတော့ ရုပ်နာမ်အပေါ် မျက်ကွယ်ပြုတာပေါ့။ ပိုင်းခြားထားတယ်လေ။

ငယ် တရားအားထုတ်နေတဲ့ ခန္ဓာကိုယ်ကြီးကတော့ ငုတ်တုတ်က ငုတ်တုတ်ပဲပေါ့။

နန်း ဒါပဲပေါ့... ။ အပြီးအပိုင်ရဟန္တာဖြစ်ပြီး ခန္ဓာဝန် စွန့်တော်မူမှ ခန္ဓာဇာတ်သိမ်းတာပေါ့။ အသက်ရှင်စဉ်မှာတော့ နိဗ္ဗာန်မျက်မှောက်ပြုစဉ် ခန္ဓာနဲ့သုံးဆယ့်တစ်ဘုံကို မျက်ကွယ်ပြုတာပေါ့။ သူ့အဖို့ချုပ်နေတောပေါ့။

ငယ် ဘယ်သူလဲ။

နန်း အဲဒီတရားအားထုတ်သူရဲ့ ဉာဏ်မှာပေါ့။

ငယ် ဉာဏ်က ငါသူမဟုတ်ဘူးနော်။

နန်း ဉာဏ်က ခန္ဓာစွမ်းအင်ပဲ။ ငါသူ မရှိဘူး။

ငယ် နည်းနည်းတော့ နားလည်လာပြီ။

နန်း ခင်ဗျား စာဖတ်ပရိသတ်ကတော့ ခင်ဗျားကို ရယ်လိမ့်မယ်။

ငယ် ဘာဖြစ်လို့လဲ... ?။

နန်း ခင်ဗျားက အခုမှ နည်းနည်းနားလည်လာပြီဆိုလို့... ။

ငယ် ဟုတ်တယ်လေ၊ မှန်တာပြောတာ။

နန်း ကျွန်တော့်အယူအဆတော့ ခင်ဗျားရဲ့စာဖတ်ပရိသတ်က အစောကြီးကတည်းက အများကြီး နားလည်ပြီးသားလို့ထင်တယ်။

ငယ် နားလည်ကြပါစေလေ။ ပိုကောင်းတာပေါ့။ ဒါပေမဲ့ ကျွန်တော်ကတော့ ရေရေလည်လည်ရှိအောင် မေးရပေလိမ့်မယ်။ ဒါမှ ကျွန်တော့်လောက်နောက်ကျတဲ့ သူတွေလည်း နားရှင်းမှာ။

နန်း ခင်ဗျား ကျေနပ်လျှင် ပြီးတာပါပဲဗျာ။

ငယ် ကျေနပ်ပါတယ်။ ကျွန်တော်ဆိုလိုတာက ခင်ဗျားက အရိယာလို့ ဝန်မခံ

ပေမယ့် ပြောပြတာတွေက အရိယာလိုင်းဝင်နေလို့ပါ။

နန်း ဒါကတော့ ကျွန်တော်က ကျွန်တော့်ထက်သာတဲ့ အရိယာတွေရဲ့ ခံယူချက်နဲ့ အမြင်ကို တင်ပြနေတာ။

ငယ် ဒါဆို ဟုတ်ပြီ။ အရိယာတွေက နိဗ္ဗာန်ကို ခဏခဏမျက်မှောက်ပြုတတ်ကြတယ်လား... ။

နန်း ပြုတတ်ကြတယ်။

ငယ် ဘာဖြစ်လို့လဲ... ချမ်းသာလို့လား... ။

နန်း ဟုတ်တယ်... ၊ နိဗ္ဗာန်ချမ်းသာက မြင့်မြတ်တယ်။

ငယ် အရိယာတွေက အကျိုးရှိရာ လုပ်ဆောင်တဲ့ သဘောပေါ့နော်။

နန်း ဟုတ်တယ်။ ဆင်းရဲအောင်မလုပ်ဘူး။ ချမ်းသာအောင်လုပ်တယ်။ ချမ်းသာတယ်ဆိုတာ ရုပ်နာမ်ပိုင်းအဓိက မဟုတ်ဘူး။ ရုပ်နာမ်ကို ပယ်စွန့်ရာမှာ သိပြီးသား။ ချမ်းသာစစ် ချမ်းသာမှန်အတွက်သာ ဖြစ်တယ်။ ချမ်းသာအတုအယောင်အတွက် မဟုတ်ဘူး။

ငယ် ဟုတ်ပြီ... ၊ ဟုတ်ပြီ... ၊ နားရှင်းပြီ။

နန်း ကောင်းပါလိမ့်ဗျာ။ ခင်ဗျား နားရှင်းပါမှပဲ။

ငယ် ကျွန်တော်ကတော့ နားမရှင်း၊ ဘဝင်မကျလျှင် မေးရလိမ့်မယ်။

နန်း ဒါ... ခင်ဗျားရဲ့အခွင့်အရေးပဲ။

ငယ် အရိယာတွေက မမှားကြတော့ဘူးလား။

နန်း မမှားသင့်တာ မမှားကြတော့ဘူး။ အရိယာတွေမမှားအပ်တဲ့ အမှားမျိုးတွေ မမှားကြတော့ဘူး။

ငယ် ကောင်းလိုက်တာ... ။

နန်း အရိယာ လေးမျိုးရှိတယ်လေ။ ခင်ဗျားလည်း သိသားပဲ။ ကိုယ့်အဆင့်နဲ့ကိုယ် အမှားနည်းသွားကြတာပေါ့။

ငယ် ခင်ဗျားရော အမှန်လုပ်ဖို့ ကြိုးစားရသေးလား။

နန်း ဟာ... ကြိုးစားရတာပေါ့။ မကြိုးစားလို့ ဘယ်ဖြစ်မလဲ။

ငယ် သြော်... ဟုတ်ပါပြီ။ သိချင်လို့ပါ။

နန်း ကျွန်တော် သေသည်အထိ အမှန်လုပ်ဖို့ ကြိုးစားသွားမှာ။ ဘယ်တော့မှ ရပ်မှာလည်း မဟုတ်ဘူး။ ပြီးမှာလည်း မဟုတ်ဘူး။

ငယ် သြော်... ဟုတ်ပါပြီ။ စပ်စုတာပါ။ ခင်ဗျားနဲ့ ဆွေးနွေးရတာ ကြိုက်ပါတယ်။

နန်း ကြိုက်ရင် သာဓုခေါ်ဗျာ။

ငယ် သာဓု... သာဓု... သာဓု... ။

အောင်စာပေ

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၃၆)

အရိယာအကြောင်း

ဒေါင်စာပေ

ငယ် ကိုနန်းအောင်... အရိယာကို မြင်ရုံမျှနဲ့သိလား။

နန်း မသိနိုင်ဘူးဗျာ။

ငယ် ဘာဖြစ်လို့လဲ။

နန်း သူတို့က ဉာဏ်အရာပိုင်တာလေ... ။ ရုပ်နာမ်အနေအထားကတော့ ဘယ် သိပ်ကွာပုံမလဲ။ အရိယာဖြစ်လို့ အသားဖြူသွားတာမှ မဟုတ်တာ။ ရွှေ ရောင်ငွေရောင်ထွက်တာမှ မဟုတ်ဘဲ။ ဉာဏ်အရာပဲကောင်းကြတာလေ။

ငယ် ဥပတိဿကတော့ သိတယ်ဆို... ။

နန်း အဲဒါခန့်မှန်းတာပါ။ ထူးခြားတဲ့ သဘောပေါ့။ ခင်ဗျားတို့... ကျွန်တော် တို့လည်း ဥပတိဿလို အကဲခတ်နိုင်လို့လား။

ငယ် အင်း... ဒါတော့ ဟုတ်တယ်။ မြက်သစ်ပင်ကြည့်ပြီး မြေဩဇာသိတယ် ဆိုလို့ပါ။

နန်း စိတ်ဓာတ်အဆင့်အတန်း ခန့်မှန်းပေါ့ဗျာ... ။ တတ်အပ်တော့ ခင်ဗျားတို့ ကျွန်တော်တို့ ဘယ်သိမြင်နိုင်ပါ့မလဲ။

ငယ် ဒါလည်း ဟုတ်တယ်နော်။

နန်း ပြောဆိုကြည့်ခွင့်ရလျှင်တော့ နည်းနည်းပါးပါး အနိုးတိတ်ခန့်မှန်းနိုင်မှာ ပေါ့။ အနည်းဆုံး မဖြစ်လျှင် သိသာနိုင်တယ်။ ဖြစ်လျှင်တော့ မလွယ်ဘူး ထင်တယ်။

ငယ် မဖြစ်လျှင်တော့ သိတယ်လား။

နန်း အင်းလေ... အရိယာတွေ မှားလေ၊ ကျူးလွန်လေ့ မရှိတဲ့ အမှားမျိုးကို ကျူးလွန်နေလျှင်တော့ သိသာတာပေါ့ဗျာ။ အထူးသဖြင့် ရတနာမြတ် သုံးပါးအပေါ်ပေါ့။

ငယ် ဟုတ်တယ်နော်... ။ တချို့က မြတ်စွာဘုရားကိုတောင် ပြစ်မှားစော်ကား ကြတယ်။

နန်း အဲဒါ ပြောတာပေါ့။ ဒါမျိုးအမှားက အရိယာတွေ ဘယ်မှားမလဲ။ ငါ တစ် ကော ကောသမားတွေ သူတို့က ဘုရားကိုအပြစ်မြင်တဲ့ ပညာရှင်တွေ

ပေါ့လေ။

ငယ် ထွတ်တရီး၊ ဘုရားထက်ပိုတော်တယ်... ။ အဓိပ္ပာယ်မရှိ... ။

နန်း အဲဒါ ဆုံးဖြတ်လို့ရတဲ့ အချက်အလက်ပေါ့။

ငယ် ဟုတ်ပြီ... ၊ နားလည်ပြီ... ၊ ဒါနဲ့ နေပါဦး။ ခင်ဗျား ကျွန်တော့်ကို အရိယာ လို့မထင်ပါဘူးနော်။

နန်း ကိုချစ်ငယ်ကလည်းဗျာ... ။ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ်ပဲ အမှန်သိ အောင် ကြိုးစားတာ။

ငယ် ဟုတ်ပါပြီလေ... ၊ ကျွန်တော်က စကားအဖြစ် ရယ်စရာမေးတာပါ။

နန်း ကျွန်တော် သိသလောက် ခင်ဗျားမေးလျှင် ကြိုးစားဖြေတယ်။ ဒါပါပဲ။

ငယ် ဟုတ်ပါပြီ။ ကျွန်တော်က ခင်ဗျာ.... ကျွန်တော့်ကို ယောင်လို့မှားလို့မျှား ထင်သွားသလားလို့ပါ။

နန်း ဟင်း... ဟင်း... (ကိုနန်းအောင် ရယ်နေသည်)

ငယ် ကျွန်တော် ခင်ဗျားကို အထင်မှားတာ အထင်လွဲတာရှိခဲ့လျှင် ခွင့်လွှတ်ပါ ဗျာ။

နန်း မလိုပါဘူး။ ခင်ဗျားထင်တိုင်းလည်း ကျွန်တော် ဖြစ်တာမှ မဟုတ်တာ။ ကျွန်တော့်အဖြစ်က ခင်ဗျားအထင်မှ သီးခြားကင်းလွတ်နိုင်ခွင့် ရှိတယ်။ ဘာမှ တောင်းပန်နေစရာမလိုဘူး။

ငယ် ဟုတ်ပါပြီလေ။ ကျွန်တော်က အခြေအနေတွေကို ကျေနပ်နေလို့ပါ။

နန်း ဘာတွေကိုလဲ... ။

ငယ် ခင်ဗျားနဲ့ စကားပြောရတာ။

နန်း ကျွန်တော်လည်း ခင်ဗျားနဲ့ ပြောရဆိုရတာ ကြိုက်တယ်။

ငယ် ကောင်းပါလေ့ဗျာ။ ဒါနဲ့ ခင်ဗျား ဒီဘဝ ဘာမှန်းထားလဲ။

နန်း မသေမချင်း၊ အလုပ်လုပ်မယ်လို့ မှန်းထားတယ်။

ငယ် အရိယာလေး ဘာလေးကော မမှန်းဘူးလား။

နန်း ကျွန်တော်မှန်းဖို့ထက် အလုပ်လုပ်ဖို့ပဲ စိတ်ဝင်စားတယ်။ အလုပ်လုပ်မှ

ဖြစ်မှာ... ။ မှန်းရုံမျှနဲ့ မဖြစ်ဘူး။

ငယ် ဟုတ်ပါပြီလေ။ ကျွန်တော်လည်း လုပ်နိုင်သမျှ လုပ်မှာပါ။

နှန်း ဝမ်းသာပါတယ်။

ငယ် ခင်ဗျားတရားအားထုတ်ရတာ ကြိုက်လား။

နှန်း ကြိုက်တာပေါ့ဗျာ... ။ ဒါပေမဲ့ တရားအားထုတ်တိုင်း ကောင်းရမယ်လို့ မမျှော်လင့်ရဲဘူး။

ငယ် ဘာဖြစ်လို့လဲ... ။

နှန်း တစ်ခါတစ်ခါ လောကဓံနှောင့်လျှင် တရားအားထုတ်ဖို့ စိတ်ကြိုက်မတွေ့ဘူး။

ငယ် ဩော်... ခင်ဗျားတောင် ဒီလိုဖြစ်တာကိုး။

နှန်း ဟာ... ဖြစ်တာပေါ့ဗျာ။ တစ်ခါတလေတော့လည်း ကောင်းပါတယ်ဗျာ။ တော်တော်ကို ကောင်းပါတယ်။ အဲဒီလိုလည်း အမြဲတမ်းကောင်းချင်ပါတယ်။ ဒါပေမဲ့ ရုပ်နာမ်နဲ့လောကဓံက မလွယ်လှဘူး။

ငယ် ဟုတ်မှာပေါ့လေ... ။ ခင်ဗျားတို့လို ဝါရင့်သမားတွေတောင် မလွယ်ဘူးဆိုတော့။

နှန်း ဒါကြောင့် အခွင့်သင့်တဲ့အခါ ကြိုးစားရတာပေါ့ဗျာ။ အပြတ်အသတ်ပဲ ဖြစ်ဖြစ် ကြိုးစားရတာပေါ့။

ငယ် သာဓုခေါ်ပါတယ်ဗျာ။

သာဓု... သာဓု... သာဓု... ။

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၇၈)

တရားအားထုတ်ကောင်းရန်

ငယ် ကိုနန်းအောင်... ခင်ဗျားတရားအားထုတ်လို့ကောင်းတဲ့အခါ ဘယ်လို နေလဲဟင်... ?။

နန်း ဝမ်းသာတာပေါ့ဗျာ။ ပျော်တာပေါ့... ။ ကျေနပ်နေတာပေါ့။ ကိုယ့်လုပ်ရပ် ကိုယ့်အဖြစ်အတွက်လည်း ဂုဏ်ယူတာပေါ့။ ဒီလိုအချိန်မှာ တစ်ပါးသူကို နားလည်းလည်တယ်။ ခွင့်လည်း လွှတ်တယ်။ လောကကြီးအပေါ် သဘောလည်းကောင်းမိတယ်။ ကိုယ်တိုင်က ကျေနပ်နေမိတာကိုး။

ငယ် ဩော်... အဲဒီလိုလား။ ကျွန်တော်လည်း ကြိုက်မိမှာပဲ။

နန်း ဒီအခါမှ သာသနာ ဆရာ အစစအရာရာကို ကျေးဇူးတင်လို့ မဆုံးဘူး။ လိမ္မာပြချင်စိတ်တွေလည်း တဖိတ်ဖိတ်တက်လာတယ်။ အကျေနပ်ကြီး ကျေနပ်မိတယ် ဆိုပါတော့ဗျာ။

ငယ် ကောင်းလိုက်တာနော်... ။

နန်း ကျွန်တော် အဲဒီလိုအချိန်မှာ စိတ်ကောင်းဝင်တယ်။ ပတ်ဝန်းကျင်ကို အပြစ်မရှာချင်ဘူး။ အပြစ်လို့လည်း မမြင်ဘူး။ ကိုယ့်ဟာနဲ့ကိုယ် ဟုတ်နေတာပဲ။ လောကကြီးကို ကျေးဇူးဆပ်ချင်သလို ဘာလိုလို ခံစားမိတယ်။

ငယ် ဩော်... အင်း... (ခေါင်းညိတ်သည်)

ခဏကြာမှ...

ဒါဖြင့် တရားအားထုတ်လို့ မကောင်းတဲ့အခါကျတော့ရော... ?။

နန်း အဲဒီအခါကျတော့ မှုန်မှုန်မှိုင်းမှိုင်း ထုံထုံထိုင်းထိုင်းနဲ့ လောကကြီးကို မကျေနပ်သလိုလို တစ်စုံတစ်ခုကို နောင်တရမိသလိုလို မကြည်မလင်နဲ့ မရွှင်ပြဘူးပေါ့ဗျာ။

ငယ် အင်း... (သက်ပြင်းချသံကဲ့သို့ လေပူမှုတ်ထုတ်သည်။)

ခင်ဗျားလည်း ဒါမျိုးရှိတာပဲနော်။

နန်း ဟာ... ရှိတာပေါ့ဗျာ။ အမြဲတမ်း ဘယ်ကောင်းနိုင်ပါ့မလဲ။ မျှော်လည်း မမျှော်မှန်းအပ်ပါဘူး။

ငယ် ဟုတ်ပါပြီလေ၊ မေးကြည့်တာပါ။

နန်း တစ်ခါတစ်ခါကတော့လည်း ဘာကြောင့်ကောင်းရတယ်။ ဘာကြောင့် ဆိုးရတယ်ဆိုတာ သိတယ်ဗျ။ ဒါပေမဲ့ အဆိုးမဖြစ်ဘူးဘဲတော့ မရှိဘူး။ ဖြစ်ဖူးတာပဲ။

ငယ် ကြိုရှောင်လို့မရတာတွေ ရှိတာပေါ့။

နန်း ဖြစ်လာတော့မှ ပိုပီပီပြင်ပြင် သိရတာဆိုတော့ ကြိုတင်ရှောင်လို့ မရတော့ ဘူးပေါ့ဗျာ။ လွန်သွားပြီကိုး။

ငယ် သြော်... ဒီလိုလား။

နန်း ကျွန်တော်ကတော့ တရားထိုင်လို့ ကောင်းချင်တာပါပဲဗျာ။ တရားထိုင် လို့ကောင်းလျှင် ကျွန်တော့်ဘဝ ပြည့်စုံတာပါပဲ။ အခြားဘာမှမလိုပါဘူး။ စွန့်နိုင်ပါတယ်။

ငယ် တရားထိုင်လို့ ကောင်းပါစေလို့ ကျွန်တော် ဆုတောင်းပေးပါမယ်ဗျာ။ ခင်ဗျားဘဝမှာ တရားထိုင်လို့ ကောင်းဖို့မှအပ အခြားအာရုံမလိုအပ်ဘူး ဆိုတာ ကျွန်တော် နားလည်ပါတယ်။

နန်း ကျွန်တော့်အဖို့တော့ လောကကြီးမှာ တရားထိုင်လို့ကောင်းလျှင် ပွဲပြီး တာပါပဲဗျာ။ ဒါ... လိုရင်းပါပဲ။

ငယ် ဟုတ်ပါပေတယ်ဗျာ။ ကျွန်တော် နားလည်ယုံကြည်ပါတယ်။

နန်း ကိန်းခန်းဆိုတာ ရှိတယ်နဲ့တူတယ်ဗျ။ တရားထိုင်လို့ ကောင်းတဲ့အချိန်နဲ့ အခြေအနေတွေမှာ တရားထိုင်လို့ကောင်းတယ်။ တရားထိုင်လို့မကောင်း တဲ့အချိန်နဲ့ အခြေအနေတွေမှာ တရားထိုင်လို့ မကောင်းဘူး။ ဒီတော့... ဒါ ကိန်းခန်းပဲ ဖြစ်မယ်ထင်တယ်။

ငယ် ကြိုးစားနေကြရသေးတဲ့ ပုဂ္ဂိုလ်အမျိုးအစားတွေပဲဗျ။ ဒီလိုပဲ ရှိမှာပေါ့။

နန်း ဒါတွေကြောင့် တရားထိုင်လို့ကောင်းတဲ့ အခြေအနေတွေကို ဖြစ်ပေါ် စေတဲ့အရာအားလုံးကို ကျွန်တော် ကျေးဇူးတင်မိပါတယ်ဗျာ။ လိုက်လိုက် လဲလဲပါပဲ။

ငယ် အဲဒီလောကကြီးကို ကျေးဇူးတင်တယ်ပေါ့လေ။

နန်း ဟုတ်ပါတယ်... ။

ငယ် ဩော်... ခင်ဗျားကတော့ တရားသမားဆိုတော့ လောကကြီးကို ကျွး
ရူးတင်ဖို့ပဲ။ အားသန်နေရှာတာကိုး။ သာဓုခေါ်ရပေမှာပေါ့ဗျာ။

နန်း ကျွန်တော့်ဆန္ဒကလည်း တရားထိုင်လို့ ကောင်းချင်တာကိုးဗျ။ ဒါ...
ကျွန်တော့်ရဲ့ရိုးသားမှုန်ကန်တဲ့ဆန္ဒပါ။

ငယ် ကိုနန်းအောင်... တရားထိုင်လို့ ကောင်းပါစေဗျာ။
သာဓု... သာဓု... သာဓု...

ကိုနန်းဒေအောင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၃၈)

မေတ္တာပို့ချခြင်းနှင့် ဒေါင်မြင်သောဘဝ

ငယ် ကိုနန်းအောင်... ခင်ဗျား တရားထိုင်တော့ မေတ္တာပို့တဲ့အခါ ဘယ်လိုပို့လဲ။

နန်း ပုဂ္ဂိုလ်ဆယ့်နှစ်ပါး၊ တုလေးတု၊ အရပ်ဆယ်မျက်နှာပေါ့။

ငယ် အင်း... အင်း... အဲဒါသိတယ်။ အမျှဝေတော့ရော... ။

နန်း ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ကုသိုလ်ရကြပါစေ... အမျှဝေပါသည်ပေါ့။

ငယ် ရပ့ါမလား။

နန်း ဒါတော့... ကိုယ်ပို့တာ ကိုယ်ပို့တာပဲ။

ငယ် သြော်... ဒီလိုယူရတာလား။ ဒါနဲ့ မေးရဦးမယ်။ ခင်ဗျား မေတ္တာကိုယုံကြည်ရဲ့လား။

နန်း ယုံကြည်တာပေါ့။

ငယ် ခင်ဗျားမေတ္တာ တစ်ဖက်သားဆီရောက်နိုင်ပါ့မလား။

နန်း သူခံယူလျှင် ရောက်နိုင်ပါတယ်။

ငယ် ခံယူတဲ့လူကလည်း လိုသေးတာပေါ့နော်။

နန်း လိုတာပေါ့... ။ တပည့်ကခံယူမှ ဆရာ့ပညာ တည်တာပေါ့။ မခံယူလျှင် ဆရာ့တာဝန် မဟုတ်ပေဘူး။

ငယ် ခင်ဗျား သက်သတ်လွတ်မစားဘူးလား။

နန်း အခု မစားပါဘူး။

ငယ် ဘာလို့လဲ... ။

နန်း ဆရာက သက်သတ်လွတ်စားမှ နိဗ္ဗာန်ရောက်မယ်လို့ မမှာခဲ့လို့။

ငယ် ဘာမှာခဲ့လဲ။

နန်း ကိုယ်သိလို့ ပညာလက်ဆင့်ကမ်းရလျှင် အပိုပဏ္ဏာမယူနဲ့လို့ မှာတယ်။

ငယ် သြော်... အခြားဘာတွေမှာသေးလဲ။

နန်း အဓိကအားဖြင့် သံသရာထွက်မြောက်ဖို့မှအပ အခြားအာရုံမစိုက်ဖို့ မှာတယ်။

ငယ် သြော်... တကယ့်သူတော်ကောင်း သူတော်မြတ်ကြီးပဲနော်။ ကျွန်တော်

ခင်ဗျားဘဝကို အားကျဂုဏ်ယူမိပါတယ်ဗျာ။

နန်း ကျေးဇူးတင်ပါတယ်ဗျာ။

ငယ် ခင်ဗျား... သံသရာမလည်ချင်တော့ဘူးလား။

နန်း မလည်ချင်တော့ဘူး။

ငယ် ဆုထူးတွေ ဘာတွေ မပန်ဘူးလား။

နန်း မပန်ဘူး။

ငယ် ခင်ဗျား မသေခင် ဘာလုပ်သွားချင်သေးလဲ။

နန်း သိတာတွေ ပြောသွားချင်တယ်။

ငယ် ကျွန်တော် ကူညီပါ့မယ်။

နန်း ကျေးဇူးတင်ပါတယ်။

ငယ် ခင်ဗျားဘဝကို ခင်ဗျားဘယ်လိုမြင်လဲ။

နန်း အောင်မြင်တယ်လို့ မြင်တယ်။

ငယ် ဘာလို့လဲ။

နန်း ဆရာကောင်း ဆရာမြတ်နဲ့ တွေ့ရလို့ပေါ့။

ငယ် ဒါဆို ခင်ဗျားလိုချင်တာက ပြီးပြီပေါ့။

နန်း ဆရာ့ဆီက ကျွန်တော်လိုချင်တာတွေပြီးပြီ။ ကျွန်တော် လုပ်ဖို့ပဲ ကျန်တော့တယ်။ ဒါ ကျွန်တော့်တာဝန်ပဲ။

ငယ် ခင်ဗျား တပည့်မမွေးဘူးလား။

နန်း ပုဂ္ဂိုလ်စွဲမထားပါဘူး။ လိုက်ချင်တဲ့သူလိုက်ပေါ့။

ငယ် ပညာလက်ဆင့်ကမ်းဖို့လေ။

နန်း ရှိသလောက်တော့ ပေးမှာပဲ။ လိုက်ချင်တဲ့သူလိုက်ပေါ့။

ငယ် လောကကြီးကို ခင်ဗျား ဘာပြောချင်လဲ။

နန်း ဘုရား... တရား... သံဃာ ကို ကိုးကွယ်ပါလို့... ။

ငယ် မသေမီ ခင်ဗျားရဲ့အမြင့်ဆုံးသော မှန်းထားချက်အဆင့်ကရော... ။

နန်း ဆရာ့အကျေနပ်ခံရတဲ့ဘဝပိုင်ရှင်။

အောင်စာပေ

ငယ် ခင်ဗျားရဲ့အကျေနပ်ဆုံး အနှစ်ခြိုက်ဆုံးသော အသံက... ။

နန်း သူတော်ကောင်းများရဲ့ သာဓုခေါ်သံ... ။

ငယ် ခင်ဗျား ဂုဏ်ယူချင်တာက... ။

နန်း 'သံသရာစက်ရဟတ်ဖြတ်နိုင်တဲ့ ဉာဏ်ရပြီဟော့'ဆိုတဲ့ ကြွေးကြော်နိုင်မှု။

ငယ် ကျွန်တော် သာဓုခေါ်ပါတယ်ဗျာ။

သာဓု... သာဓု... သာဓု...

အောင်စာပေ

ကိုနန်းဒေါင်

နှင့်

ဦးချစ်ငယ်

တို့၏

ဆွေးနွေးခန်း (၃၉)

နိဂုံးချုပ်ပါဖြို

အောင်စာပေ

၁၉၆

ချစ်ငယ်(ဒဿန)

ငယ် + နှန်း (ပြိုင်တူ)

နိဂုံးချုပ်ပါပြီ။

သာဓု... သာဓု... သာဓု....

အောင်စာပေ

- နိဗ္ဗာန်
- ရဟန္တာ
- အရိယာတို့၏ သဘောသဘာဝများကို

စစ်မှန်သော ဝိပဿနာ ကျင့်စဉ်များနှင့်
အတူ ရှင်းလင်းတိကျစွာ ရေးသားဖော်ပြ
ထားပါသည်။